actionaid · BBC Media Action · MEI · Plan International · UN-HABITAT · World Vision

BRACED Myanmar Alliance

# ရပ်ရွာလူထု၏ ဘေးအန္တရာယ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု လက်စွဲ

ဤစာအုပ်ကိုရပ်ရွာဘေးအန္တရာယ်ခံနိုင်စွမ်း ဆန်းစစ်လေ့လာချက် နှင့် BRACED အတွင်း အစီအစဉ်ရေးဆွဲခြင်းတို့ ဆောင်ရွက်ရာတွင် ကွင်းဆင်းအဖွဲ့များအတွက် ပြုစုထားခြင်းဖြစ်သည်။



BRACED · UKaid

BRACED Myanmar Alliance

# ရပ်ရွာအခြေပြု ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူခြင်း
# နှင့်
# လုပ်ငန်းဆောင်ရွက်မှုလက်စွဲ

ဤစာအုပ်ကို ရပ်ရွာဘေးဒဏ်ခံနိုင်စွမ်း ဆန်းစစ်လေ့လာချက် နှင့် BRACED အတွင်း
အစီအစဉ်ရေးဆွဲခြင်းတို့ ဆောင်ရွက်ရာတွင် ကွင်းဆင်းအဖွဲ့များအတွက် ပြုစုထားခြင်းဖြစ်သည်။

# မာတိကာ


၁။ လက်စွဲစာအုပ်မိတ်ဆက် ၃

၂။ မြန်မာ့ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု လက်စွဲ ၄

၃။ **BRACED** မိတ်ဖက်အဖွဲ့၏ ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်း အကောင်အထည်ဖော်ဆောင်မှု စက်ဝန်း ၆

၄။ လူထု၏ ဘေးဒဏ်ခံနိုင်စွမ်းရည်ဆိုင်ရာ လေ့လာဆန်းစစ်ချက် မေးခွန်းများ ၁၉

၅။ ပြန်လည်သုံးသပ်ထားသော အကိုးအကားများနှင့် ရင်းမြစ်များ ၂၂


## နောက်ဆက်တွဲများ။ ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်စွမ်းစက်ဝန်းကို လုပ်ဆောင်ရန်အတွက် အသုံးပြုသော နည်းနာပုံစံများနှင့် လမ်းညွှန်ချက်များ


ပုံစံ ၁။ ဘေးအန္တရာယ်အတွက် အသင့်ပြင်ထားသော ရပ်ရွာလူထု၏အကဲဖြတ်ပုံစံ ၂၅

ပုံစံ ၂။ ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူခြင်းနှင့် ခွဲခြား သုံးသပ်ခြင်း ၃၄

ပုံစံ ၃။ အရင်းအမြစ်၊ လူမှုရေးဆိုင်ရာ ဘေးအန္တရာယ်များနှင့် ထိခိုက်လွယ်မှုပြ မြေပုံများ ၃၆

ပုံစံ ၄။ ရပ်ရွာအတွင်း ဖြတ်သန်းလမ်းလျှောက်ခြင်း ၃၈

ပုံစံ ၅။ ဘေးအန္တရာယ်များကို အဆင့်ခွဲခြင်း ၃၉

ပုံစံ ၆။ ရာသီခွင်ပြ ပြက္ခဒိန် ၄၀

ပုံစံ ၇။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ခွဲခြားသုံးသပ်ခြင်း ၄၂

ပုံစံ ၈။ ရပ်ရွာအတွင်း အဖွဲ့အစည်းများ ပေါင်းစပ်ယှက်နွယ်မှုပြပုံ ၄၃

ပုံစံ ၉။ ကွဲပြားစေသည့်အရာများနှင့် ဆက်သွယ်ပေးသည့်အရာများ ၄၄

ပုံစံ ၁၀။ ကလေးသူငယ်များ၏ လိုအပ်ချက်များနှင့် အခွင့်အရေးများအပေါ် သက်ရောက်မှုများ
(ကလေးသူငယ်များ သို့မဟုတ် ဂရုစိုက်မှုပေးသူများအတွက် နည်းနာ) ၄၆

ပုံစံ ၁၁။ ကျား၊မ ရေးရာ ကွန်ယက်ပြပုံ ၄၉

ပုံစံ ၁၂။ စွမ်းဆောင်ရည်ကို ခွဲခြားသုံးသပ်ခြင်း – ရပ်ရွာလူထုနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ ၅၀

ပုံစံ ၁၃။ သတင်းအချက်လက်နှင့် အသိပညာပေးမှုများကို ရရှိနိုင်မှု ၅၁

ပုံစံ ၁၄။ ဘေးဒဏ်ခံနိုင်ရန် လုပ်ဆောင်ရမည်များကို ဦးစားပေးအဆင့် သတ်မှတ်သည့် နည်းနာပုံစံများ ၅၂

ပုံစံ ၁၅။ ပတ်ဝန်းကျင်အခြေအနေကို စစ်ဆေးခြင်း ၅၆

ပုံစံ ၁၆။ ပဋိပက္ခကို စစ်ဆေးခြင်း ၅၈

ပုံစံ ၁၇။ ကျား၊မ ရေးရာ စစ်ဆေးခြင်း ၆၃

အဆင့် ၃နှင့် ၄အတွက် နည်းနာပုံစံများ ၊ ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်းအတွက် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ် နမူနာ ၆၄



# ကျေးဇူးတင်လွှာ

ဤ လက်စွဲစာအုပ်သည် ရပ်ရွာလူထု ဘေးအန္တရာယ်နှင့် ရာသီဥတုဘေးဖြစ်နိုင်ချေစစ်တမ်းကောက်ယူမှု မူဘောင်အား (၁၅) လကြာ သုံးသပ် လေ့လာမှု၏ ရလဒ်ဖြစ်ပြီး ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ချေလျှော့ချခြင်းနှင့်လိုက်လျောညီထွေဖြစ်အောင် နေထိုင်နည်းများ၊ မြန်မာနိုင်ငံ၏ အခြေအနေတို့နှင့် သဟဇာတဖြစ်ရန် ပြုလုပ်ခြင်းတို့ပါဝင်သည်။ BRACED ၏ ဘေးဒဏ်ခံနိုင်စွမ်း ပုံစံကို BRACED မြန်မာမိတ်ဖက်အဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးယူနစ်(ACU ) မှ BRACED မိတ်ဖက်အဖွဲ့ ပေါင်းစပ်ညှိနှိုင်းရေးမှူး Jeremy Stone, နှင့် BRACED ( M&E ) မန်နေဂျာ Bhushan Shrestha တို့မှ ဦးဆောင်ခဲ့ပါသည်။ ဤနောက်ဆုံးထွက်ရှိလာသော လက်စွဲစာအုပ်ကို ဥတုရာသီ ပြောင်းလဲမှု နှင့် သဟဇာတ ပြုခြင်းနှင့် ဘေးဒဏ်ခံနိုင်စွမ်း မြှင့်တင်ရေးဆိုင်ရာ အတိုင်ပင်ခံ JulieWebb မှပြင်ဆင်ပေးခဲ့ပါသည်။

ဤစာအုပ်သည် မြန်မာ့ရပ်ရွာ လူထု ဘေးဒဏ် ခံနိုင်စွမ်းတိုးမြှင့်ရေးအဖွဲ့ MCCR နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းမှလည်းကောင်း ၊ အများပူးပေါင်း ပါဝင်သော ရပ်ရွာ လူထု ဘေးဖြစ်နိုင်ချေဆန်းစစ်လေ့လာခြင်း လုပ်ငန်းစဉ်မှလည်းကောင်း ရရှိသော အကျိုးရလဒ်ဖြစ်သည်။ MCCR နှင့် BRACEDသည် ရပ်ရွာလူထုဘေးဒဏ်ခံနိုင်စွမ်းကိုဆန်းစစ်လေ့လာရာတွင် တူညီသည့်နည်းလမ်းများကို တွေ့ရှိခဲ့ပြီး ဤစာအုပ်သည် (ICRA) Inclusive community Risk Accessment မှ နည်းကရိယာများကို အသုံးပြုရန်အတွက် လမ်းညွှန်ချက် အများစုကို အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ACU အနေဖြင့် BRACEDလုပ်ဖော်ကိုင်ဖက်များအားလုံးကို သူတို့၏ ပါဝင်နိုင်မှုများ၊ ဘေးဒဏ်ခံနိုင်စွမ်းစက်ဝန်းလက်စွဲစာအုပ်အတွက် သုံးသပ်မှု၊ အကြံပြုချက်များ ပေးခဲ့ခြင်းတို့အတွက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

လုပ်ငန်းစဉ်ကို ActionAid၊ World Vision နှင့် Plan - International တို့ ကွင်းဆင်းစမ်းသပ်မှု ပြုလုပ်ခဲ့ပြီး BRACED လုပ်ဖော်ကိုင်ဖက်အားလုံးအပါအဝင် Plan UK အကြံပေး Gloria Dontae နှင့် Moira Simpson တို့မှ အသေးစိတ် သုံးသပ်မှု ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့ အနေဖြင့် CDA learning collaborative မှ Josefine Roos ၏ ပဋိပက္ခမဖြစ်စေရန်ကြိုးကြပ်ပေးမှုနှင့် ပတ်သက်၍ နည်းပညာ ပံ့ပိုးပေးမှုအတွက် ကျေးဇူးတင်ပါသည်။ Plan International DRR အကြံပေး Jacobo Ocharan နှင့် Caroline Zastiral-orchard အား ကလေးသူငယ်ဗဟိုပြုဘေးဒဏ်ခံနိုင်စွမ်းအစီအစဉ်တွင်နည်းပညာဆိုင်ရာအကြံပြုချက်များပေးသည့်တွက် ကျေးဇူတင်ရှိပြီး Action-aid အမျိုးသမီးစွမ်းဆောင်ရည်မြှင့်အဖွဲ့မှ Melanie Hilton အား ကျား/မရေးရာ သုံးသပ်မှုပေးသည့် အတွက် ကျေးဇူးတင်မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် Regional Integrated Multi Hazard Early Warning Systems အတွက် BRACED အား အန္တရာယ်အဆင်သင့် ရပ်ရွာလူထု စစ်တမ်းကောက်ယူမှု အတွက်အသုံးပြုရာတွင် ပံ့ပိုးကူညီခဲ့သည့်အတွက်ကျေးဇူးတင်ရှိပါသည်။

BRACED မိတ်ဖက်အဖွဲ့သည် မြန်မာနိုင်ငံဘေးအန္တရာယ်ထိခိုက်ခံရမှု လျှော့ချရေး လုပ်ငန်း ဆောင်ရွက်မှုများအား ဘေးဒဏ် ခံနိုင်စွမ်း ကဏ္ဍနှင့် နောက်ဆုံးစာအုပ် ထွက်ရှိသည်အထိ သုံးသပ်မှု ပေးခဲ့သော ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ချေ လျှော့ချရေး လုပ်ငန်းအဖွဲ့ဝင်များကိုလည်း ကျေးဇူးတင် မှတ်တမ်းတင်အပ်ပါသည်။



# ၁။ လက်စွဲစာအုပ်မိတ်ဆက်

Plan International၊ Actionaid၊ World Vision၊ Myanmar Environment Institute၊ BBC Media Action နှင့် UNHABITAT တို့သည် နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် BRACED မိတ်ဖက်အဖွဲ့ ဟုခေါ်တွင်သည့် ဘေးဒဏ်ခံနိုင်စွမ်းကိုတည်ဆောက်ခြင်း၊ ရာသီဥတုလွန်ကဲမှုများနှင့် သဟဇာတဖြစ်အောင် နေထိုင်ခြင်းနှင့် ဘေးအန္တရာယ် စီမံကိန်းများ အတွက် လုပ်ငန်းများအတူတကွ ဆောင်ရွက်လုပ်ကိုင်နေကြခြင်းဖြစ်သည်။

## BRACED Alliance ၏ယေဘုယျရည်မှန်းချက်

BRACED Alliance ၏ ယေဘုယျရည်မှန်းချက်သည် "ထိရောက်သည့်အဖွဲ့အစည်းတို့မှ ပံ့ပိုးထားသောအမျိုးသမီးများနှင့်ကလေးများဦးဆောင်သည့် ထိခိုက်လွယ်သည့်ရပ်ရွာလူထုသည် ဖော်ထုတ် လေ့လာထားပြီးသည့် ရာသီဥတုကြောင့်ဖြစ်သော ထိတ်လန့်တုန်လှုပ်ဖွယ်ရာများနှင့် ဘောကများကို ပိုမို၍ ခံနိုင်ရည်ရှိလာရန် ဖြစ်သည်။ အစီအစဉ်တွင် ယေဘုယျဦးတည်ချက် (၃) ခုရှိပြီး ၎င်း (၃)ခုမှ အောက်ပါတို့ကို ပြည့်မီအောင် ဆောင်ရွက်ရန်ဖြစ်သည်။

၁။ အမျိုးသမီး၊ ကလေးများ အဓိကပါဝင်သော ရပ်ရွာလူထုကို ရာသီဥတုကြောင့်ဖြစ်သော ထိတ်လန့်တုန်လှုပ်ဖွယ်ရာများနှင့် ဘောကများ၏ ဘေးဖြစ်နိုင်ချေကို လျော့နည်းစေရန်အတွက် ဗဟုသုတများနှင့် ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးထားသည်။

၂။ အဖွဲ့အစည်းများသည် ညှိနှိုင်း၊ တုံ့ပြန်၊ တာဝန်ခံယူခြင်းတို့အပြင် ရာသီဥတုဆိုင်ရာဘေးဖြစ်နိုင်ချေများတွင် အားလုံးပူးပေါင်းပါဝင်မှု ရှိကြသည်။

၃။ အထောက်အထားအခြေပြု ဆောင်ရွက်ချက်များကိုမြှင့်တင်ပြီး နိုင်ငံတကာ၊ ပြည်တွင်းနှင့် ခရိုင် မြို့နယ်အဆင့်များတွင် ဘေးဒဏ်ခံနိုင်စွမ်းနှင့် ဆက်စပ်သည့် မူဝါဒ မဟာဗျူဟာများကို အသိပေးရန်နှင့် ဩဇာလွှမ်းမိုးရန်အတွက် ရာသီဥတုလွန်ကဲမှုများကို စီမံခန့်ခွဲခြင်းဆိုင်ရာ လေ့လာသိရှိရမှုများကို ဖြန့်ဝေပေးရန် ဖြစ်သည်။

## ဤလက်စွဲစာအုပ်၏ရည်ရွယ်ချက်

ဤစာအုပ်ကို BRACED Alliance လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများမှ အတိမ်းအစောင်းမခံသော ရပ်ရွာလူထုဦးဆောင်သည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရေးသားပြုစုခြင်းဖြစ်ပါသည်။ ဤစာအုပ်ကို BRACED ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်စွမ်း စက်ဝန်း (စာမျက်နှာ ၁၀) နှင့် ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူခြင်း လမ်းညွှန်မေးခွန်းများ (နောက်ဆက်တွဲ၁) အပေါ် ပုံစံချ ပြုစုခဲ့ပါသည်။ ၎င်းက အကြံပြုထားသော နည်းကိရိယာများနှင့် ၎င်းနည်းကိရိယာများကို အသုံးပြုရန်အတွက် အသေးစိတ်လမ်းညွှန်ချက် ပေးထားခြင်း၊ လုပ်ငန်းစဉ်တစ်ခုချင်းစီအတွက် ပံ့ပိုးရန်တို့ပါဝင်သည်။ ၎င်းသည် ဖွဲ့စည်းထားပြီးဖြစ်သော နည်းကိရိယာများနှင့် နည်းလမ်းများအပေါ် အခြေပြု ရေးဆွဲထားပြီး မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီစေရန် ပြုပြင်ထားသော လမ်းညွှန်ချက်များကို ပံ့ပိုးပေးသည်။ ဤလက်စွဲစာအုပ်သည် ရပ်ရွာ၏ သတင်းအချက်အလက်များကို အထောက်အကူပြုရန်အတွက် သမိုင်းတွင်ဖြစ်ပျက်ခဲ့သော၊ လက်ရှိဖြစ်နေသော၊ နောင်လာလတ္တံ့သော ရာသီဥတုအချက်အလက်များကို အသုံးပြုရာတွင်လည်း လမ်းညွှန်မှုပေးပါသည်။ ထို့ပြင် ဘေးဒဏ်ခံနိုင်ရန် လုပ်ငန်းဆောင်တာများ စက်ဝန်းသည် ဘေးဒဏ်ခံနိုင်စွမ်းတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အန္တရာယ်ရှိသည့် အပြုအမူများ မပြုလုပ်စေရန် စစ်ဆေးပေးသည့် ဆောင်ရွက်ရန်စာရင်းအဖြစ်လည်း သတ်မှတ်နိုင်ပါသည်။ ဤစာအုပ်နှင့် တွဲဖက်ပါဝင်သော လမ်းညွှန်မှတ်စုများကို BRACED အစီအစဉ် လုပ်ငန်းဆောင်ရွက်စဉ်တစ်လျှောက်တွင် စမ်းသပ်ပြုလုပ်သွားမည်ဖြစ်သည်။ သို့မှသာ ဘေးဒဏ်ခံနိုင်စွမ်းဆောင်ရွက်သော စီမံချက်များ လုပ်ဆောင်ရာတွင် အခြားသော အကောင်အထည်ဖော်ဆောင်သူများက သုံးစွဲနိုင်မည်ဖြစ်ပါသည်။ နမူနာပြုလုပ်ခြင်းနှင့် ကွင်းဆင်းစမ်းသပ်ခြင်းတို့ ဆောင်ရွက်ရာမှ ရရှိလာသော အတွေ့အကြုံများဖြင့် ဤစာအုပ်ကို ပြန်လည်မွမ်းမံသွားမည် ဖြစ်သည်။

## ၂။ မြန်မာ့ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု လက်စွဲ

### ဤစာအုပ်၏ရည်ရွယ်ချက်

ဤရပ်ရွာလူထုဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူခြင်း မူဘောင်လက်စွဲသည် ကွင်းဆင်းဝန်ထမ်းများ၊ ဖွံ့ဖြိုးရေး ဦးဆောင်လှုပ်ရှားသူများ၊ ဒေသခံအစိုးရနှင့် ရပ်ရွာလူထုတို့မှ ဘေးဒဏ်ခံနိုင်စွမ်းကို မြှင့်တင်ရာတွင် တိကျသည့် လုပ်ငန်းဆောင်ရွက်မှုများကို ရွေးချယ်သတ်မှတ်နိုင်ရန်အလို့ငှာ ရပ်ရွာလူထုတစ်ရပ်၏ ဘေးဒဏ်ခံနိုင်စွမ်းကို ဆန်းစစ်ရန်အတွက် အချက်အလက်များ ကူးယူခြင်း၊ စိစစ်ခြင်းတို့အား မည်သို့ဆောင်ရွက်ရမည်ကို လွယ်ကူသည့် လမ်းညွှန်အဖြစ် သုံးစွဲနိုင်မည်ဖြစ်သည်။

ဤနည်းကိရိယာသည် ကွဲပြားကျယ်ပြန့်သည့် ပြုစုထားသော နည်းလမ်းများပေါ်တွင် အခြေခံ၍ရေးသားထားပြီး ဘေးအန္တရာယ်လျော့ချရေးနှင့် ရာသီဥတုပြောင်းလဲခြင်း နည်းလမ်းများကို ဆက်နွယ်ပေးရန် ထိရောက်လွယ်မှုနှင့် စွမ်းဆောင်ရည် ဆန်းစစ်လေ့လာမှုများကို ပေါင်းစပ်ထားပါသည်။ ထို့အပြင် ပဋိပက္ခကဏ္ဍ၊ ပတ်ဝန်းကျင် ရေရှည်တည်တံ့မှုနှင့် သမူဟဖြစ်ခြင်းကိုလည်း ဖော်ပြထားပါသည်။

BRACED သည် ဘေးဒဏ်ခံနိုင်မှုတည်ဆောက်ရန် (သို့) သတ်မှတ်ရာတွင် သတ်မှတ်ပုံစံမရှိကြောင်း အသိအမှတ်ပြုလက်ခံထားသော ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခုဖြစ်သည်။ မည်သည့်ရောက်လာလတ္တံ့သော အပြောင်းအလဲ (သို့) သောကပွေစရာများအတွက်မဆို မူတည်၍ မည်သူ (သို့) မည်သည့် အရာကိုဘေးဒဏ်ခံနိုင်စွမ်းရအောင် ဆောင်ရွက်မည်ကို သတ်မှတ်ရန် မုချ လိုအပ်ပါသည်။ ထို့ကြောင့် ရာသီဥတုဘေးဒဏ်ခံနိုင်စွမ်းအတွက် ညွှန်းကိန်းများမှာ ယေဘုယျဆန်သည်ထက် အခြေအနေတစ်ခုပေါ်တွင် သတ်မှတ်မူတည်ပါသည်။

" တစ်ချိန်တည်းတွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေပြီး ၎င်းတို့၏ ရေရှည်အလားအလာများကို ထိခိုက်ခြင်းမရှိဘဲ သောကနှင့်စိတ်ပူပန်စရာများကို ရင်ဆိုင်ရချိန်တွင် နေထိုင်မှုအဆင့်အတန်းများကို ထိန်းသိမ်းခြင်း (သို့) ပုံစံပြောင်းပေးခြင်းအားဖြင့် နိုင်ငံများ၊ အစိုးရများ၊ ရပ်ရွာလူထုများ နှင့် အိမ်ထောင်စုများ၏ အပြောင်းအလဲကို ခန့်ခွဲရန်စွမ်းရည်" အလုပ်ရုံဆွေးနွေးပွဲ လုပ်ငန်းစဉ်မှ မိတ်ဖက်အဖွဲ့အစည်းများသည် ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူမှုနှင့် လုပ်ငန်းစဉ်လက်စွဲစာအုပ်ကို စီမံကိန်းလုပ်ငန်းစဉ်များအတွက် လမ်းညွှန်အဖြစ် ပြုစုရေးသားခဲ့ပါသည်။



ပုံ (၁) ဘေးအန္တရာယ်ကို ရင်ဆိုင်တုံ့ပြန်နိုင်သော မြန်မာ့ရပ်ရွာလူထု - ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်ရေး မူဘောင်



ဤမြန်မာ့ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု လက်စွဲစာအုပ်သည် အခန်း (၄) တွင် ဖော်ပြထားသော ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်စွမ်းကို စစ်တမ်းကောက်ယူခြင်းဆိုင်ရာ မေးခွန်းများကို တစ်စုတစ်ဝေးတည်း ပြုစုဖော်ပြထားပြီး ၎င်းမေးခွန်းများကို ဆင့်ပွားသုတေသနနှင့် ရပ်ရွာလူထုနှင့် စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းများတွင် မေးမြန်းဖော်ထုတ်မည်ဖြစ်ပါသည်။ အဆိုပါမေးခွန်းများကို အဖြေထုတ်ခြင်းက လုပ်ဆောင်သူများအား ရပ်ရွာလူထုတစ်ရပ်၏ ဘေးဒဏ်ခံနိုင်စွမ်းကို သဘောပေါက်နားလည်ရန်အတွက် အကူအညီပေးမည်ဖြစ်ပြီး ၎င်းအပေါ်အခြေခံ၍ သင့်လျော်မျှတသော ဘေးဒဏ်ခံနိုင်စွမ်းအတွက် လုပ်ငန်းဆောင်တာများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေမည်ဖြစ်ပါသည်။

**ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်စွမ်းကို စစ်တမ်းကောက်ယူခြင်းဆိုင်ရာ မေးခွန်းများသည် အောက်ပါအချက်တို့ကို သိရှိလာစေရန် ရည်ရွယ်မေးမြန်းပါသည်။**

၁။ **ထိခိုက်နစ်နာလွယ်မှု၏ ငုပ်နေသောအကြောင်းရင်းများ**ကို သိရှိနားလည်စေရန်နှင့် မတူကွဲပြားသော အစုအဖွဲ့များအတွက် အပြောင်းအလဲဖြစ်စေရန်

၂။ ရပ်ရွာလူထုသည် (အနေးနှင့်အမြန် သက်ရောက်သော) မည်သည့် ရာသီဥတု လွန်ကဲမှုများ၊ ဘေးအန္တရာယ်များနှင့် နီးစပ်နေပြီး ကွဲပြားသော လူအမျိုးမျိုးတို့ မည်သို့မည်ပုံ ထိခိုက်ခံစားရသည်ဆိုသည်ကို နားလည်သဘောပေါက်ရန်

၃။ ရပ်ရွာလူထုအတွင်း အမျိုးမျိုးသော **အကဲဆတ်မှုများ** (ဘေးအန္တရာယ်ကြောင့်သာမက ရာသီဥတုနှင့်ပါ ဆက်စပ်နေသည့် ပိုမို ကျယ်ပြန့်သော စိုးရိမ်သောကဗျာပါဒများ) ကို နားလည်သဘောပေါက်ရန်

၄။ ရပ်ရွာလူထုအတွင်းနှင့် ပြင်ပတွင် မည်သည့် **စွမ်းဆောင်ရည်များ** တည်ရှိနေသည်ကို နားလည်သဘောပေါက်ရန်။
အိမ်ထောင်စုများ၊ ရပ်ရွာတွင်းမှ အစုအဖွဲ့များနှင့် လူတစ်ဦးချင်းတို့သည် ရပ်ရွာအတွင်း ဖြစ်ပေါ်ကျရောက်လာမည့် (အနေးနှင့်အမြန် သက်ရောက်သော) ရာသီဥတုလွန်ကဲမှုများနှင့် ဘေးအန္တရာယ်များအပေါ် မည်သို့မျှော်မှန်းပြင်ဆင်ထားပြီး နလန်ထူနိုင်စေရန် မည်မျှကောင်းအောင် လုပ်ဆောင်နိုင်သနည်း ဆိုသည်ကို စဉ်းစားပါ။

ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်စွမ်းဖြစ်စဉ်ကို အထောက်အကူပြုရန် မေးခွန်းတစ်ခုစီအတွက် နည်းနာပုံစံ နမူနာတစ်ခုကို နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားပါသည်။

## အဓိကအယူအဆများ

**ဘေးဒဏ်ခံနိုင်စွမ်း** ဆိုသည်မှာ တစ်ချိန်တည်းတွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေပြီး ၎င်းတို့၏ ရေရှည်အလားအလာများကို လျှော့နည်းထိခိုက်ခြင်းမရှိဘဲ သောကနှင့်စိတ်ပူပန်စရာများကို ရင်ဆိုင်ရချိန်တွင် နေထိုင်မှု ပုံစံအဆင့်အတန်းများကို ထိန်းသိမ်းခြင်း (သို့) ပုံစံပြောင်းပေးခြင်းအားဖြင့် နိုင်ငံများ၊ အစိုးရများ ၊ ရပ်ရွာလူထုများနှင့် အိမ်ထောင်စုများ၏ အပြောင်းအလဲကို စီမံခန့်ခွဲရန် စွမ်းရည်။ မြန်မာနိုင်ငံတွင် ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်စွမ်းများကို ပုံ( ၁ ) တွင် ဖော်ပြထားပါသည်။

**ထိခိုက်နစ်နာလွယ်မှု** သည် ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ နိုင်ငံရေးနှင့် ပတ်ဝန်းကျင်ရေးရာ အချက်များအားဖြင့် ဖြစ်ပွားသက်ရောက်နိုင်ပြီး ထိုသို့ ထိခိုက်နစ်နာလွယ်မှုသည် လူတစ်ဦးချင်းနှင့် ဖြစ်ရပ်များပေါ်လိုက်၍ ကွဲပြားနိုင်ပါသည်။ ထိခိုက်လွယ်မှုကို ဘေးအန္တရာယ်တစ်ခုသက်ရောက်မှု၊ ထိုဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်မှုနှင့် အဆိုပါအန္တရာယ်ကို အသင့်ပြင်၊ ရင်ဆိုင်ဖြေရှင်း တုန့်ပြန်နိုင်စွမ်းပေါ်မူတည်၍ ဆုံးဖြတ်ပါသည်။

**ထိခိုက်ခံစားရခြင်း** ဆိုသည်မှာ ပထဝီနယ်ပယ်ဒေသတစ်ခု သို့မဟုတ် များပြားသော လူဦးရေပမာဏ တစ်ရပ်အနေဖြင့် ဘေးအန္တရာယ်၊ အကြိမ်ရေနှင့် ပြင်းထန်မှုတို့ကြောင့် ဘေးအန္တရာယ်ကို ထိခိုက်ခံစားရခြင်း (အကြီးစား ထိခိုက်ခံစားရခြင်း)။ တစ်နည်းဆိုသော် ၎င်းဒေသတစ်ခုအတွင်း သို့မဟုတ် လူဦးရေ အစုအဖွဲ့တစ်ခုအတွင်း တူညီသော ဘေးအန္တရာယ်နှင့် ၎င်း၏ မူလသက်ရောက်မှုများကို မည်သည့်နေရာနှင့် လူများက မတူညီသော အတိုင်းအတာကို ခံစားရပါသနည်းဆိုသည်ကို ရည်ညွှန်းနိုင်ပါသည်။ (ကွဲပြားသော ထိခိုက်ခံစားရခြင်း)။

**အကဲဆတ်ခြင်း** ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ရပ်ရွာအသိုက်အဝန်းတစ်ခုအနေဖြင့် သတ်မှတ်ထားသော ဘေးအန္တရာယ်တစ်ခုပေါ်တွင် မည်မျှ ထိခိုက်ခံစားရပါသနည်းဆိုသည်ကို ဖော်ညွှန်းချက် ဖြစ်ပါသည်။

**စွမ်းဆောင်ရည်** ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ရပ်ရွာအသိုက်အဝန်းတစ်ခု၏ ဘေးအန္တရာယ် တစ်ခုအပေါ်တွင် ရင်ဆိုင်၊ ဖြေရှင်း၊ တုံ့ပြန်နိုင်သည့် အစွမ်းအစပင်ဖြစ်သည်။ စွမ်းဆောင်ရည်တွင် ရုပ်ပိုင်းဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ နည်းလမ်းများသာမက ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု ကဲ့သို့သော လူပုဂ္ဂိုလ် (သို့) သမူဟဖြစ်သော ပင်ကိုယ်ကျွမ်းကျင်မှုတို့ ပါဝင်နိုင်သည်။ ၎င်းသည် အန္တရာယ်ဖြစ်နိုင်သည့် အဆင့်များကို (သို့) ဘေးအန္တရာယ်တစ်ခု၏ သက်ရောက်မှုများကို လျှော့ချပေးနိုင်သော ရပ်ရွာလူထု၊ အသိုက်အဝန်း (သို့) အဖွဲ့အစည်းတစ်ခုအတွင်း ရရှိနိုင်သည့် ရင်းမြစ်များ ပေါင်းစည်းစုရုံးခြင်းပင်ဖြစ်သည်။ သတင်းအချက်အလက်များကို ရရှိနိုင်ခြင်း၊ စွန့်စားလုပ်ဆောင်နိုင်စွမ်းနှင့် တီထွင်ဖန်တီးနိုင်စွမ်း တို့ကလည်း ပါဝင်ပတ်သက်နေသော အကြောင်းအချက်များပင်ဖြစ်ပါသည်။

**ဘေးအန္တရာယ်တစ်ခု** ဆိုသည်မှာ အသက်အိုးအိမ်ဆုံးရှုံးခြင်း၊ ထိခိုက်အနာတရဖြစ်ခြင်း၊ ပိုင်ဆိုင်မှုများ ဆုံးရှုံးပျက်စီးခြင်း၊ လူမှုရေးနှင့် စီးပွားရေးတို့ ပျက်စီးခြင်းနှင့် ပတ်ဝန်းကျင်၏ အဆင့်နိမ့်ပါးသွားခြင်းတို့ကဲ့သို့သော အရာများကို ဖြစ်ပွားစေသည့် ဖြစ်ရပ်၊ အဖြစ်အပျက်၊ သို့မဟုတ် အခင်းအကျင်းကို ဆိုလိုသည်။ ၎င်းတို့သည် သဘာဝကြောင့် သို့မဟုတ် လူသားတို့ကြောင့် ဖြစ်နိုင်သည်။ တဖြည်းဖြည်း သို့မဟုတ် ရုတ်ချည်း ဖြစ်ပွားနိုင်သည်။ ဘေးအန္တရာယ်များသည် တစ်ခုချင်း၊ အတွဲလိုက် သို့မဟုတ် ၎င်းတို့ဖြစ်ပွားရာဒေသနှင့် သက်ရောက်မှုတို့ပေါ်မူတည်၍ တစ်ပေါင်းတည်းလည်း ဖြစ်နိုင်သည်။ ဘေးအန္တရာယ်တစ်ခုစီကို ၎င်း၏ တည်နေရာ၊ ပြင်းထန်မှု၊ ဖြစ်ပွားသည့်အကြိမ်ရေနှင့် ဖြစ်နိုင်စွမ်းပေါ်မူတည်၍ သီးခြား သွင်ပြင်လက္ခဏာများ ဖော်ဆောင်နိုင်ပါသည်။

# ၃။ BRACED မိတ်ဖက်အဖွဲ့၏ ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်း အကောင်အထည်ဖော်ဆောင်မှု စက်ဝန်း

BRACED မိတ်ဖက်အဖွဲ့၏ ရပ်ရွာလူထု ဘေးဒဏ် ခံနိုင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းစက်ဝန်းတွင် အဓိက အဆင့် ၄ ဆင့် ရှိပါသည်။


**အဆင့် ၁။** ကြိုတင်ပြင်ဆင်ခြင်း၊ ရပ်ရွာလူထုထံရောက်ရှိခြင်းနှင့် မြန်မြန်သွက်သွက် စစ်တမ်းကောက်ယူခြင်း။

**အဆင့် ၂။** ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်စွမ်းကိုစစ်တမ်းကောက်ယူခြင်း - ကြိုတင်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ခွဲခြားသုံးသပ်ခြင်း။

**အဆင့် ၃။** ဘေးဒဏ်ခံနိုင်စွမ်းအတွက် လုပ်ဆောင်ရမည့် အရာများ အစီအစဉ်ချမှတ်ခြင်း၊ ဦးစားပေးလုပ်ဆောင်ရမည့်အရာများကို အဆင့်သတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း။

**အဆင့် ၄။** ဘေးဒဏ်ခံနိုင်စွမ်းအတွက် လုပ်ဆောင်ရမည့် အရာများကို အကောင်အထည် ဖော်ဆောင်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊

အစီရင်ခံခြင်း၊ ရပ်ရွာလူထုကဦးဆောင်သော ကြီးကြပ်စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းစသည်တို့တွင်ပါ လမ်းညွှန်ချက်များ ပေးအပ်ထားပါသည်။




## ရပ်ရွာလူထုဘေးဒဏ်ခံနိုင်ရန် လုပ်ဆောင်ရမည့် လုပ်ငန်းစက်ဝန်းဆိုင်ရာ အခြေခံသဘောတရားများ

လုပ်ငန်းအစီအစဉ်၏ အကျိုးသက်ရောက်မှုသည် ကျွန်ုပ်တို့ ဦးတည်ထားသည့် လူဦးရေပေါ်တွင် လွန်စွာမှ အရေးပါကြောင်း BRACED က နားလည်လက်ခံထားပါသည်။ ကျွန်ုပ်တို့မည်သည်ကို လုပ်ဆောင်သည် ဆိုသည်ကိုသာမက ကျွန်ုပ်တို့၏ လုပ်ငန်းများကိုပါ မည်သို့လုပ်ဆောင်နေသည်ကို လမ်းညွှန်ထိန်းကျောင်းရန်အတွက် အောက်ပါ အခြေခံ သဘောတရား ငါးချက်ကို ချမှတ်ထားပါသည်။



### လူထုမှဦးဆောင်

စီမံကိန်းအစီအစဉ်က လုပ်ဆောင်သော ဤချဉ်းကပ်မှုနည်းနာသည် ၎င်းတို့ကိုယ်တိုင် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ချေနှင့် ရာသီဥတုပြောင်းလဲမှုကို သဟဇာတဖြစ်အောင်နေထိုင်ရာတွင် ဦးစားပေးလုပ်ဆောင်ရမည့် အရာများကိုဆုံးဖြတ်ရာတွင် ဦးဆောင်သူကဏ္ဍမှ ပါဝင်လာနိုင်စေရန် ရပ်ရွာအသိုက်အဝန်းများကို ပံ့ပိုး တွန်းအားပေးပါသည်။

### ၎င်းနေရာတွင် ရနိုင်သည့်အရာများနှင့် တည်ဆောက်

ရပ်ရွာအသိုက်အဝန်းများစွာတို့တွင် အချို့သော စစ်တမ်းကောက်ယူမှုများနှင့် ဆောင်ရွက်မည့် အစီအစဉ်များ နေရာတကျ ရှိပြီးဖြစ်ပါသည်။ ကြိုတင်ပြင်ဆင်မှု တစ်စိတ်တစ်ပိုင်းအဖြစ် အထက်ပါ အချက်အားလုံးကို ပြန်လည်သုံးသပ်ပြီး ၎င်းတို့ပေါ်မှုတည်၍သာ တည်ဆောက်ဖန်တီးပါ။

### အထောက်အထားအပေါ် အခြေပြုခြင်း

ဘေးဒဏ်ခံနိုင်စွမ်းအတွက် စစ်တမ်းကောက်ယူမှုများ လုပ်ဆောင်ရာတွင် လုပ်ငန်းဆောင်တာအားလုံးနှင့် ပါဝင်ဆောင်ရွက်မှုများအားလုံးသည် သိပ္ပံနည်းကျ အထောက်အထားနှင့် တိကျသေချာသော အချက်အလက်များပေါ်တွင်သာ အခြေပြုသင့်ပါသည်။

### အများပူးပေါင်းပါဝင်သော

အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးများနှင့် ယောကျ်ားလေးများသည် ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်းနှင့် ရာသီဥတုဆိုင်ရာ သပ်ရပ်ချောမွေ့သော ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးတွင် အဓိက မောင်းနှင်အားများဖြစ်ပြီး ထိခိုက်နစ်နာလွယ်ဆုံးသူများအပါအဝင် ရပ်ရွာလူထုအားလုံးတို့သည် အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ကြမည် ဖြစ်ပါသည်။

## ကျွန်ုပ်တို့ တည်ရှိလုပ်ဆောင်ရာတွင် ဘေးမဖြစ်ရန် ဂရုပြုပါ • • • • •



### ကျား = မ ဆိုင်ရာ အလေးဂရုထားခြင်း

အမျိုးသမီးနှင့် အမျိုးသား၊ မိန်းကလေးနှင့် ယောက်ျားလေးများအားလုံး ဤအစီအစဉ်တွင် ပါဝင်လာနိုင်စေရန် ဦးတည်ဆောင်ရွက်ပြီး . ကျား/မဖြစ်ခြင်း၊ အသက်၊ လူမှုရေးအဖွဲ့ သို့မဟုတ် မသန်စွမ်းမှုတို့ကို ဂရုမထားဘဲ လုပ်ဆောင်ပြီး အကျိုးကျေးဇူး ရှိစေပါသည်။



### ပဋိပက္ခမဖြစ်ရန် အလေးဂရုထားခြင်း

BRACED မိတ်ဖက်အဖွဲ့ ကို မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေအတွင်း ဒီဇိုင်းဆွဲဖန်တီးထားပါသည်။ ဤနားလည်မှုအပေါ် အခြေခံ၍ ပဋိပက္ခမဖြစ်ရန် ဂရုထားခြင်းဆိုင်ရာ ချဉ်းကပ်မှုနှင့် နည်းကိရိယာများကို ဖန်တီးရေးဆွဲထားပါသည်။



### ပတ်ဝန်းကျင်ဆိုင်ရာ အလေးဂရုထားခြင်း

လုပ်ဆောင်မည့်လုပ်ငန်းအားလုံးတို့ကို ရပ်ရွာလူထုနေထိုင်သည့် ပတ်ဝန်းကျင်ကို ဘေးမဖြစ်စေဘဲ ပတ်ဝန်းကျင်အခြေအနေများကို အကောင်းဆုံး မြှင့်တင်နိုင်ရပါမည်။

လက်စွဲစာအုပ်၏ အောက်ပါအခန်းများတွင် ဤအဆင့်များ တစ်ခုစီနှင့် ပတ်သက်၍ အသေးစိတ်လမ်းညွှန်မှုများကို ဖော်ပြထားပါသည်။ ပံ့ပိုးကူညီသူ ကွင်းဆင်းလမ်းညွှန်ချက်များကဲ့သို့သော ထပ်မံထည့်သွင်းထားသည့်အရာများကို နောက်ဆက်တွဲများတွင် ထည့်သွင်းထားပါသည်။

## အဆင့် ၁။ ကြိုတင်ပြင်ဆင်ခြင်း၊ ရပ်ရွာလူထုထံ ရောက်ရှိခြင်းနှင့် မြန်မြန်သွက်သွက် စစ်တမ်းကောက်ယူခြင်း



### ကြိုတင်ပြင်ဆင်ခြင်း

• ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူခြင်းမေးခွန်းများကို ပြန်လည်သုံးသပ်ပြီး ရပ်ရွာလူထုတွင်းသို့ မဝင်မီ မည်သည်ကို သုတေသနပြုမည် သို့မဟုတ် ပြုသင့်သည်ကို ဆုံးဖြတ်ပါ။

• မျှော်မှန်းထားသော အဓိက ပြဿနာများနှင့် ပတ်သက်သည့် အကြံဉာဏ်ရရှိရန် (ပြီးခဲ့သည့် စီမံချက်က အစီရင်ခံစာများနှင့် အစီအစဉ်များ အပါအဝင်) ဒေသတွင်းတွင် လက်ရှိရရှိနိုင်သော အရာအားလုံးနှင့် စာတတ်မြောက်မှု အဆင့်များအပါအဝင် ရပ်ရွာအတွင်းရှိ မတူညီသော လူအမျိုးမျိုးကို ပြန်လည်သုံးသပ်ပါ။

• အဆိုပြုထားသော ဧရိယာတွင် ရာသီဥတု ပြောင်းလဲနိုင်မှုဆိုင်ရာများကို နားလည်နိုင်ရန် ရာသီဥတုဆိုင်ရာများကို ပြန်လည်သုံးသပ်ပါ။

• ဆင့်ပွားရင်းမြစ်များကို သုံးစွဲပြီး အခြေအနေကို သုတေသနပြုပါ။ ဤအခြင်းအရာနှင့် စပ်လျဉ်း၍ ပိုမို လမ်းညွှန်ချက်ရရှိလိုပါက အောက်ပါ အကွက် (၁) ကို ကြည့်ပါ။

## အကွက် ၁။ ဆင့်ပွားအချက်အလက်များကို အသုံးပြုခြင်း

ရပ်ရွာလူထုထံသို့ မသွားရောက်မီ သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ခြင်းက ရပ်ရွာနှင့်တွေ့ဆုံချိန်တွင် ပို၍အကျိုးရှိစွာ သုံးစွဲနိုင်ပြီး အချက်အလက်များသည်လည်း လုပ်ငန်းခွင်တွင် ပို၍ တိကျသေချာစေပါလိမ့်မည်။ ဤသုတေသနကို အသေးစိတ်ထားသော ရပ်ရွာလူထု ထိခိုက်လွယ်မှုစစ်တမ်းကောက်ယူခြင်း ပုံစံများကို အသိပေးနိုင်ရန် အသုံးပြုမည်ဖြစ်ပြီး အသေးစိတ်နည်းနာဆိုင်ရာမေးခွန်းများကို ပြန်လည်စီစစ်ရန် ကူညီပေးရုံသာမက ဦးတည်ထားသော ရပ်ရွာလူထုနှင့် ပတ်ဝန်းကျင်ဇရိယာများနှင့်ပတ်သက်သည့် ခြုံငုံသုံးသပ်ချက်ကိုလည်း ပေးပါသည်။ စားပွဲဝိုင်းသုံးသပ်ခြင်း နည်းနာတစ်ခုသည် အောက်ပါ အစုအပေါင်းများကို အစပျိုးပေးနိုင်ပါသည်။

<u>ရာသီဥတုနှင့် မိုးလေဝသရာသီဆိုင်ရာ အခြေအနေများ</u>

- အချိန်ကာလအလိုက် ရာသီဥတုပုံစံများ။ RIMES မှထုတ်ဝေသော ဒေသတွင်း ဥတုနှင့် ရာသီအကြောင်း လေ့လာချက်များ
- လက်ရှိနှင့် ရေတို/ရေရှည် ကြိုတင်ခန့်မှန်းချက်များ
  နိုင်ငံတော်အဆင့်၊ ဒေသတွင်းအဆင့် ရာသီဥတု
  သတင်းအချက်အလက်များ(မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာန)
  - တစ်ရက်၊ သုံးရက်၊ ၁၀ ရက်နှင့် ရာသီအလိုက် ခန့်မှန်းချက်များ www.dmh.gov.mm
  - မိုးရေချိန်
  - အပူချိန်
  - ရေကြီးခြင်း
  - အထူးသတိပေးချက်များ - ရာသီဥတု အခြေအနေများ
- ရေ့ကြိုခန့်မှန်းမှုများ (ရေရှည်)။ မြန်မာနိုင်ငံ နိုင်ငံလုံးဆိုင်ရာ လိုက်လျောညီထွေပြုခြင်း အစီအစဉ်

<u>ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များနှင့် သက်ရောက်မှုများနှင့် ပတ်သက်သော အခြား ရင်းမြစ်များ</u>

- ရေကြီးမှုဆိုင်ရာ အချက်အလက်များ။ http://themimu.info/emergencies/monsoon-flooding
- MIMU ၏ အရေးပေါ် ရင်းမြစ်များ။ http://themimu.info/emergencies/general
- ဒေသတွင်း ရာသီဥတုဆိုင်ရာ သုံးသပ်ချက်များ (ဒေသတွင်း ပေါင်းစည်း လုပ်ဆောင်သည့် ဘေးအန္တရာယ်အမျိုးမျိုးကို ကြိုတင်အသိပေးသည့် စနစ်များ)

- အာရှရာသီဥတု စစ်တမ်းကောက်ယူခြင်း
- BRACED ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူမှု အစီရင်ခံစာ အပြည့်အစုံ
- MONSOON ဖိုရမ်မှ အစီရင်ခံစာများ

<u>ဖွံ့ဖြိုးရေးနှင့် ကျား/မဆိုင်ရာ အခြေအနေ</u>

- နိုင်ငံတော်အဆင့်/ဒေသတွင်းအဆင့် လူမှုစီးပွားရေးအချက်အလက်
- နိုင်ငံတော်အဆင့်/ဒေသတွင်းအဆင့် ပါဝင်ပတ်သက် လုပ်ဆောင်နေသူများဆိုင်ရာ အချက်အလက်များနှင့် သတ်မှတ်ထားချက်များ
- နိုင်ငံတော်အဆင့်/ဒေသတွင်းအဆင့်/ဒေသန္တရအဆင့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ
- နိုင်ငံတော်အဆင့်/ဒေသတွင်းအဆင့် ကျား/မဆိုင်ရာ အရွေ့များ
- နိုင်ငံတော်အဆင့်/ဒေသတွင်းအဆင့် ဖွံ့ဖြိုးရေး အစီအမံများ

<u>ပဋိပက္ခအခြေအနေ</u>

- နိုင်ငံတော်အဆင့်/ဒေသတွင်းအဆင့် လူမှုနိုင်ငံရေးနှင့် ပဋိပက္ခအရွေ့

<u>ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေ</u>

- ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာ အချက်အလက်များ
- ဒေသတွင်း မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာ စစ်တမ်းကောက်ယူခြင်း (RSEA) - မြန်မာ့ပတ်ဝန်းကျင်အဖွဲ့အစည်း (Myanmar Environment Institute)
- ပတ်ဝန်းကျင် အစီရင်ခံစာ အခြေအနေ

<u>Other hazard and risk mapping resources</u>

- Seismic hazard assessment of Yangon City, 2015, UN-HABITAT
- Earthquake Risk Assessment of 3 Cities, 2012, UN-HABITAT
- Earthquake Risk Assessment of Mandalay, 2012, ADPC/DMH/ MEC
- Multi Hazard Risk Assessment of Rakhine State of Myanmar, 2011, UNDP/ ADPC/ MES
- Multi Hazard Risk Assessment of Nargis-affected Area, January 2011, UNDP/ TARU/ INRM/ MSR
- Hazard Profiling of Myanmar, 2009, ADPC
- Flood Hazard Mapping of Lower Chindwin River Basin, 2005, DOH India



- ပြန်ကြားဆက်သွယ်ရေးဆိုင်ရာ အချက်အလက်များနှင့် နယ်ပယ်ဒေသကျော်လွန်၍ ဆောင်ရွက်ရမည့် အစီအစဉ်များကို ကြိုတင်ပြင်ဆင်ထားပါ။
- စစ်တမ်းကောက်ယူမှုကို ပြီးမြောက်စေရန် ကျား/မ မျှတမှု၊ စွမ်းဆောင်ရည်၊ ရှင်းလင်းပြတ်သားသော တာဝန်၊ ဝတ္တရားများနှင့် အဖွဲ့တွင်းတွင် သင့်လျော်သော အရေအတွက် ရရှိနိုင်ရန် ဦးတည်ပြီး အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပါ။ အကွက် (၂) ကို ကြည့်ပါ

## အကွက် ၂။ စစ်တမ်းကောက်ယူမည့်အဖွဲ့ ရွေးချယ်ခြင်း

သင့်တင့်လျောက်ပတ်သော အရည်အချင်းများနှင့် ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများရှိသော အဖွဲ့တစ်ဖွဲ့ကို ရရှိရန် အရေးကြီးသဖြင့် အသက်တမ်းအမျိုးမျိုးမှ အမျိုးသားရော အမျိုးသမီးများပါ ပါဝင်ပြီး အောက်ပါ အချက်များနှင့် ပြည့်စုံသည့် အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းရန် စဉ်းစားလုပ်ဆောင်ပါ။

- အများပူးပေါင်းပါဝင်သော လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီအားဖြည့်ခြင်းနှင့် ရပ်ရွာလူထုကို စည်းရုံးနိုင်သည့် ကျွမ်းကျင်မှုများ
- ကျား/မဆိုင်ရာနှင့် မတူကွဲပြားခြင်းကို နားလည်သဘောပေါက်ခြင်း - ကျား/မဆိုင်ရာနှင့် မတူကွဲပြားခြင်းကို အလေးဂရုပြုသော ပံ့ပိုးအားဖြည့်ကူညီခြင်းကို သေချာစေရန်နှင့် သက်ဆိုင်ရာ ထိခိုက်လွယ်မှုကို ခွဲခြားသုံးသပ်တတ်စေရန်
- အရည်အသွေးကိုအသားပေးသော တွေ့ဆုံမေးမြန်းခြင်း ဆိုင်ရာ အတွေ့အကြုံ - တက်ကြွစွာ နားဆင်တတ်ရန်နှင့် ပိုမိုထဲထဲဝင်ဝင် နားလည်ရန်နှင့် ပိုမိုသော သတင်းအချက်အလက်များရရှိအောင် မေးတတ်ရန်
- ဥတုနှင့် ရာသီပြောင်းလဲခြင်းဆိုင်ရာ အချက်အလက်များကို စုဆောင်းခြင်းနှင့် အနက်ကောက်ယူမှုတွင် အတွေ့အကြုံရှိခြင်း
- ဆိုင်ရာကဏ္ဍတွင် ကျွမ်းကျင်မှု - စိုက်ပျိုးရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှု ဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်
- မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ ခွဲခြားသုံးသပ်ခြင်း ကျွမ်းကျင်မှုများ - လုပ်ဆောင်ရသည့်အခြေအနေကို ခွဲခြားသုံးသပ်တတ်စေရန်
- ပဋိပက္ခကို စီမံခန့်ခွဲခြင်း - အဖွဲ့ကို မတူညီသော အမြင်များနှင့် သဘောထားများကို နားလည်အောင် ကူညီပေးရန်နှင့် အဆုံးသတ်ကောက်ချက်ချနိုင်ရန်နှင့် (သို့) သဘောတူညီချက်ရရှိအောင် ကူညီပေးရန်
- ရေးသားမှု စွမ်းရည် - ရှင်းလင်းပြတ်သားသော မှတ်တမ်းလိုက်ခြင်းနှင့် အစီရင်ခံစာများ ရေးသားနိုင်ရန်
- ဘာသာစကား စွမ်းရည်များ- မတူညီသော ဒေသန္တရ ဘာသာစကားများအကြားတွင် ရှုပ်ထွေးသော အတွေးအမြင်များနှင့် ဝေါဟာရများအား ကျွမ်းကျင်ပိုင်နိုင်စွာ ဘာသာပြန်တတ်စေရန်

<u>တစ်ဦးချင်း၏ တာဝန်နှင့် ဝတ္တရားများ</u>

အဖွဲ့ဝင်များကို အဖွဲ့ခေါင်းဆောင်၊ ထောက်ပံ့ပို့ဆောင်ရေး မန်နေဂျာ၊ ပံ့ပိုးကူညီသူ၊ မှတ်တမ်းထိန်း စသဖြင့် တာဝန်များ ခွဲဝေသတ်မှတ်ပေးထားသင့်သည်။

- ရပ်ရွာလူထုထံသို့ သွားရောက်ရန်ခွင့်တောင်းပြီး အဖွဲ့အားလုံးပါဝင်နိုင်စေရန်နှင့် အစီအစဉ်တွင် ပါဝင်နေစေရန်၊ အချိန်လုံလောက်မှုရှိစေရန် အစီအစဉ်ပြုလုပ်ပါ။ *(ရပ်ရွာလူထုပါဝင်ခြင်းပုံစံ၊ လုပ်ငန်းစဉ် စသည်)*
- မတူညီသည့် အသံများ ရယူရန်အတွက် အကြံပြုချက်များကို အကွက် (၃) တွင်ကြည့်ပါ။
- အဖွဲ့အတွက် ထောက်ပံ့ပို့ဆောင်ရေး ကိစ္စများပြင်ဆင်ပါ။ (ပို့ဆောင်ရေး၊ နေရာထိုင်ခင်း နှင့် အစားအစာ) သီးသန့်အကြံပြုချက်များကို အကွက် (၄)တွင် ကြည့်ပါ။

## အကွက် ၃ ။ စစ်တမ်းကောက်ယူမှုတွင် ပါဝင်ရန် သေချာစေခြင်း

ရပ်ရွာရှိ လူအမျိုးမျိုးသည် အဖြစ်အပျက်များ၊ အချိန်မှတ်တမ်းများနှင့် ဦးစားပေးဆောင်ရွက်ရန် ကိစ္စများအပေါ်တွင် အတွေးအခေါ်အမျိုးမျိုး၊ အယူအဆအမျိုးမျိုး ရှိကြသည် ။ ဥပမာ - အသက်ကြီးသူများသည် ငယ်ရွယ်သူများထက် အတွေ့အကြုံပိုရှိကြသည်။ အမျိုးသမီးတို့သည် အမျိုးသားတို့နှင့် တွေးခေါ်ပုံ ခြားနားလေ့ရှိသည်။ စစ်တမ်းကောက်ယူခြင်းကို စီစဉ်ဆောင်ရွက်ရာတွင် ယင်းသို့ မတူခြားနားသည့် အမြင်များ ပါဝင်စေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ထိခိုက်လွယ်မှုအရှိဆုံး သူများသည် ဘေးဖယ်ခံရဆုံးသူများဖြစ်လေ့ရှိပြီး ရပ်ရွာဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ခွင့် မရကြသူများဖြစ်သည်။ စစ်တမ်းကောက်ယူသည့်အဖွဲ့သည် ယင်းအချက်ကို သတိပြုရမည်ဖြစ်ပြီး ထိုသူများကို ရှာဖွေဖော်ထုတ်ပြီး ပါဝင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ အချိန်နှင့် အခြားနည်းလမ်းများ လိုအပ်လျှင်ပင် ဆောင်ရွက်ရမည်ဖြစ်သည်။

### အားလုံးပါဝင်မှု၏ အခြေခံသဘောတရား

- **ရပ်ရွာလူထု၏ အသံပေါင်းစုံ၊ ပြောဆိုဆွေးနွေးမှုပေါင်းစုံတို့ ပါဝင်နိုင်ရန် နေရာဖန်တီးပေးပါ။**
- **ကိုယ်တိုင်ကိုယ်ကျ အရောက်လာနိုင်ခြင်း**
  *(ဘယ်နေရာမှာ အစည်းအဝေး/လုပ်ငန်း လုပ်မှာလဲ။ ရပ်ရွာနေ လူတန်းစားအားလုံး ကိုယ်တိုင်ကိုယ်ကျ အရောက်လာနိုင်တဲ့နေရာ ဖြစ်ရဲ့လား။ ဘယ်အချိန် (နေ့/ည) မှာ ကျင်းပမှာလဲ၊ အဲဒီအချိန်အတွင်းမှာ ရပ်ရွာလူထုအားလုံး အားလပ်ရဲ့လား။ အချို့လူများ ပါဝင်နိုင်စေရန် အစည်းအဝေးများကို အချိန်ခွဲပြီး ကျင်းပပေးရန် လိုအပ်နိုင်ပါသည်။ အစည်းအဝေးနေရာကို အားလုံးလာဖို့ ငွေကြေးအားဖြင့် တတ်နိုင်ရဲ့လား။ သက်ကြီးရွယ်အို/ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေအတွက် အိမ်သာ၊ ထိုင်ခုံ စတာတွေကို ပံ့ပိုးပေးထားရဲ့လား။)*
- **ပြောဆိုဆွေးနွေးမှုတွေ အကြံဉာဏ်တွေကို ကောင်းမွန်စွာ မှတ်တမ်းပြု စီမံနိုင်ရန် အုပ်စုများခွဲပါ။**
- **ကြိုပြီးသတ်မှတ်မထားပါနှင့်။ သို့သော် ဘယ်သူတွေပါဝင်သင့်သလဲ ဆုံးဖြတ်ပါ။ တခြားသူတွေမှာ မတူသည့် အမြင်ရှိသလား မေးပါ။**
  *(ဘာကြောင့် ဘယ်လို အုပ်စုခွဲသလဲဆိုတာကို အကျိုးအကြောင်း ရှင်းပြပါ။ ဥပမာ - အမျိုးသမီး၊ မသန်စွမ်း၊ ကလေးသူငယ်၊ သက်ကြီးရွယ်အို။)*
- **ပါဝင်မှု အခွင့်အလမ်း**
  *(လုပ်ငန်းတွေ လုပ်နေတာကို လူတွေ သတိပြုမိရဲ့လား။ ရပ်ရွာနေလူအားလုံးကို ဘယ်လိုအကြောင်းကြားမလဲ)*
- **လက်တွေ့ ပါဝင်မှု**
  *(ထုတ်ဖော်ပြောနိုင်ဖို့ အခွင့်အရေး ရှိရဲ့လား။ ထိခိုက်လွယ်တဲ့အုပ်စုတွေရဲ့ အမြင်တွေကို ထုတ်ဖော်ဖို့ လုပ်ငန်းတွေကို ဒီနည်းနဲ့ လုပ်ဆောင်နေရဲ့လား။ ဥပမာ - လူနည်းစုအုပ်စု/ လိင်တူ (သို့) သက်တူရွယ်တူ အုပ်စု။ အကြံပြုချက်တွေကို နားထောင်ပေးနေသလား၊ ဘာသာစကားနဲ့ စကားလုံး အသုံးပြုတာနဲ့ပတ်သက်ပြီး သေချာစဉ်းစားပါ - ကလေးသူငယ်/ သက်ကြီးရွယ်အို/ ကျားမပေါ်မူတည်ပြီး ဘယ်လိုစကားလုံး သုံးမလဲ။ နားထောင်ဖို့၊ ညှိနှိုင်းဆွေးနွေးဖို့၊ အခြေအတင်ဆွေးနွေးဖို့နဲ့ တိုင်ပင်ဆွေးနွေးဖို့ တိုက်တွန်းအားပေးပါ။)*
- **ဝင်ရောက်ဆွေးနွေးနိုင်ရန် ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချမှု**
  *(အစည်းအဝေးတက်ဖို့ / ဝင်ရောက်ပြောဆိုဖို့နဲ့ ထုတ်ဖော်ပြောဆိုဖို့ လူတွေမှာ ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချမှု ရှိရဲ့လား၊ သူတို့ရဲ့ ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချရမှုတိုးလာဖို့ ဘယ်လိုလုပ်ပေးနိုင်မလဲ)*

### အဖွဲ့အနေဖြင့်

- အုပ်စုဝင်အားလုံး ၄င်းတို့ရဲ့အမြင်ကို မျှဝေဆွေးနွေးနိုင်ရန် အခွင့်အရေးရကြောင်း သေချာပါစေ။ တချိန်တည်းမှာပင် မညီမျှသည့် ဩဇာအာဏာနှင့် လူမှုအဆင့်အတန်း ပြောကြားချက်တွေအပေါ် လွှမ်းမိုးမှုရှိသည်ကို သတိပြုပါ။
- အုပ်စုအားလုံး အသက်ဝင်ပါစေ။ လေ့ကျင့်ခန်းများသည် ၄င်းတို့၏ အကျိုးသက်သက်အတွက်သာ ဖြစ်သည်ဆိုသည့် ခံစားချက်ဖြစ်စေပြီး ၄င်းတို့ ကိုယ်တိုင်သာ ဦးဆောင်ပါစေ။ ဗဟုသုတ၊ နားလည်သဘောပေါက်မှုနှင့် အတုယူစွမ်းရည်များကို ပျိုးထောင်နိုင်ရန် နည်းလမ်းတခုဖြစ်သည်။
- အရှိန်ရလာစေရန်နှင့် ကိုယ်ပိုင်ဖြစ်လာစေဖို့ အစပျိုးပေးသကဲ့သို့ ရလဒ်ကို သတင်းပြန်ပို့ပါ။
- ကွဲပြားတဲ့အုပ်စုနဲ့ အတွေ့အကြုံဗဟုသုတကြွယ်ဝသူတွေရဲ့ စွမ်းရည်ကို ဆက်စပ်ပေးဖို့စဉ်းစားပါ။ ဥပမာအားဖြင့် အတွေ့အကြုံဗဟုသုတကြွယ်ဝတဲ့ အမျိုးသမီးအား အမျိုးသမီးအုပ်စုကို ဦးဆောင်စေလျှင် ယုံကြည်မှုပိုတိုးလာပြီး စစ်မှန်တိကျတဲ့ တုံ့ပြန်မှုတွေကို အားပေးရာရောက်သည်။ ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေနဲ့ လူတွေရဲ့အခန်းကဏ္ဍများကို ရှင်းရှင်းလင်းလင်းချမှတ်ပေးခြင်းဖြင့် အုပ်စုများ၏ မျှော်မှန်းထားချက်များကို အဖွဲ့အနေဖြင့် စီမံဆောင်ရွက်ပေးရမည်။

## လူထုထံ အရောက်သွားခြင်း

- စီမံကိန်းနှင့် ၄င်း၏ပန်းတိုင်များကို မိတ်ဆက်ပေးရန် လူထုစည်းဝေးပွဲကိုဦးဆောင်ပါ။ ရှေ့ဆက်လုပ်ဆောင်ရန် ဆွေးနွေးမှုများ ပါဝင်ပါစေ။ ဘေးဒဏ်ခံနိုင်မှုဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် လုပ်ငန်းစဉ်တွင် ပါဝင်စေရန် ဆီလျော်မှုအရှိဆုံး လူထုအခြေပြုအသင်းအဖွဲ့များနှင့် ပတ်သက်ပြီး အစပြုဆွေးနွေးပါ။ ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်မှုဆိုင်ရာ စစ်တမ်းကောက်ယူမှု လုပ်ငန်းစဉ်အတွင်း အတည်ပြုပါ။
- ဆွေးနွေးခြင်းနှင့် သဘောတူညီမှုအတွက် အချိန်လုံလုံလောက်လောက် ရဖို့သေချာပါစေ။ သို့သော် ရပ်ရွာလူထုအလုပ်များသည်ကို အသိအမှတ်ပြုပြီး သူတို့၏ အချိန်ပေးနိုင်မှုနှင့် အံကိုက်ဖြစ်ပါစေ။

## အဆောတလျင် လေ့လာဆန်းစစ်ချက်

- အန္တရာယ်အတွက် အသင့်ဖြစ်နေသည့် ရပ်ရွာလူထု အဆောတလျင် လေ့လာဆန်းစစ်ချက်ကို အပြီးသတ်ခြင်း ရာသီဥတုလွန်ကဲမှုနှင့် ဘေးအန္တရာယ်များ ကြိုတင်ပြင်ဆင်မှုကို ဖော်ထုတ်သတ်မှတ်ပါ။ နောက်ဆက်တွဲ လေ့လာရေးခရီးနှင့် ဆန်းစစ်ချက်၏ ကျန်အစိတ်အပိုင်းများအတွက် နည်းစနစ်နှင့် နည်းလမ်းများရရှိရန် အထောက်အကူဖြစ်ပါလိမ့်မည်။ ယခုလုပ်ငန်းစဉ်၏ လမ်းညွှန်ချက်အတွက် နည်း (၁) ကို ကြည့်ပါ။

## အကွက် ၄ ။ ရပ်ရွာတွင်းလှည့်ပတ်လေ့လာရန် ပြင်ဆင်ခြင်း။

### လိုအပ်သည့်ပစ္စည်း အစုံအလင်ရှိပါစေ

အောက်ပါတို့ပါဝင်နိုင်သည်

- ရုပ်လုန်ကားချပ်အတွက်စက္ကူ
- ရောင်စုံမာကာ
- ရောင်စုံစက္ကူ
- ဆေးမပေစေရန် သုံးသည့်တိပ်
- ကျောက်ခဲ၊ တုတ်၊ သစ်/စပါးစေ့ စသည့်ရေတွက်ရန်နှင့် အဆင့်သတ်မှတ်ရန်သုံးသည့် ဒေသသုံးပစ္စည်းများ
- အသံဖမ်းစက်
- လုပ်ငန်းဆောင်ရွက်နေပုံကို မှတ်တမ်းတင်ရန်ကင်မရာ (ဓလေ့အရ သင့်လျော်ပြီး ခွင့်ပြုချက်ယူထားရန် သေချာပါစေ။) လုပ်ငန်းမစခင်နှင့် ဆောင်ရွက်ပြီးဓါတ်ပုံများ ရိုက်ယူပါ
- မှတ်စုစာအုပ်နှင့် စာရေးရန် ကလစ်/ ညှပ်/ အောက်ခံပြား
- သရေစာ/နေ့လည်စာ/ သောက်ရေ (အစည်းအဝေးကြာချိန်နှင့် နေရာပေါ်မူတည်ပြီး ပြင်ဆင်ပါ)

### အသင့်ပြင်ထားပါ

- တည်းခိုရန်နေရာ၊ ပို့ဆောင်ရေး၊ အစားအစာအတွက် စီစဉ်ပါ။
- လူထုထံသွားရောက်ဖို့ ခွင့်ပြုချက်ရယူပါ။
- ခရီးစဉ်၏ ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး သုံးသပ်အကဲဖြတ်ရေးအဖွဲ့အတွင်း သဘောတူညီထားပြီးဖြစ်ပါစေ။
- ကွင်းဆင်းခရီးစဉ်အတွက် အသင့်ဖြစ်မည့် လူထုပါဝင်နိုင်သည့် နည်းလမ်းများရေးဆွဲရန် အတူတကွလုပ်ဆောင်ပါ။ နမူနာပုံစံ၊ အချက်အလက်ကောက်ယူသည့်ပုံစံများ စသည်တို့ပါဝင်သည်။
- ဦးဆောင်ဆွေးနွေးသူအားလုံးသည် နည်းလမ်းများနှင့် သုံးသပ်အကဲဖြတ်ရေးနည်းစနစ်များအပေါ် ကောင်းစွာသဘောပေါက်နားလည်ရမည်။ လူထုထံမသွားမီ နည်းလမ်းများအသုံးပြုပုံလေ့ကျင့်ထားခြင်းက အထောက်အကူဖြစ်နိုင်ပါမည်။
- ဦးဆောင်ဆွေးနွေးသူအဖွဲ့ အနေဖြင့် ပါဝင်မည်ဆိုပါက မည်သူကမည်သည့်ကဏ္ဍကို အဓိကဆွေးနွေးပြီး မည်သူက မှတ်စုလိုက်မည်ဆိုသည်ကို ဆုံးဖြတ်ထားပါ။
- ဦးဆောင်ဆွေးနွေးသူအဖွဲ့တွင် အမျိုးသားရောအမျိုးသမီးပါ ထည့်သွင်းသင့်သည်။
- အဖွဲ့ကို လိင်ကွဲပြားမှုကို ထည့်သွင်းစဉ်းစားသည့်ဆွေးနွေးမှု လေ့ကျင့်ပေးထားသင့်သည်။ တချို့အခြေအနေတွင် စိတ်လက်သက်သောင့်သက်သာရှိစေရန် အမျိုးသမီးဆွေးနွေးသူကို အမျိုးသမီးအုပ်စုနှင့် လုပ်ဆောင်စေသင့်သည်။
- အန္တရာယ်၊ သက်မွေးဝမ်းကျောင်း၊ ရင်းမြစ်များ စသည်တို့နှင့်ပတ်သက်သည့် သဘောတရားများကို ဒေသသုံးဘာသာစကားနှင့် မည်သို့ပုံဖော်ပြောဆိုမည်ကို တွဲဘက်ဆွေးနွေးသူများနှင့် သဘောတူညီမှု ယူထားရမည်။
  (*source CARE CVCA 2009)*

### ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာပြန်ကြားဆက်သွယ်ခြင်း

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု သဘောတရားကို လူထုအားရှင်းပြရန် အခက်အခဲရှိနိုင်ပါသည်။ ထိုသို့လုပ်ဆောင်ရန် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ သိပ္ပံရေးရာများကို နားလည်ရန်မလိုအပ်သော်လည်း နားလည်မှုလွဲမှားနေမှုများကို စိန်ခေါ်ဖြေရှင်းရန် လိုအပ်နိုင်ပါသည်။ လူထုအနေဖြင့် ရာသီခွင်၊ မိုးလေဝသနှင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုအကြောင်း ပြောဆိုရန် ပိုပြီးကျွမ်းဝင်မှုရှိပါလိမ့်မည်။ ရှင်းလင်းမှုနှင့် ရှေ့နောက်ကိုက်ညီမှုကို သေချာစေရန် သင်၏အဖွဲ့နှင့် BRACED ဝန်ထမ်းများနှင့် တိုင်ပင်ပါ။

# အဆင့် ၂။ လူထု၏ ဘေးဒဏ်ခံနိုင်မှုကို စစ်တမ်းကောက်ယူခြင်း - ကြိုတင်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း

## အသင့်ပြင်ထားပါ

- ဘေးဒဏ်ခံနိုင်မှု လေ့လာသုံးသပ်ချက် မူဘောင်မေးခွန်းများကိုပြန်လှန်စီစစ်ပါ။ သတင်းအချက်အလက် ကောက်ရန် မည်သည့်နည်းလမ်းကို အသုံးပြုမည်၊ မည်သည့်အစီအစဉ်ဖြင့် သုံးမည်ကိုဆုံးဖြတ်ပါ။ ဘေးဒဏ်ခံနိုင်မှု လေ့လာသုံးသပ်ချက် မူဘောင်မေးခွန်း(အခန်း ၄) ကို ပြန်လှန်စီစစ်ပြီး ကွဲပြားသည့် သတင်းအချက်အလက်များကောက်ရန် မည်သည့် နည်းစနစ် သုံးမည်ကို ဆုံးဖြတ်ပါ။
- အဖွဲ့အနေဖြင့် အသင့်ပြင်ပြီးဖြစ်ကြောင်းနှင့် မည်သို့ဆောင်ရွက်မည်၊၄င်းတို့၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း သိကြောင်း  သေချာပါစေ။
- ဦးဆောင်ဆွေးနွေးမှုနှင့် အသံအမျိုးမျိုးပါဝင်မှုအတွက် အကြံပြုချက် များကို အကွက် ၃ တွင် ကြည့်ပါ။
- လူထုထံသွားရောက်ရန် ခွင့်ပြုချက်တောင်းပါ။ လူအုပ်စုအားလုံးပါဝင်မှု၊ လူထုကြား သတင်းအချက်အလက်ကောက်ယူမှုနှင့် မျှဝေမှုအတွက် လုံလောက်သည့် အချိန်ရစေမည့် လုပ်ငန်း အစီအစဉ် ရေးဆွဲပါ။
- ဆွေးနွေးခြင်းနှင့် သဘောတူညီမှုအတွက် အချိန်လုံလုံ လောက်လောက်ရဖို့ သေချာပါစေ။ သို့သော် ရပ်ရွာလူထု အလုပ်များသည်ကို အသိအမှတ်ပြုပြီး ၄င်းတို့၏ အချိန်ဇယား နဲ့အံကိုက်ဖြစ်ပါစေ။
- အချိန်သတ်မှတ်ပါ။ မည်သည့်နည်းစနစ်၊ မည်သည့်အုပ်စု၊ မည်သူက ဦးဆောင်ဆွေးနွေးမည်၊ အချိန်နှင့် နေရာ။ မတူညီသည့်အုပ်စုအလိုက်အချိန်ပေးနိုင်မှု မတူသည်ကို သတိထားလေးစားပါ။ သတင်း  အချက်အလက်ကောက်ယူခြင်း လုပ်ငန်းစဉ်တစ်ခုလုံးအတွက် အချိန် ၂ ရက် မှ ၄ ရက် အထိ ကြာနိုင်ပါသည်။
- အဖွဲ့အတွက် ထောက်ပံ့ပို့ဆောင်ရေးကို ပြင်ဆင်ပါ။ (ပို့ဆောင်ရေး၊ တည်းခိုရန်နေရာနှင့် အစားအသောက်)

## စစ်တမ်းကောက်ယူခြင်း

- လူထုနှင့်အတူ စစ်တမ်းကောက်ယူမှု ပြုလုပ်ပါ။
- အဖွဲ့စုဝေးပါ။ထွက်ပေါ်လာသည့် ရလဒ်များကို တိုက်ဆိုင်စစ်ဆေးရန် စစ်တမ်းကောက်ယူနေစဉ်အတွင်း အချင်းချင်း သတင်းအချက်အလက် မျှဝေပါ။

## သုံးသပ်အကဲဖြတ်ခြင်း

ဆောင်ရွက်ပြီးစီးသည့် နည်းစနစ်များကြောင့် ဦးတည်လူထုနှင့် သက်ဆိုင်သည့်သတင်းအချက်အလက်များ ထွက်ပေါ်လာစေမည်။ ရာသီဥတုလွန်ကဲမှုနှင့် ဘေးဒဏ်ခံနိုင်သော လူထုဖြစ်လာစေရန် အကူညီပေးရေးအတွက် ဦးစားပေးလုပ်ငန်းများ သတ်မှတ်နိုင်ရန် သတင်းအချက်အလက်များကို ဂရုတစိုက်ပြန်လှန်စီစစ်၊ သုံးသပ်အကဲဖြတ်ရမည်။ သတင်းအချက်အလက်များ စီမံခန့်ခွဲမှုဆိုင်ရာ အကြံပြုချက်များကို အကွက်၅တွင် ကြည့်ပါ။

- ရလဒ်ညှိနှိုင်းရန်နှင့် အဓိကသတင်းစကားနှင့် ပြဿနာများကို ဖော်ထုတ်သတ်မှတ်ရန် အဖွဲ့လိုက်တွေ့ဆုံပါ။ စစ်တမ်းကောက်ယူမှု မေးခွန်းတွေအတွက်အဖြေဟာ ဘာများလဲ ဘာကိုဆိုလိုသလဲ။

- စုစည်းအကျဉ်းချုပ်ပါ။
- လူထုကြားရှိနေစဉ် အဖွဲ့လိုက် စတင်သုံးသပ်အကဲဖြတ်ပါ။ စဉ်းစားပါ
  - ရရှိထားသော သတင်းအချက်အလက်များကို ကိုက်ညီမှု တိုက်ဆိုင်စစ်ဆေးရန် ရှုထောင့်အမျိုးမျိုး ပါဝင်ပါစေ။
  - ဖြစ်ရပ်မှန်ကို စစ်ဆေးရန် တွေ့ရှိချက်များကို အတည်ပြုပါ။
  - ရှုထောင့်အမျိုးမျိုးနှင့် အမြင်အမျိုးမျိုးရှိသည်ကို လက်ခံပြီး ရလာဒ်တွင် ထင်ဟပ်ပါစေ။
- ဗဟုသုတ ကွာဟချက်ကိုဖော်ထုတ်ပြီး လိုအပ်ပါက ဖြေရှင်းနိုင်ရန် စီစဉ်ပါ။
- ရလဒ်များကို စုပေါင်းအကျဉ်းချုပ်ထားသော အစီရင်ခံစာ ပြင်ပါ။ အစီရင်ခံစာတွင် ထည့်သွင်းရန် အကြံပြုထားသော ခေါင်းစဉ်များစာရင်းအတွက် အကွက် ၆ ကိုကြည့်ပါ။
- ရလဒ်များကို သတင်းပြန်ပို့ပြီး စစ်တမ်းကောက်ယူခြင်း၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် တွေ့ရှိချက်များကို လူထုနှင့် အတူ အတည်ပြုပါ။
- လူထုအတွက် အစီရင်ခံစာများကို မြန်မာဘာသာ (သို့) တိုင်းရင်း/ဒေသသုံးဘာသာစကားဖြင့် ရေးသားရပါလိမ့်မည်။ အစီရင်ခံစာတခုလုံးအား အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရန် မျှော်လင့်မထားသော်လည်း BRACED Alliance အဆင့် ပြန်လှန်စီစစ်မှုနှင့် သုံးသပ်အကဲဖြတ်မှုအတွက် ရပ်ရွာအုပ်စု တစ်ခုချင်းစီအတွက် အကျဉ်းချုပ်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးရပါမည်။

### အကွက် ၅။ သတင်းအချက်အလက်စီမံခန့်ခွဲမှု ဆိုင်ရာအကြံပြုချက်များ

- နောက်ထပ်အသုံးပြုနိုင်ရန် သတင်းအချက်အလက် စုစည်းပါ။ အစည်းအဝေးနှင့် ရလဒ်မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ယူပါ။ ဓာတ်ပုံအသုံးပြုရန် လက်ရေးမူခွင့်ပြုချက်ကို သင်၏ အေဂျင်စီနှင့် BRACED ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရယူပါ။
- တစ်နေ့တာပြီးဆုံးတိုင်း သတင်းအချက်အလက်များကိုစနစ် တကျ ရှေ့နောက်အစီစဉ်ချပြီး ခေါင်းစဉ်ခွဲ၊ ဆိုလိုရင်း အနက်ပြန်၊ ကောက်ချက်ချပြီးသုံးသပ်အကြံပြုချက် ရေးဆွဲပါ။
- ရလဒ်များကိုကောက်ယူရန် နည်းလမ်းအမျိုးမျိုးသုံးပါ - သတ်မှတ်ထားသည့် မှတ်စုလိုက်သူက ရေးသားထားသော မှတ်စုများ၊ ဓာတ်ပုံများနှင့် နေ့စဉ်မှတ်တမ်း ရေးသွင်းချက်များက အသုံးဝင်သည်။

## မိုးလေဝသနှင့် ရာသီဉတုပြောင်းလဲခြင်းဆိုင်ရာ သတင်းအချက်အလက်များကို အတည်ပြုခြင်း

လူထု၏ ရာသီဉတုကွဲပြားခြင်းနှင့် ပြောင်းလဲခြင်းဆိုင်ရာ အတွေ့အကြုံများက ရပ်ရွာတွင်းရှိ အခြေအနေပေါ် အတွင်းကျကျ သိမြင်စေရန် ကူညီပေးသည်။ သို့ရာတွင် အန္တရာယ်များ အလိုက် လူထုသည် ဘေးဒဏ်ခံနိုင်မှု ရှိလာစေရန် ရွေးချယ်မှုနှင့် ဆုံးဖြတ်မှုများ မှန်မှန်ကန်ကန်ပြုလုပ်နိုင်ရေး အတွက် ယင်းသတင်းအချက်အလက်များကို အတည်ပြုရန် အရေးကြီးသည်။

အကွက်(၁) တွင် မိုးလေဝသနှင့် ရာသီဉတုပြောင်းလဲခြင်း ဆိုင်ရာ သတင်းအချက်အလက်များ ရနိုင်သည့် ရင်းမြစ်များကို အသားပေးဖော်ပြထားသည်။ ဇယား (၁) နှင့် (၂) ကို လူထုထံမှရသည့် သတင်းအချက်အလက်များကို အတည်ပြုရန်အတွက် အသုံးပြုရန် တိုက်တွန်းသည်။ မတူညီသောကာလအလိုက်ဆုံးဖြတ်ချက်ချမှတ်ရန် ဤနည်းစနစ်များက ကူညီပေးနိုင်သည်။

> အကြံပြုချက် - မိုးလေဝသနှင့် ရာသီဉတု ဖြစ်ရပ်တိုင်းကို ရာသီဉတု ပြောင်းလဲခြင်းအဖြစ် ရည်ညွှန်းခြင်း မပြုပါနှင့်။ ရေကြီးမှုနှင့် မိုးခေါင်မှုအပါ အဝင် ဖြစ်ရပ်များစွာတို့သည် သဘာဝ ရာသီစက်ဝန်း၊ မြေအသုံးပြုမှု ပြောင်းလဲခြင်းနှင့် မရည်ရွယ်သော ပြောင်းလဲတိုးတက်မှု စသည်တို့ကြောင့်လည်း ဖြစ်နိုင်သည်။

ဇယား ၁ - ကာလတိုများ ပေါင်းထည့်ခြင်းအတွက် ဆုံးဖြတ်ချက်ချမှတ်ရန် လမ်းညွှန် (Source: RIMES)

| သမိုင်း အချက်အလက် (ဉတု ရာဇဝင်/မိုးလေဝသ နှင့် ဇလဗေဒဌာန) | မကြာသေးခင်ကာလ ၁ - ၂ လ | လက်ရှိဖြစ်ပေါ်မှု | ဆက်စပ် ဖြစ်ပေါ်မှု | မိုးလေဝသခန့်မှန်းချက် (မိုးလေဝသနှင့်ဇလဗေဒဌာန၏ ခန့်မှန်းချက်) | ဆုံးဖြတ်ချက် | တဆက်တည်း စောင့်ကြည့် လေ့လာခြင်း |
|---|---|---|---|---|---|---|
| ကျောက်ဖြူတွင် အမြင့်ဆုံးမိုးရေချိန် ရောက်ရှိသော လများမှာ ဇွန်၊ ဇူလိုင် နှင့် ဩဂုတ်လတို့ ဖြစ်သည်။ | အလွန် ခြောက်သွေ့သော အခြေအနေ | မိုးသည်းထန် | ရေလှောင်ကန်များတွင် ရေခြောက်ခန်း | ဩဂုတ်လတွင် သာမန် မိုးရေချိန်ထက်မြင့်<br>7-9 ဩဂုတ်လဆန်း (၁၀) ရက်အတွင်း ၇-၉ ရက်အထိ ဆက်တိုက် မိုးရွာသွန်း | မိုးရေခံခြင်းနှင့် စုဆောင်းသိုလှောင်ထားခြင်း | |
| | ဇွန်နှင့် ဇူလိုင်တွင် ထူးကဲမိုးရေချိန် | မိုးသည်းထန် | ရေလှောင်ကန်များတွင် ရေသိုလှောင်<br>မြစ်ရေမြင့်တက် | ဩဂုတ်လတွင် သာမန် မိုးရေချိန်ထက်မြင့်<br>7-9 ဩဂုတ်လဆန်း (၁၀) ရက်အတွင်း ၇-၉ ရက်အထိ ဆက်တိုက် မိုးရွာသွန်း | ရေဘေးအတွက်ကြိုတင် ပြင်ဆင်မှု<br>- ဘေးလွတ်ရာ ပြောင်းရွှေ့ခြင်း<br>- အစာ၊ ရေ သိုလှောင်ခြင်း<br>- မွေးမြူရေး တိရစ္ဆာန်များကို ကာကွယ်ခြင်း<br>- ရေကန်များကို ရေလွှမ်းမိုးမှု မရှိအောင် ပြုလုပ်ခြင်း။ | |



ဇယား ၂ - ကာလရှည်များ ပေါင်းထည့်ခြင်းအတွက် ဆုံးဖြတ်ချက်ချမှတ်ရန် လမ်းညွှန် (Source: RIMES)

| သမိုင်းအချက်အလက် | ရာသီဉတုပြောင်းလဲခြင်းဆိုင်ရာ ကြိုတင်တွက်ဆချက်များ | အခြား စဉ်းစားရန် အချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|---|
| **လိုအပ်သော သတင်း အချက်အလက်:**<br>- ပုံမှန်က ဘယ်လိုရှိလဲ<br>- ပြောင်းလဲမှုနှင့် ကြုံတွေ့ခဲ့ရသော ရာသီဉတု လွန်ကဲမှု<br>- သက်ရောက်မှုတွေနဲ့ အစပြုမှုတွေက ဘာတွေလဲ | မျှော်မှန်းထားတဲ့ ရာသီဉတု ပြောင်းလဲခြင်းတွေက<br>- အပူချိန်<br>- မိုးရေချိန်<br>- ပြောင်းလဲ<br>- လွန်ကဲမှု<br>နောင်ရာသီဉတုက အန္တရာယ်တွေ ဘယ်လိုဆိုးရွားစေမလဲ | မြို့ပြအသွင်ကူးပြောင်းလာမှု ကြိုတင်စီစဉ်မထားသော ပြောင်းလဲတိုးတက်မှု လူဦးရေပြောင်းလဲမှု | လိုက်လျောညီထွေ ဖြစ်စေမယ့် (သို့) ဘေးလျော့ချရေး ရွေးချယ်စရာတွေက ဘာတွေလဲ |
| ဥပမာ။ မိတ္ထီလာ - မေ၊ ဇွန်၊ ဩဂုတ်နှင့် စက်တင်ဘာတွင် မိုးအများဆုံး ရွာသွန်းပြီး မေလမှာ မိုးရေချိန်အနည်းဆုံးဖြစ်သည်။ | မေနှင့် ဇွန်တွင် မိုးရေချိန် လျော့နည်း (ဥပမာသာ) | ရေတွင်းအသစ်များတွင် ဆားငန်ရေတိုး<br>ရွာမှ ၃ မိုင်အကွာတွင် ရေချို ရနိုင်<br>နယ်မြေကူးသန်း အလုပ်ရှာဖွေမှုအတွက် | အနာဂါတ်တွင် ချောင်းမြောင်းများ အတွင်း ရေအနေအထားကို လေ့လာမှုပြုရန်နှင့် ပိုသိုလှောင်နိုင်ရန် တမံတုတ်ခြင်း လုပ်ငန်းလုပ်ရန် အဆိုပြု<br>မိုးအများဆုံး ရွာသွန်းသည့် လများတွင် မိုးရေစုဆောင်းမှု နည်းလမ်းများကို အဆင့်မြှင့်ရန် |

## သတင်းအချက်အလက်များကို ပေါင်းစုခြင်းနှင့် စိတ်မှန်းဖြစ်နိုင်ခြေကို ပုံဖော်ခြင်း

ဘေးဒဏ်ခံနိုင်မှုစွမ်းရည်ဆိုင်ရာ လေ့လာဆန်းစစ်ချက်၏ လမ်းညွှန်မေးခွန်းများကို ဖြေဆိုနိုင်ရန် စုဆောင်းထားသည့် သတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံ သုံးသပ်စီစစ်ရန်၊ ပေါင်းစပ်ရန်နှင့် နှိုင်းယှဉ်မှုပြုရန် လိုအပ်သည်။ လူထုထံမှ ကောက်ခံရရှိသောသတင်းအချက်အလက်များကို မိုးလေဝသနှင့် ရာသီဥတုအချက်အလက်များ၊ ယခင်ဆန်းစစ်လေ့လာမှုများအပါအဝင် တစ်ဆင့်ခံသတင်း အချက်အလက်များနှင့် နှိုင်းယှဉ်အတည်ပြုရန်လိုအပ်သည်။ စီမံချက်အဖွဲ့အနေဖြင့် လားရာလမ်းကြောင်း၊ ယေဘုယျပြဿနာများ၊ ကွာခြားချက်များကို ဖော်ထုတ်ပြီး ဖြစ်စဉ်ကို သုံးသပ်အကဲဖြတ်ရမည်။ အားလုံးသော အဓိကအချက်အလက်များကို ဇယားဖြင့် အကျဉ်းချုပ်ရေးသွင်းခြင်းသည် သတင်းအချက်အလက်များကို နှိုင်းယှဉ်ရန်နှင့် ယှဉ်ကြည့်ရန်အတွက်လည်းကောင်း၊ မည်သည်တို့ကို အတည်ပြုရန်လိုအပ်သည်ကိုဖော်ထုတ်ရန် အတွက်လည်းကောင်း အကူအညီဖြစ်စေသည်။

အန္တရာယ် တစ်ခုချင်းစီအလိုက် ဘေးဒဏ်ခံနိုင်စွမ်းကို အားဖြည့်ပေးရန်လိုအပ်သော အရေးယူဆောင်ရွက်မှုများနှင့် လုပ်ငန်းများကို စတင်ဖော်ထုတ်နိုင်ရေး စိတ်မှန်းဖြစ်နိုင်ခြေကို ပုံဖော်ခြင်း လေ့ကျင့်ခန်း (ဇယား - ၃) က ကူညီပေးပါမည်။

သုံးသပ်စီစစ်ခြင်း ပထမအဆင့်၌ အခန်း (၄) တွင် အသားပေးဖော်ပြထားသော လူထု၏ ဘေးဒဏ်ခံနိုင်မှုစွမ်းရည်ဆိုင်ရာ လေ့လာဆန်းစစ်ချက် အဓိကမေးခွန်းများကို ဖြေဆိုခြင်းဖြင့် လူထုထံမှ ကောက်ခံလာသော အချက်အလက်များကို အကျဉ်းချုပ် ပါဝင်သင့်သည်။ ရပ်ရွာအတွင်းရှိ အန္တရာယ်များ၊ ထိခိုက်လွယ်မှုများနှင့် စွမ်းဆောင်နိုင်မှုများအား အသေးစိတ်ခြုံငုံသိနိုင်စေရန် ပံ့ပိုးပေးပါလိမ့်မည်။ အောက်တွင်ဖော်ပြထားသကဲ့သို့ အဓိကအချက်အလက်များ ဇယားကွက်အတွင်း အကျဉ်းချုပ်ထည့်သွင်းနိုင်ပါသည်။

| အန္တရာယ် | အကျိုးဆက်/သက်ရောက်မှုများ<br>လူ၊ အခြေခံအဆောက်အဦး၊ သက်မွေးဝမ်းကျောင်းမှု၊ စားနပ်ရိက္ခာဖူလုံမှုနှင့် လူမှုရေးဖွဲ့စည်းပုံ စသည်တို့အပေါ် | ထိခိုက်လွယ်မှု<br>မည်သည့်အုပ်စုက ထိခိုက်လွယ်ဆုံးဖြစ်ပြီး ဘာကြောင့်ဆိုသည်ကို ဖော်ထုတ်ပါ | စွမ်းဆောင်နိုင်မှုများ<br>အားသာချက် နှင့် အားနည်းချက် | အလားအလာရှိ မဟာဗျူဟာ<br>• အခြေခံအဆောက်အဦ (I)<br>• ဂရုပြုနားလည်မှု အတတ်နှင့်စွမ်းရည် (A)<br>• အသင်းအဖွဲ့များ၊ လက်တွဲဆောင်ရွက် ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း(P) |
|---|---|---|---|---|
| မိုးသည်းထန်မှု၊ မုန်တိုင်းနှင့် ဆိုင်ကလုန်းများကြောင့် ဖြစ်ပေါ်လာသည့် ရေဘေး | မြစ်ကမ်းဘေးနေ လူအုပ်စုများ ရေနစ်နိုင်/ မတတ်သာ၍ ရေထဲဆက်နေရ<br>• မြစ်ဘေးရှိ စိုက်ကွင်းများ (ဆန်စပါး) ရေလွှမ်းမိုးမှု ခံရနိုင်ပြီး အကျိုးဆက် အနေဖြင့် သီးနှံ/ဝင်ငွေ/အစာ ဖူလုံမှု ဆုံးရှုံးမှုဖြစ်<br>• မြစ်တဘက်ကမ်းရှိ ကျောင်းနှင့် ရေကြီးမှုဆိုးရွား | မြစ်ကမ်းဘေးတွင်နေထိုင်သော ဆင်းရဲအိမ်ထောင်စုများသည် မြစ်ကမ်းနှင့် လှမ်းသော ကုန်းမြင့်ပေါ်နေထိုင်သည့် ချမ်းသာသောအိမ်ထောင်စုများ ထက် ထိခိုက်လွယ်မှုပိုရှိသည်။<br>• အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်နိုင်မည့် နည်းလမ်းများဆိုင်ရာ ဗဟုသုတနှင့် ဂရုပြုနားလည်မှု နည်းပါးနိုင်<br>• မြစ်နှင့် ဝေးသော နေရာတွင် နေသည့် မိသားစုတွင် အကူမပါ ပါက လမ်းမလျှောက်နိုင်သည့် သက်ကြီးရွယ်အို ရှိခြင်း။<br>• ရွာ၊ ခိုလှုံရာ နေရာနှင့် ရွာစာသင်ကျောင်း ကြားတွင် မြစ်ခံနေပြီး ကလေးငယ်များအတွက် လွတ်လမ်း မရှိခြင်း။ | ရွာကုန်းမြင့်ပေါ်တွင် လုံခြုံရာ နေရာရှိခြင်း။<br>• မြစ်ဘေးရှိ ထိခိုက်လွယ်သော အိမ်ထောင်စုများအတွက် ဘေးလွတ်ရာ ပြောင်းရွှေ့ရန် လမ်းကြောင်းနှင့် အစီအစဉ် မရှိခြင်း။<br>• မြစ်ဘေးရှိ လူအုပ်စုများတွင် ဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတနှင့် ဂရုသတိပြု နားလည်မှု နည်းပါးခြင်း<br>• စနစ်ကျသော ကြိုတင် အစီအမံ မရှိခြင်း။<br>• ရပ်ရွာတွင် လူထုအခြေပြု အသင်းအဖွဲ့ ရှိခြင်း<br>• ယာယီအိမ်ရာများ ဆောက်လုပ်ရန် ဝါးပင်များ ရှိခြင်း | မြစ်နံဘေးရှိ ထိခိုက်လွယ်သော လူများအတွက် ဝါးဖြင့် ယာယီ အိမ်များ ဆောက်လုပ်ရန်။ (I)<br>• ဘေးအန္တရာယ် ကြိုတင် ပြင်ဆင်မှုနှင့် တုံ့ပြန်မှုအပေါ် လူထု သတိပြု နားလည်မှု အရည်အချင်းနှင့် သင်တန်း(A)<br>• ရပ်ရွာတွင်း ကြိုတင်သတိပေးမှု စနစ် (p)<br>• တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ ဖန်တီးပြီး လေ့ကျင့်ပါ။ (p)<br>• ရပ်ရွာအခြေပြု ခိုလှုံရာ တည်ဆောက်ပါ။ (I)<br>• တစ်အိမ်တက်ဆင်း ကြိုတင် သတိပေးမှုစနစ် (p)<br>• သီးနှံကာကွယ်ရန် တမံ မြှင့်ပါ။ (I)<br>• လူထု၊ အထူးသဖြင့် ကျောင်းချိန်အတွင်း ရေဘေး ပေါ်ပေါက်လာပါက ကျောင်းနေကလေးများ၏ ကျောင်းများအတွက် ပုံစံ ထုတ်ထားသော ဘေးလွတ်ရာ ပြောင်းရွှေ့ရေး အစီစဉ်နှင့် လမ်းကြောင်း (p) |
| | မြစ်ကြောင်းပြောင်းခြင်း | နေရာသစ်များ ရေလွှမ်းခြင်း | လူ့အရင်းအမြစ်နှင့် စက်ပစ္စည်း | - ရေထိန်းနံရံနှင့် တမံများ ဆောက်လုပ်ခြင်း (I) |

ဤသတင်းအချက်အလက်များကို ဆုံးဖြတ်ချက်နှင့် အရေးယူဆောင်ရွက်မှုအဖြစ် ပြောင်းလဲရမည်။ အရေးယူဆောင်ရွက်ရန်များ သတ်မှတ်ရာတွင် အမှန်ကန်ဆုံး နည်းလမ်းမှာ အန္တရာယ် တစ်ခုချင်းစီအလိုက် စိတ်မှန်းဖြစ်နိုင်ချေများကို ပုံဖော်ခြင်းဖြစ်သည်။ နောင်အနာဂတ် ဘေးအန္တရာယ်၏ ဖြစ်နိုင်ဖွယ်ရှိသည့် အတိုင်းအတာကို သိရှိနိုင်မည်ဖြစ်ရာ တုံ့ပြန်ဆောင်ရွက်မှု အဆင့်ကိုပါ သတ်မှတ်နိုင်မည်ဖြစ်သည်။ ဇယား (၃) ကို စိတ်မှန်းဖြစ်နိုင်ခြေများကို ခန့်မှန်းရန် သုံးနိုင်သည်။

တိကျမှန်ကန်စွာ အတန်အသင့်/ ပြင်းထန်/ ဆိုးရွား စိတ်မှန်းဖြစ်နိုင်ချေများ ခန့်မှန်းရန် နောက်ဆုံးရ ရာသီဥတုနှင့် မိုးလေဝသ အချက်အလက်များကို ကြည့်ရှုရမည်။ ကျွမ်းကျင်သူ၏ ပံ့ပိုးမှုဖြင့် စိတ်မှန်းဖြစ်နိုင်ခြေများကို ခန့်မှန်းရမည်ဖြစ်သော်လည်း အရေးယူဆောင်ရွက်ရန်များကို လူထုနှင့်အတူ သတ်မှတ်နိုင်သည်။

## ဇယား ၃ - ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး အထောက်အပံ့ စိတ်မှန်းဖြစ်နိုင်ခြေပုံဖော်ခြင်း ဇယား

| အန္တရာယ် | အလားအလာ စိတ်မှန်း ဖြစ်နိုင်ချေ | ကုန်းမြေ၊ လူဦးရေ | အခြေခံ အဆောက်အဦး | မွေးမြူရေး တိရစ္ဆာန်များ | လူမှုရေး အန္တရာယ် | စီးပွားရေး | အရေးယူ ဆောင်ရွက်ရန်များ |
|---|---|---|---|---|---|---|---|
| ရေဘေး | **စိတ်မှန်းဖြစ်နိုင်ချေ - ၁** အတန်အသင့် ရေလွှမ်းမှု ၂ပေ အောက် | စိုက်ပျိုးမြေ အတန်အသင့် ရေလွှမ်း | အိမ်ရာ၊ ကျောင်းများနှင့် ရပ်ရွာအဆောက်အဦး များထံ ယာယီအားဖြင့် သွားရောက်နိုင်မှု မရှိ | မွေးမြူရေး တိရိစ္ဆာန်များအပေါ် ကျရောက်မှုနည်း | အနည်းငယ် | စိုက်ပျိုးမြေများ ယာယီဆုံးရှုံး နိုင်သော်လည်း ရေကျလျှင် ပြန်စိုက်နိုင် | |
| | **စိတ်မှန်းဖြစ်နိုင်ချေ - ၂** ရေကြီးမှုပြင်းထန် ၂ပေ မှ ၈ပေ | စိုက်ကွင်းများ ရေမြုပ် - ၁၂ နာရီထက်ကြာ ရေမြုပ်လျှင် သီးနှံများ ပျက်စီး | အိမ်ရာ၊ ကျောင်းများနှင့် ရပ်ရွာပိုင် အဆောက်အဦများ ထိခိုက် | မွေးမြူရေး တိရစ္ဆာန်များ အပေါ် ကျရောက်မှုနည်း | မိသားစုများ ခေတ္တရွှေ့ပြောင်းရ လူမှုစီးပွားနှင့် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများရှိ | စိုက်ပျိုးမြေနှင့် မွေးမြူရေး တိရစ္ဆာန်များ ဆုံးရှုံးခြင်းကြောင့် ဝင်ငွေလျော့ | |
| | **စိတ်မှန်းဖြစ်နိုင်ချေ - ၃** အဆိုးဆုံး ၈ပေ အထက် | စိုက်ပျိုးမြေ လုံးဝ ရေလွှမ်း – crops | အိမ်ရာ၊ ကျောင်းများနှင့် ရပ်ရွာပိုင် အဆောက်အဦများ အကြီးအကျယ် ထိခိုက်ပျက်စီး | မွေးမြူရေး တိရစ္ဆာန်များ ရေနစ် | မိသားစုများ ခေတ္တရွှေ့ပြောင်းရ လူမှုစီးပွားနှင့် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများ ရှိ | စိုက်ပျိုးမြေနှင့် မွေးမြူရေး တိရစ္ဆာန်များ ဆုံးရှုံးခြင်းကြောင့် ဝင်ငွေလျော့ | ကြုံတွေ့ဖူးသော၊ ခန့်မှန်းထားသော အမြင့်ဆုံး ရေအမြင့်ထက် ပိုသော နေရာတွင် အကာအကွယ်နေရာ သတ်မှတ်ပါ။ ရေကြီးမှုများသော ကာလများအတွင်း ရေနှင့်အစာ စုဆောင်းသိမ်းဆည်းခြင်းကို တိုးမြှင့်ပါ။ |
| မိုးခေါင်ခြင်း | အတန်အသင့် | | | | | | |
| | ပြင်းထန် | | | | | | |
| | ဆိုးရွား | | | | | | |
| ဆိုင်ကလုန်း | အတန်အသင့် | | | | | | |
| | ပြင်းထန် | | | | | | |
| | ဆိုးရွား | | | | | | |
| အခြားအန္တရာယ်များ | အတန်အသင့် | | | | | | |
| | ပြင်းထန် | | | | | | |
| | ဆိုးရွား | | | | | | |

# အဆင့် ၃ ။ ဘေးဒဏ်ခံနိုင်မှု လုပ်ငန်းအစီအစဉ် ဖန်တီးရေးဆွဲခြင်း၊ ဦးစားပေးသတ်မှတ်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း

ဘေးဒဏ်ခံနိုင်မှု လေ့လာဆန်းစစ်ချက်လုပ်ငန်းစဉ် (လုပ်ငန်းစဉ် တလျှောက် မကြာခဏလည်း ဖြစ်နိုင်)၏ နောက်တွင် ထွက်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းရန် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို လူထုက တစ်ဦးချင်း၊ အိမ်ထောင်စု/မိသားစုနှင့် ရပ်ရွာ/လူထု အစုအဖွဲ့လိုက် အပါအဝင် အနေအထားအမျိုးမျိုး အတွက် ဘေးဒဏ်ခံနိုင်မှု လုပ်ငန်းများကို ပုံစံထုတ်ရေးဆွဲရမည်။

### ဘေးဒဏ်ခံနိုင်မှုဆိုင်ရာ ကြားဝင်ဆောင်ရွက်မှု ဥပမာ- ဘေးအန္တရာယ်လျော့ချခြင်း။

- ဆိုင်ကလုန်းဒဏ်ခံ အဆောက်အဦများ ဆောက်လုပ်ခြင်း
- လူထု ဘေးလွတ်ရာပြောင်းရွှေ့ရေး အစီအမံနှင့် အစမ်းလေ့ကျင့်မှုများ
- ကြိုတင်သတိပေးမှုစနစ်
- လူထု ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်
- လျော့ချမှု အသေးစားများ - တာတမံ၊ တံတား၊ ရေ စသည်

### ရာသီဥတုပြောင်းလဲမှုနှင့် သဟဇာတဖြစ်အောင်ပြုလုပ်ခြင်း

- မြေနိမ့်ဒေသများရှိ စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရန် ရေဘေး စီမံခန့်ခွဲခြင်း အစီအမံ
- မြို့ပြဧရိယာတွင် ရေကြီးမှုကာကွယ်ရေးနှင့် မြောင်းစနစ်
- ဒီရေတက်ခြင်းနှင့် ဆားငံရေဝင်ခြင်းတို့မှ ကာကွယ်ရန် ကမ်းရိုးတန်း တာတမံစီမံကိန်း
- နွေသီးနှံစိုက်ပျိုးနိုင်ရန် ရေသွင်းစနစ်
- ဆားငံရေ၊ မိုးခေါင်မှုနှင့် ရေကြီးဒဏ်ခံ အထွက်နှုန်းမြင့် သီးနှံ အမျိုးအစားများ ထုတ်လုပ်ရန် စိုက်ပျိုးသုတေသန အစီစဉ်များ
- ကမ်းရိုးတန်း 'စိမ်းရောင်စို' စီမံကိန်းများ
- သက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေရင်းမြစ်များ အမျိုးစုံလင်စေခြင်း
- ပိုကောင်းသော ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် မိုးလေဝသနှင့် ရာသီဥတုသတင်းအချက်အလက်များ လက်လှမ်းမှီနိုင်မှု တိုးမြှင့်ပေးခြင်း (Source: adapted from Aka Firowz Ahmad)

### ဘေးဒဏ်ခံနိုင်သော အဆောက်အဦး၊ အခြေခံဝန်ဆောင်မှုနှင့် ပစ္စည်း အရင်းအနှီး

- စွမ်းအင်၊ အစာနှင့် ရေတို့အား ရေရှည်ရရှိနိုင်မှု
- တွက်ဆထားသော ရေကြီးမှု (သို့) မုန်တိုင်း ရုတ်တရက်ဖြစ်ပေါ်မှု၊ အပူချိန်ပြောင်းလဲမှုနှင့် အခြား ရာသီဥတုပြောင်းလဲခြင်း၊ ဘေးအန္တရာယ် သက်ရောက်မှုများကိုထည့်သွင်းစဉ်းစားပြီး ပုံထုတ်ထားသော အဆင့်မြင့် ဘေးဒဏ်ခံ အဆောက်အဦး နှင့် ရပ်ရွာပိုင်အဆောက်အဦး
- ပစ္စည်းအရင်းအနှီးနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများအား လက်လှမ်းမှီနိုင်မှု မြှင့်တင်ထားခြင်း

လုပ်ငန်းအစီအစဉ်တွင် အသင့်လျော်ဆုံးသောအရေးယူဆောင်ရွက်မှုများ ပါရှိကြောင်း သေချာစေမည့်အရေးပါသောလုပ်ငန်းစဉ် (၂)ခုမှာ ဦးစားပေး ရွေးချယ်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း ဖြစ်သည်။

BRACED က ရံပုံငွေ ထောက်ပံ့ထားသောကြားဝင် ဆောင်ရွက်မှုတိုင်းတွင် ရပ်ရွာတွင်းရှိ ထိခိုက်လွယ်ဆုံး အုပ်စုများကို ဦးစားပေး ရမည် ဖြစ်ပြီး လူထုထံ ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြုနိုင်မည့် လုပ်ငန်း ရှေ့ရှုရမည်။

လေ့လာဆန်းစစ်မှုရလဒ်၏ သုံးသပ်အကဲဖြတ်ချက်ပေါ်မူတည်ကာ လူထုအသိုက်အဝန်းအလိုက် မည်သည့်လုပ်ငန်းများက သင့်လျော်သည်ဆိုသည်ကို ကွင်းဆင်းအဖွဲ့က လမ်းညွှန်ချက်ပေးသင့်သည်။ ယင်းအတွက် လူထုနှင့် တိုင်ပင်ဆွေးနွေးသင့်ပြီး ရလဒ်အနေဖြင့် 'လုပ်ငန်းစာရင်းရှည်' ရရှိလာပါလိမ့်မည်။ 'စီမံကိန်း' ပေါ်မူတည်ရန်မသင့်ဘဲ လူထု၏ လိုအပ်ချက်များအပေါ်သာ အခြေခံသင့်သည်။ ထို့နောက်လူထုက ဆောင်ရွက်မည့် လုပ်ငန်းအစုများရရန် ဦးစားပေးရွေးချယ်ရမည်။

- ဦးစားပေးရွေးချယ်ခြင်း လုပ်ငန်းစဉ်တွင် အပြီးသတ်ရွေးချယ်မှုအတွက် ကျိုးကြောင်းပြနိုင်ကြောင်း သေချာစေရန်နှင့် လုပ်ငန်းအလိုက်အသုံးပြုသောရင်းမြစ်များ သင့်လျော်မှုရှိကြောင်းသေချာစေရန် မှတ်တမ်းတင်ထားသော ပွင့်လင်းမြင်သာသည့် ဆွေးနွေးမှုပါဝင်ရမည်။
- စိစစ်သုံးသပ်ခြင်း လုပ်ငန်းစဉ်တွင် လုပ်ငန်းတခုကြောင့် သဘာဝပတ်ဝန်းကျင်၊ ကျားမတန်းတူညီမျှမှုနှင့် ပဋိပက္ခအပေါ်ကျရောက်နိုင်သည့် အန္တရာယ်အလားအလာကို အသေးစိတ်ထည့်သွင်းစဉ်းစားမှုလိုအပ်သည်။

### လုပ်ငန်းအစီအစဉ်ချမှတ်ခြင်း

- လုပ်ငန်းအစီစဉ်ရေးဆွဲရာတွင် လူထုကဦးဆောင်သည့် လုပ်ငန်းစဉ်၌ သင့်လျော်မှန်ကန်သည့် လူနှင့်အဖွဲ့အစည်း ပါဝင်ကြောင်း သေချာပါစေ။ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းစေရန်နှင့် သဟဇာတရှိစေရန်အတွက် ဒေသတာဝန်ရှိသူများ၏ အခန်းကဏ္ဍကို စဉ်းစားပါ။
- ဆွေးနွေးမှုကို လမ်းကြောင်းပေးရာတွင် စီမံချက်၏ပန်းတိုင်နှင့် ဦးစားပေးများကို သတိပြုပါ။ စီမံကိန်းက မည်သည်တို့ကို ဖြေရှင်းလိုသည်နှင့်ပတ်သက်ပြီး ရပ်ရွာလူထုကို သတိပေးရန် လိုအပ်နိုင်မည်။
- ရွေးချယ်စရာများကို စာရင်းရှည်ရှည်ပြုစုပြီး ဦးစားပေးရွေးချယ်မှု နည်းစနစ်များကို အသုံးချပါ။

### ဦးစားပေးရွေးချယ်ခြင်း

- စီမံကိန်းသက်တမ်းတစ်လျောက်လုံး အသုံးပြုနိုင်မည့် စီမံကိုင်တွယ်နိုင်သော စာရင်းအဖြစ်ရရှိရန် ဆောင်ရွက်နိုင်မည့် နည်းစနစ်နှင့် လုပ်ငန်းစဉ် အမျိုးမျိုးရှိသည်။
- ဦးစားပေးရွေးချယ်ခြင်း လုပ်ငန်းစဉ်တွင် အပြီးသတ်ရွေးချယ်မှုအတွက် အကျိုးအကြောင်းပြနိုင်ကြောင်း သေချာစေရန်နှင့် လုပ်ငန်းအလိုက် အသုံးပြုသော ရင်းမြစ်များသင့်လျော်မှုရှိကြောင်း သေချာစေရန် မှတ်တမ်းတင်ထားသော ပွင့်လင်းမြင်သာသည့် ဆွေးနွေးမှုပါဝင်သည်။ ယင်းနည်းစနစ်များအနက်မှ ရွေးချယ်ပြီး ကျားအုပ်စု၊မအုပ်စုနှင့် အရော အုပ်စုများနှင့်ဆွေးနွေးမှုကိုပြုလုပ်ပါ။
    - သက်ရောက်မှု - အကောင်အထည်ဖော်မှု matrix
    - ဒွိယံ/စုံတွဲလိုက် အဆင့်ခွဲခြင်း Pair-wise ranking
    - သတ်မှတ်ချက်စုံ စိစစ်သုံးသပ်ချက် Multi-criteria analysis
    - -- လူထုအခြေပြု စရိတ်တွက်ခြေကိုက် စိစစ်သုံးသပ်ချက် Community Based Cost Benefit Analysis

အပြီးသတ်စာရင်းအတွက် စဉ်းစားရန်

- **BRACED ၏ စီမံချက် ဦးစားပေးများနှင့် ပန်းတိုင်များနှင့် အံကိုက်ဖြစ်အောင် ဘယ်လို လုပ်နိုင်မလဲ။**
စီမံချက်အတိုင်းအတာတွင်ရှိမနေလျှင် လုပ်ငန်းများနှင့် ၄င်းတို့ကို ကွဲပြားသော (သို့) နောင်လုပ်ထုံးလုပ်နည်း(mechanism) မှတဆင့် ပို့ပေးနိုင်မည့် ဖြစ်နိုင်ဖွယ်ရှိသော ရပ်တည်အရေးဆိုမှုကိုပြန်စဉ်းစားသင့်သည်။

- **ဘာတွေ လုပ်ဖို့လိုအပ်သလဲ။**
လုပ်ငန်းအစီအစဉ်က လူထု၏ ထိခိုက်လွယ်မှု လျော့ချ ပေးနိုင်ရေးအတွက် လိုအပ်သည့် ပြဿနာများကို ဖော်ထုတ်သတ်မှတ်ပေးနိုင်ရန်နှင့် ဘေးဒဏ်ခံနိုင်ရန်အတွက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရမည်။ ပြဿနာဖြေရှင်းရန် လူထုကြားဆောင်ရွက်ထားမှုများအပေါ် အခြေခံရမည်။

- **ဘယ်သူက ဘာတွေကို ဘယ်အချိန်မှာ လုပ်သင့်လဲ။**
၄င်းတို့၏လိုလားချက်များ ရရှိအောင်ပံ့ပိုးပေးနိုင်မည့် ဒေသခံအသင်းအဖွဲ့နှင့် ပြင်ပအသင်းအဖွဲ့တို့အကြား ခွဲခြားနိုင်ရန် ၄င်းတို့ကိုယ်တိုင်ဆောင်ရွက်နိုင်သော လုပ်ငန်းများနှင့် ပြင်ပ အကူအညီ လိုသော လုပ်ငန်းများကို ခွဲခြားသတ်မှတ်ရန် အဓိကပြဿနာများကိုဖော်ထုတ်ပြီးသည်နှင့် ဆွေးနွေးသင့်သည်။ လိုအပ်ချက်များ ပြည့်မီရန် လူထုအနေဖြင့် ၄င်းတို့ရယူရန်လိုအပ်သော ပံ့ပိုးမှုအဆင့် (တိုင်းဒေသ သို့ နိုင်ငံတော်အဆင့်) ကို သတ်မှတ်သင့်သည်။

- **ဘာအရင်းအမြစ်တွေနဲ့လဲ။**
လူ့လုပ်အား အပါအဝင် ရပ်ရွာတွင်း ရနိုင်သည့် ရင်းမြစ် နှင့် ပြင်ပရင်းမြစ်များကို လူထုက ထုတ်ဖော် သတ်မှတ်သင့်သည်။ ရင်းမြစ်မည်သည့်နေရာက ရနိုင်မည်ကို မသိလျှင် လူထုအနေဖြင့် လုပ်ငန်းအစီအစဉ်ရေးဆွဲနိုင်မည်မဟုတ်ပါ။ ရပ်ရွာတွင်း(သို့) BRACED စီမံကိန်းမှ မရနိုင်သည့် ရင်းမြစ်များကို မည်သည့်နေရာမှ အရ ယူမည်ကို လူထုက ဖော်ထုတ်ရန်လိုသည်။ (ဥပမာ - ဒေသအစိုးရအဖွဲ့များ၊ အခြားသော လူမှုအဖွဲ့အစည်းများ) ရပ်ရွာတွင်းက ဖြစ်စေ၊ ပြင်ပက ဖြစ်စေ ရံပုံငွေစုဆောင်းနိုင်ရန်၊ လိုအပ်မည့်စရိတ်နှင့် ရင်းမြစ်များကို တွက်ချက်ရမည်။ လိုအပ်လျှင် အခြားနေရာမှ ရင်းမြစ်များစုဆောင်းရန်နှင့် ဦးစားပေးအတွက် ထောက်ခံ ပြောဆိုပေးရေး ဦးစားပေးရန် စဉ်းစားပါ။

## ရပ်တည်အရေးဆိုခြင်းနှင့်စည်းရုံးသိမ်းသွင်းခြင်း

ဘေးဒဏ်ခံနိုင်မှု လေ့လာဆန်းစစ်ချက်လုပ်ငန်းတွင် ဖော်ထုတ်သတ်မှတ်ပြီးသော ပြဿနာများမှာ BRACED အစီအစဉ်၏ လုပ်ငန်း (သို့) အချိန်သတ်မှတ်ချက် ဘောင်ထက် ကျော်လွန်နေခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ ယင်းပြဿနာများကို နောက်မှ ဆောင်ရွက်ရေးအတွက် ရပ်တည်အရေးဆိုခြင်းဆိုင်ရာ ဦးစားပေး ကိစ္စများကို ဖော်ထုတ်ရန် လမ်းကြောင်းပေးဆွေးနွေးသူက အဖွဲ့နှင့် တိုင်ပင် လုပ်ဆောင်သင့်သည်။ BRACED ၏ မူဘောင်ပြင်ပမှ ဦးစားပေးကိစ္စများအပြင် ရပ်တည်အရေးဆိုမှုသည်အခြားအသစ်ထွင် လုပ်ဆောင်မှုများကို အကောင်အထည် ဖော်ရန်အတွက်ပါ သင့်လျော်မှုရှိရမည်ဖြစ်ပြီး အခြားအစီအစဉ်ရေးဆွဲရေး လုပ်ငန်းများနှင့် ပေါင်းစပ် မြှင့်တင်ခြင်းအားဖြင့် ဘေးဒဏ်ခံနိုင်မှုစွမ်းရည် အစီအစဉ်၏ တိုးတက်တည်မြဲမှုအတွက်ပါ အာမခံချက်ပေးနိုင်ရမည်။ ပြဿနာတစ်ခုချင်းစီအတွက် လူထုက ၄င်းတို့၏ ရပ်တည်အရေးဆိုမှုဆိုင်ရာ ဦးစားပေးမှုများကို ဖော်ထုတ် သတ်မှတ်ရန် လိုအပ်မည်ဖြစ်ပြီး လမ်းကြောင်းပေး ဆွေးနွေးသူအနေဖြင့် BRACED ၏ ရပ်တည်မှုအနေအထားအရ ပံ့ပိုးပေးနိုင်မည့် အထောက် အပံ့များကို ဖော်ထုတ်သတ်မှတ်ပေးရမည်။

- **ဘယ်တော့လုပ်ဆောင်ပြီးစီးနိုင်မလဲ။**
လုပ်ငန်းအကောင်အထည်ဖော်ရန် လိုအပ်မည့် အချိန်အတွက် ကာလအပိုင်းအခြား(timeline)ပါသောအကောင်အထည်ဖော်ရေး အစီစဉ်ကို ဖန်တီးရေးဆွဲရမည်။ သို့သော် လူထု၏ သက်မွေးဝမ်းကျောင်းနှင့် အခွင့်အရေးပေါ် သက်ရောက်မှုမရှိစေရန်နှင့် လက်တွေ့ကျစေရန်အတွက် ၄င်းတို့၏နိစ္စဒူဝနှင့် ရာသီအလိုက်လုပ်ငန်းများကို ထည့်သွင်းစဉ်းစားပြီး ရေးဆွဲရမည်။

- **မျှော်လင့်ထားတဲ့ ရလဒ်တွေက ဘာတွေလဲ။**
စဉ်ဆက်မပြတ် လေ့လာဆန်းစစ်မှုနှင့် အစီရင်ခံသတင်းပို့ခြင်း လွယ်ကူစေရန် လုပ်ငန်းအစီအစဉ်တွင် ရှင်းလင်းသော ရည်ရွယ်ချက်၊ ညွှန်းကိန်းများနှင့် ရလဒ်များ ပါဝင်သင့်သည်။ စီမံကိန်း၏ စဉ်ဆက်မပြတ်လေ့လာ ဆန်းစစ်မှုနှင့် သုံးသပ်အကဲဖြတ်ခြင်းအတွက် သာမက၊ မျှော်လင့်ထားသလို သဘာဝဘေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုတိုးတက်မှုရှိ/မရှိ/ လုပ်ငန်း အကောင်အထည်ဖော်မှု ထိရောက်မှု ရှိ/မရှိကိုပါ လူထုက သိရှိနိုင်ရန်ဖြစ်သည်။

## စိစစ်သုံးသပ်ခြင်း

BRACED Alliance သည် ၄င်း၏အစီအစဉ်မှတဆင့် ဆိုးကျိုးမဖြစ်စေသောအရာများကို ပြုလုပ်ရန် သံန္နိဋ္ဌာန်ချထားပြီးဖြစ်ရာ ထိုသို့ဆောင်ရွက်ရန် စိစစ်သုံးသပ်ရေးနည်းစနစ် (၃) မျိုးရှိသည်။ စိစစ်သုံးသပ်ခြင်းလုပ်ငန်းစဉ်တွင် လုပ်ငန်းတခုကြောင့် သဘာဝပတ်ဝန်းကျင်၊ ကျားမတန်းတူညီမျှမှုနှင့် ပဋိပက္ခအပေါ် ကျရောက်နိုင်သည့် အန္တရာယ်အလားအလာကို အသေးစိတ်ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ဤနည်းလမ်းများကို ဦးစားပေးရွေးချယ်ထားသော လုပ်ငန်းများအတွက် ဆွေးနွေးမှုနှင့် တွဲဘက်ပြီး အသုံးချသင့်သည်။ ရလဒ်များကို မှတ်တမ်းတင်ကာ အစီရင်ခံစာတွင် ဖော်ပြရမည်။ အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စုနှင့် ဆွေးနွေးမှုကို ပြုလုပ်သင့်ပြီး ရလဒ်ကို နှစ်ဖွဲ့ပေါင်းကာ ပြန်လှန်စိစစ်ရမည် -

- ကျားမလူမှုရေးရာရှုထောင့်မှ စိစစ်သုံးသပ်ခြင်း
- သဘာဝပတ်ဝန်းကျင်ရှုထောင့်မှ စိစစ်သုံးသပ်ခြင်း
- ပဋိပက္ခရေးရာရှုထောင့်မှ စိစစ်သုံးသပ်ခြင်း

လူထုအခြေပြု ဘေးဒဏ်ခံနိုင်မှု ဆိုင်ရာ လုပ်ငန်းအစီစဉ်အတွက် နမူနာပုံစံ ပူးတွဲ (၂) တွင် ပါဝင်သည်။

ဘေးဒဏ်ခံနိုင်မှုစွမ်းရည်ဆိုင်ရာ စစ်တမ်းကောက်ယူခြင်းလုပ်ငန်းစဉ်တစ်လျှောက်တွင် လူထုက ၎င်းတို့ လက်ဝယ် ရှိထားသော ဆောင်ရွက်နိုင်စွမ်းကို သတ်မှတ်နှင့်ပြီး ဖြစ်လိမ့်မည်။ ဘေးဒဏ်ခံနိုင်မှုစွမ်းရည် အစီစဉ်များကိုအကောင်အထည်ဖော်ရန် လူထုကလည်း ၎င်းတို့အကြား ကူးလူးဆက်ဆံမှုနှင့် ကိုယ်ပိုင်ယုံကြည်မှုကို တည်ဆောက်ထားပြီးဖြစ်သင့်သည်။ စစ်တမ်းကောက်ယူခြင်းနှင့် လုပ်ငန်းအစီစဉ်ရေးဆွဲစဉ်ကာလအတွင်း အကောင်အထည်ဖော်ရေးအတွက် ပံ့ပိုးပေးနိုင်မည့် စိတ်ပါဝင်စားဆောင်ရွက်လိုသူများကို ဖော်ထုတ်သတ်မှတ်ကာ ချိတ်ဆက်ပြီးဖြစ်ရမည်။ ယင်းဆက်နွယ်မှုမှတဆင့် ရပ်တည်အရေးဆိုရန် ချဉ်းကပ်မှုကို ဆောင်ရွက်နိုင်စွမ်းနှင့် ယုံကြည်စိတ်ချမှုတို့အပေါ် အခြေခံနိုင်သည်။

အစီစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းတွင် အောက်ပါဆွေးနွေးမှုများ ပါဝင်သင့်သည်

- BRACED ၏ လုပ်ငန်းဘောင်ပြင်ပမှဖြစ်သော ဦးစားပေးလုပ်ငန်းများကို ဖြေရှင်းရန် အခြားသူများအား မည်သို့ တိုက်တွန်းဖျောင်းဖျမလဲ။
- BRACED စီမံကိန်းလုပ်ငန်းများကို အထောက်အပံ့ပေးရန် အခြားသူများအားဘယ်လို လိုက်လံစည်းရုံးမလဲ။
- အစီစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်နှင့် ပေါင်းစပ်ခြင်းကို ဘယ်လိုအားကောင်းစေမလဲ။

## အကွက် ၆။ စစ်တမ်းကောက်ယူမှု၏ ရလဒ်များကို အစီရင်ခံရန်နမူနာပုံစံနှင့် အစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းစဉ်။ မြန်မာနှင့် အင်္ဂလိပ်ဘာသာ

လူထုဘေးဒဏ်ခံနိုင်မှု စစ်တမ်းကောက်ယူမှု ရလဒ်များကို ပြည့်ပြည့်စုံစုံစုစည်းပြီး စစ်တမ်းကောက်ယူမှု မေးခွန်း၏အဖြေများပေါ်မူတည်ကာ အဓိကပြဿနာများနှင့် အရေးယူဆောင်ရွက်ရမည့် လုပ်ငန်းများကို ဖော်ပြထားသည့် သုံးသပ်အကဲဖြတ်ချက် အစီရင်ခံစာနှင့် ပူးတွဲပေးရမည်။ မြန်မာ (သို့) ဒေသသုံးဘာသာဖြင့် ဖော်ပြထားသော အစီရင်ခံစာသည် ကျေးရွာလူထု၏ နောက်ခံရာဇဝင်ဖြစ်သည့်အပြင် လူထုနားလည်လွယ်မည့်ပုံစံဖြင့် ဘာသာပြန်ဆိုထားသော၊ လက်လှမ်းမီနိုင်အောင် မျှဝေထားပြီးဖြစ်သော ပြည့်ပြည့်စုံစုံဖော်ပြထားသည့် အစီရင်ခံစာဖြစ်ရမည်။ အင်္ဂလိပ်ဘာရှင်းအတွက် အကြံပြုလိုသောပုံစံကို အောက်တွင်ကြည့်ပါ။ Outline တွင် အခန်း (၉) ခန်းပါဝင်သည်။
ဒေသခံတာဝန်ရှိသူများနှင့် ရပ်ရွာအသိုက်အဝန်းများအတွက် လုပ်ငန်းအစီအစဉ်ကို ရေးသားပေးပို့သင့်သည်။ အစီရင်ခံစာတစ်ခုလုံးကို မဖတ်နိုင်သည့် လူထုအား ပြောဆိုတင်ဆက်ရန် အစားထိုးဆက်သွယ်ရေးနည်းလမ်း လိုအပ်နိုင်သည်။ လူထု၏ အကြံဉာဏ် ထည့်သွင်းမှုနှင့် အတည်ပြုခြင်းအတွက် ပြန်လှန်စီစစ်ခြင်းနှင့် သုံးသပ်ခြင်းလုပ်ငန်းစဉ်ကိုလည်း ပြင်ဆင်ထားသင့်သည်။ ၎င်းစာရွက်စာတမ်းကို အဆင့် (၂)ခုဖြင့် အပြီးသတ်နိုင်သည်။
(၁) ကနဦးလေ့လာဆန်းစစ်ချက်ပြီးနောက် အခန်း ၆ အထိ၊ (၂) အစီစဉ်ရေးဆွဲပြီးသည့်နောက်တွင် ကျန်ရှိနေသည့် နောက်ဆုံးအခန်းများ။

### မြန်မာ (သို့) ဒေသသုံး ဘာသာစကားဖြင့် အစီရင်ခံစာအပြည့်အစုံ

၁. **မိတ်ဆက်နှင့် နောက်ခံအချက်အလက်-** လူထုအသိုက်အဝန်းအကြား လှုပ်ရှားဆောင်ရွက်နေသော အေဂျင်စီ၏ သမိုင်းကြောင်း၊ အဓိကပြဿနာများနှင့် ဆက်စပ်မှုများ။
၂. **ရည်ရွယ်ချက်များနှင့် နည်းစနစ်-** ချဉ်းကပ်ဆောင်ရွက်ပုံနှင့် နည်းလမ်းများ၊ သုံးသပ်အကဲဖြတ်မှု မူဘောင်နှင့် နည်းစနစ်များ ရွေးချယ်အသုံးပြုမှုအတွက် ကျိုးကြောင်းရှင်းလင်းမှု။ ဤအခန်းသည် အစီရင်ခံစာအားလုံးနီးပါးအတွက် အတူတူပင်ဖြစ်နိုင်သည်။
၃. **လူထု၏ သဘောသဘာဝနှင့် နောက်ခံသမိုင်း-** နိုင်ငံရေး/ လူမှုစီးပွားရေးအချက်အလက်၊ သဘာဝပတ်ဝန်းကျင် အနေအထား၊ ကျားမရေးရာ သတင်းအချက်အလက်များကို အသားပေးဖော်ပြလျက် ရသမျှ တဆင့်ခံသတင်းအချက်အလက်များအား စစ်တမ်းကောက်ယူချက်ကို ရေးသားတင်ဆက်ပါ။
၄. **အန္တရာယ်ရင်ဆိုင်ရန် အသင့်ဖြစ်နေသော လူထုလေ့လာဆန်းစစ်ချက်-** ၏ တွေ့ရှိချက်များနှင့် အရေးယူဆောင်ရွက်မှုများ၏ အကျဉ်းချုပ်။
၅. **လူထု ဘေးဒဏ်ခံနိုင်မှု လေ့လာဆန်းစစ်ချက် ရလဒ်များ ရေးသားတင်ဆက်ခြင်း-** လူထုအသိုက်အဝန်းကြီးတစ်ခုလုံးအပေါ်နှင့် ကျားမကွဲပြားမှုပေါ်မူတည်သော သီးခြားသက်ရောက်မှုများကို အသားပေးဖော်ပြသင့်သည်။
၆. **သုံးသပ်အကဲဖြတ်ခြင်း/ ဆွေးနွေးသုံးသပ်ခြင်း-** အချက်အလက်အကျဉ်းချုပ်နှင့် ပေါင်းချုပ်ကို ရေးသားဖော်ပြပြီး အဓိကပြဿနာများကို အသားပေးပါ။
၇. **ဘေးဒဏ်ခံနိုင်မှု ဆိုင်ရာလုပ်ငန်းများ ရေးဆွဲဖန်တီးခြင်းနှင့် ဦးစားပေးသတ်မှတ်ခြင်း-** နောက်ဆုံး ရွေးချယ်လိုက်သော ဦးစားပေးလုပ်ငန်းများနှင့် ကြားဝင်ဆောင်ရွက်ပေးမှုများအတွက် အသုံးပြုသော နည်းစနစ်များကို ရှင်းရှင်းလင်းလင်း ဖော်ပြသင့်သည်။ ထိခိုက်လွယ်ဆုံးသောသူများအတွက် မည်သို့အကျိုးပြုနိုင်ကြောင်းကို ဖော်ပြရန်၊ အဆုံးသတ်ရွေးချယ်မှုအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သော ကျိုးကြောင်းရှင်းလင်းမှု ပေးသင့်သည်။
၈. **လုပ်ငန်းအကောင်အထည်ဖော်မှုအစီစဉ် အသေးစိတ်၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုပုံစံကို ရေးသားတင်ဆက်ခြင်း-** တာဝန်နှင့် အခန်းကဏ္ဍများနှင့် ဘဏ္ဍာရေးအစီအစဉ် - ဘေးဒဏ်ခံနိုင်မှု လုပ်ငန်းအစီအစဉ် ပါဝင်ရန် (နမူနာပုံစံ နောက်ဆက်တွဲ ၂)
၉. **စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း အစီအစဉ်။**
၁၀. **ပူးတွဲများ-** ရလဒ်ပေါင်းချုပ်။

### အင်္ဂလိပ်ဘာသာ Synthesis အစီရင်ခံစာ

၁. လူထုဘေးဒဏ်ခံနိုင်မှု လေ့လာဆန်းစစ်မှု ရလဒ်များ- လူထုအသိုက်အဝန်းကြီးတခုလုံးပေါ်နှင့် ကျားမကွဲပြားမှုပေါ်မူတည်သော သီးခြားသက်ရောက်မှုများကို အသားပေးဖော်ပြသင့်သည်။ (အထက်ပါ အခန်း ၃ နှင့် ၄) အန္တရာယ်ရင်ဆိုင်ရန် အသင့်ဖြစ်နေသော လူထု လေ့လာဆန်းစစ်ချက်၏ တွေ့ရှိချက်များနှင့် အရေးယူဆောင်ရွက်မှုများကိုပါ မှတ်စုပြုပါ။
၂. သုံးသပ်အကဲဖြတ်ခြင်း/ ဆွေးနွေးသုံးသပ်ခြင်း–BRACED က တုံ့ပြန်ဆောင်ရွက်နိုင်ရန် အချက်အလက်အကျဉ်းချုပ်နှင့် ပေါင်းချုပ်ကို ရေးသားဖော်ပြပြီး အဓိကပြဿနာများကို အသားပေးဖော်ပြပါ။
၃. ဘေးဒဏ်ခံနိုင်မှု ဆိုင်ရာလုပ်ငန်းများ ရေးဆွဲဖန်တီးခြင်းနှင့် ဦးစားပေးသတ်မှတ်ခြင်း – ထိခိုက်လွယ်ဆုံးသောသူများအတွက် မည်သို့အကျိုးပြုနိုင်ကြောင်း အပါအဝင် နောက်ဆုံး ရွေးချယ်လိုက်သော ဦးစားပေးလုပ်ငန်းများအတွက် ကျိုးကြောင်းရှင်းလင်းမှုနှင့် ဆောင်ရွက်လိုက်သည့် လုပ်ငန်းစဉ်ကို ရှင်းလင်းဖော်ပြသင့်သည်။

- ရပ်ရွာအဆင့်တွင် တရားဝင်အတည်ပြုချက် ရယူပြီးစီးကြောင်း သေချာမှုရှိပါစေ။
- ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု အစီစဉ်ရေးဆွဲခြင်းလုပ်ငန်းနှင့် ချိတ်ဆက်နိုင်ရန် သင့်တော်သော တာဝန်ရှိသူများထံ လုပ်ငန်းအစီစဉ်ကို ပို့ပေးပါ။



## လူထုဦးဆောင်သောစဉ်ဆက်မပြတ် အကဲဖြတ်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်း

BRACED တွင် လူထုအခြေပြု ဘေးဒဏ်ခံနိုင်မှု  စွမ်းရည်ဆိုင်ရာ လုပ်ငန်းများနှင့် အကောင်အထည်ဖော်မှုအပေါ်ဂရုပြုသော စဉ်ဆက်မပြတ်အကဲဖြတ်လေ့လာခြင်းနှင့် သုံးသပ်ခြင်း အစီစဉ်ရှိပြီး ၎င်းတွင် တိကျသော ဘေးဒဏ်ခံနိုင်မှုစွမ်းရည်ဆိုင်ရာ ညွှန်းကိန်းများရှိသည်။ စဉ်ဆက်မပြတ် အကဲဖြတ်လေ့လာခြင်းနှင့် သုံးသပ်ခြင်းအတွက် အရေးပါသော သတင်းအချက်အလက်ရင်းမြစ်မှာ ကွင်းဆင်းဝန်ထမ်းများပင်ဖြစ်သည်။

BRACED ၏ ရပ်ရွာအဆင့်စဉ်ဆက်မပြတ် အကဲဖြတ်လေ့လာခြင်းနှင့် သုံးသပ်ခြင်း ချဉ်းကပ်မှုအတွက် လိုအပ်ချက်များမှာ

- စီမံကိန်းများမှာ ရပ်ရွာအသိုက်အဝန်းရှိ လူအားလုံး၏ မျှော်မှန်းထားမှုများကို ဖြည့်ဆည်းပေးနိုင်ကြောင်း သေချာမှုရှိစေရန် အကျိုးခံစားခွင့်ရှိသူများ၏ သဘောထားတုံ့ပြန်ချက် လုပ်ငန်းစနစ်က မရှိမဖြစ် အရေးပါသည်။

- ပေါ်ပေါက်လာသောပြဿနာများကို တုံ့ပြန်ဖြေရှင်းပေးနိုင်ရန် အကောင်အထည်ဖော်စဉ် ကာလအတွင်း သွေးကွဲစေသည့် အရာများ၊ သွေးစည်းပေးနိုင်သည့် အရာများ သုံးသပ်ဆန်းစစ်မှု၊ မိုးလေဝသ စောင့်ကြည့်လေ့လာခြင်းတို့ကို စဉ်ဆက်မပြတ် ပြုလုပ်ပေးရန် လိုအပ်သည်။

- ဘေးဒဏ်ခံနိုင်မှု စွမ်းရည်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုကို ဆန်းစစ်သုံးသပ်နိုင်ရန် စီမံကိန်းတလျောက်လုံး လူထုဦးဆောင်သော သဘောထားတုံ့ပြန်ချက်နှင့် ဆန်းစစ်သုံးသပ်ခြင်း လုပ်ငန်းစဉ်ရှိရန် လိုအပ်သည်။

# ၄။ လူထု၏ ဘေးဒဏ်ခံနိုင်စွမ်းရည်ဆိုင်ရာ လေ့လာဆန်းစစ်ချက်မေးခွန်းများ

အောက်ပါဇယားသည် လူထု၏ ဘေးဒဏ်ခံနိုင်မှု စွမ်းရည်ဆိုင်ရာ လေ့လာဆန်းစစ်ချက်၏ ပင်မရည်ရွယ်ချက်များ ခြုံငုံဖော်ပြချက်ပါရှိပြီး မေးသင့်သည့်မေးခွန်းများကို အသားပေးဖော်ပြထားသည်။ ရပ်ရွာတွင်း သတင်းအချက်အလက်စု ဆောင်းရန်ပံ့ပိုးပေးနိုင်မည့် နည်းစနစ်များလည်းပါဝင်သည်။

အချို့မေးခွန်းများအတွက် အဖြေကို တဆင့်ခံအချက်အလက်များ သုံးသပ်ဆန်းစစ်မှုက ကြိုတင်ရနိုင်သည့်အတွက် အချက်အလက် ထပ်မံကောက်ခံရန်လိုအပ်မှုကို လျော့ချပေးနိုင်သည်။ အချို့အချက်အလက်များကိုမူ အတည်ပြုရန်(သို့) ပြုပြင်မွမ်းမံရန် လိုအပ်သည်။

| ရည်ရွယ်ချက်အသေးစိတ် | လမ်းကြောင်းပြမေးခွန်း | ပံ့ပိုးပေးမည့်နည်းစနစ်များ |
|---|---|---|
| ၁။ မတူညီသည့် အုပ်စုများအတွက် ထိခိုက်လွယ်မှုနှင့် အပြောင်းအလဲဖြစ်ပေါ်စေသည့် အကြောင်းရင်းခံများကို နားလည်ရန်။ | ၁။ ရပ်ရွာတွင်းရှိ လူအမျိုးမျိုး၏ အခြေအနေက ဘယ်လိုရှိလဲ။ (အသက်၊ ကျန်းမာရေး၊ ကျား/မ၊ ဆင်းရဲမွဲတေမှု၊ မသန်စွမ်း စသည်တို့ကို စဉ်းစားပါ)<br>က. အိမ်ထောင်စုအတွင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ၄င်းတို့ဘယ်လိုလွှမ်းမိုးနိုင်သလဲနှင့် အဲဒီကနေ ဘယ်လိုအကျိုးရနိုင်မလဲ။ ရပ်ရွာတွင်း ဆုံးဖြတ်ချက် ချမှတ်ခြင်းအပေါ် ၄င်းတို့ ဘယ်လိုလွှမ်းမိုး နိုင်သလဲနှင့် အဲဒီကနေ ဘယ်လိုအကျိုးရနိုင်မလဲ။<br>ခ. ရင်းမြစ်များနှင့် ဥစ္စာပစ္စည်းများကို စီမံခန့်ခွဲနိုင်ဖို့နှင့် အခွင့်အလမ်းရဖို့ ဘယ်လိုရှိလဲ။<br>ဂ. မတူညီတဲ့ အုပ်စုတွေအတွက် လူ့အခွင့်အရေးတွေ ပြည့်စုံပြီလား။<br>ဃ. သူတို့ရဲ့ အလုပ်၊ ဝင်ငွေနဲ့ ပညာရေးအခွင့်အလမ်းတွေက ဘယ်လိုများလဲ။<br>င. အိမ်တွင်း/အိမ်ပြင်ပ၊ ဝင်ငွေရ/ဝင်ငွေမရ အလုပ်တွေက ဘာတွေများလဲ။ | ကျားမလူမှုရေးရာ ပင့်ကူအိမ် (နည်းကိရိယာ ၁၇)<br>ကလေးသူငယ် အခွင့်အရေးနှင့် ဘေးဒဏ်ခံနိုင်မှုစွမ်းရည် ကလေးသူငယ်များအတွက် နည်းစနစ်များ)<br>(နည်းကိရိယာ ၁၀) |
| | ၂။ ဒေသတွင်း သဘာဝပတ်ဝန်းကျင်ရဲ့ သဘောသဘာဝက ဘယ်လိုရှိလဲ။<br>က. တရားဝင်သတ်မှတ်ထားတဲ့ (သို့) ရည်ရွယ်ထားတဲ့ ကာကွယ်စောင့်ရှောက်ခံ နယ်မြေနဲ့ နီးလား။<br>ခ. ဒီနယ်မြေအတွင်းမှာ ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ သားကောင်/သစ်ပင်များ ရှိလား (သို့) အရေးပါတဲ့ သက်ရှိတွေ ရှိနေလား။<br>ဂ. ပင်မတောအုပ်၊ ဒုတိယတန်းစားသစ်တော၊ စိုက်ပျိုးမြေ၊ ရေနက်ကွင်း၊ ဒီရေတောတွေနဲ့ နီးလား။<br>ဃ. လူသား (သို့) သဘာဝပတ်ဝန်းကျင်နဲ့ ဆက်စပ်တဲ့ ဖြစ်စဉ်တွေကြောင့် သဘာဝပတ်ဝန်းကျင် အရည်အသွေး လျော့ကျနေလား။ ဥပမာ- စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ သစ်တောပြုန်းတီးမှု၊ မြေဆီလွှာတိုက်စားမှု။<br>င. သဘာဝပတ်ဝန်းကျင်အရည်အသွေး လျော့ကျစေတဲ့ ရပ်ရွာတွင်းက အကြောင်းတွေက ဘာတွေလဲ။ | မြေပုံထုတ်ခြင်း (နည်းကိရိယာ ၃) |
| | ၃။ ရပ်ရွာတွင်းတွင် သွေးကွဲစေသည့်အရာများ - သွေးစည်းပေးနိုင်သည့်အရာတွေက ဘာတွေလဲ။<br>က. ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဆိုင်ရာ လက်ရှိခြိမ်းခြောက်မှုတွေက ဘာတွေလဲ။ အခြေအနေ/လူထုတွင်း တင်းမာမှုဖြစ်စေတဲ့ အရင်းခံတွေက ဘာတွေလဲ။ ဒီအခြေအနေမှာ အန္တရာယ်အရှိဆုံး အကြောင်းအချက်တွေက ဘာတွေလဲ။ သွေးကွဲစေတဲ့အရာတွေက ဘယ်လောက်အန္တရာယ်ရှိလဲ။ ဒီအခြေအနေမှာ ဘယ်အရာတွေက တင်းမာမှုပေါ်ပေါက်စေတာလဲ။<br>ခ. တင်းမာမှုတွေက အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေး၊ ယောက်ျားလေးတွေပေါ် ဘယ်လိုကွဲပြားတဲ့ သက်ရောက်မှုတွေရှိလဲ။<br>ဂ. သွေးစည်းပေးနိုင်သည့်အရာတွေက ဘာတွေလဲ။ လက်ရှိပံ့ပိုးမှုတွေက ဘာတွေလဲ။ ဘယ်အရာတွေက လူတွေကို ပေါင်းစည်းစေလဲ။<br>ဃ. သူတို့တွေ ဘယ်နေရာမှာ တွေ့ဆုံကြလဲ။ သူတို့ ဘာတွေကို အတူတူလုပ်ကြလဲ။ | ကွဲပြားစေသည့်အရာများနှင့် ဆက်သွယ်ပေးသည့်အရာများ (နည်းကိရိယာ ၉) |

| ရည်ရွယ်ချက်အသေးစိတ် | လမ်းကြောင်းပြမေးခွန်း | ပံ့ပိုးပေးမည့်နည်းစနစ်များ |
| --- | --- | --- |
| ၂။ ရပ်ရွာလူထု မှ ကြုံတွေ့နိုင်သော (သို့) လူအမျိုးမျိုးတို့ ကြုံတွေ့နေရသော ရာသီဥတု လွန်ကဲမှု နှင့် ဘေးအန္တရာယ်များ ကို နားလည်စေရန် | ၄။ ရပ်ရွာလူထုအတွင်းတွင် ဘယ်လို ရာသီဥတုလွန်ကဲမှု နှင့် ဘေးအန္တရာယ်များ (အမြန် နှင့် အနှေး) ဖြစ်ပွားပါသလဲ။ မည်သည့်နေရာများတွင် သက်ရောက်ခံရပါသလဲ။<br><br>(က) အတိတ်<br><br>(ခ) နေရာဒေသများတွင် သတိပြုမိသည့် ပြောင်းလဲမှု၊ အကြိမ်၊ ပြင်းထန်မှု ဘာကြောင့်ဖြစ်တယ်ဆိုတာ သူတို့ စဉ်းစားမိပါသလား။<br>• အပူချိန်<br>• မိုးရေချိန်<br>• variability<br>• ရာသီဥတုလွန်ကဲမှု<br><br>(ဂ) အနာဂတ် - အနာဂတ် ရာသီဥတုသည် အန္တရာယ်များကို ဘယ်လို exacerbate လုပ်မလဲ။ | သမိုင်းမြေပုံ (နည်းကိရိယာ ၂)<br>ကျေးရွာလမ်းဖြတ်လျှောက်ခြင်း (နည်းကိရိယာ ၄)<br><br>မြေပုံ (နည်းကိရိယာ ၃)<br><br>**ဆင့်ပွားအချက်အလက်များ (အကွက် ၁)** |
| | ၅။ အခြားထည့်သွင်းစဉ်းစားရန် အချက်များက ဘာလဲ။<br>မြေအသုံးပြုပုံများ ဘယ်လို ပြောင်းလဲလာသလဲ။ မပြင်ဆင်ထားသော ဖွံ့ဖြိုးရေး (သို့) လူဦးရေ အပြောင်းအလဲ ရှိပါသလား။ ယင်းပြောင်းလဲမှုများမှ သက်ရောက်ခဲ့ခြင်း ဖြစ်ပါသလား။<br>ဘယ်သူတွေက ခံရပါသလဲ။ | မြေပုံ (နည်းကိရိယာ ၃)<br>သမိုင်းမြေပုံ (နည်းကိရိယာ ၂)<br>ကျေးရွာလမ်းဖြတ်လျှောက်ခြင်း (နည်းကိရိယာ ၄) |
| | ၆။ ရပ်ရွာလူထု နှင့် အသက်ဆိုင်ဆုံး အန္တရာယ်များက ဘာလဲ။ | အန္တရာယ်အဆင့်သတ်မှတ်ခြင်း (နည်းကိရိယာ ၅) |
| | ၇။ ရပ်ရွာလူထုအတွင်းရှိ အိမ်ထောင်စုများ (သို့) အဖွဲ့များမှ မှီခိုအားထားရသည့် အစားအစာ၊ ရေ၊ သက်မွေးဝမ်းမှု၊ ဈေးသို့လက်လှမ်းမှီနိုင်မှု၊ အဆောက်အအုံများ လက်လှမ်းမှီနိုင်မှု စသည့် ပစ္စည်း/အရင်းအမြစ်များက ဘာလဲ။<br>(၎င်းတို့သည် ကောင်းမွန်သည့် အနေအထားတွင်ရှိပါသလား) | ရာသီခွင်ပြ ပြက္ခဒိန် (နည်းကိရိယာ ၆)<br>အသက်မွေးမှုပြဇယား (နည်းကိရိယာ ၇) |
| | ၈။ ရပ်ရွာလူထုအတွင်းမှ မည်သည့် အိမ်ထောင်စုများ(သို့) အဖွဲ့များသည် ၎င်းပစ္စည်း/အရင်းအမြစ်များပေါ်တွင် ပို၍ မှီခိုရသနည်း။ ဥပမာ အချို့မှာ မိုးစပါးပေါ်တွင် ပို၍ မှီခိုရပါသလား။ အချို့သည် ဈေးတွင် ပစ္စည်းများ ရောင်း/ဝယ်လုပ်ငန်းတွင် ပို၍ မှီခိုနေရပါသလား။ | အသက်မွေးမှုပြဇယား (နည်းကိရိယာ ၇) |
| | ၉။ ယင်းပစ္စည်းများ/အရင်းအမြစ်များသည် ရပ်ရွာလူထုအတွင်းတွင် ကြုံတွေ့ခဲ့ခြင်းနှင့် ကြုံတွေ့လာနိုင်မည့် ရာသီဥတုလွန်ကဲမှုနှင့် ဘေးအန္တရာယ်တို့နှင့် ဘယ်လို ကြုံတွေ့နိုင်ပါသလဲ။<br>(က) အန္တရာယ်အမျိုးမျိုးမှ ဘယ်အရာတို့သည် သက်ရောက်ခံရသလဲ။ ဘယ်အရာတို့သည် လွတ်မြောက်သလဲ။<br>( ခ ) ရပ်ရွာအတွင်းရှိ ဘယ်အိမ်ထောင်စုများ၊ အဖွဲ့များသည် သက်ရောက်မှုအရှိဆုံးဖြစ်ပါသလဲ။<br>( ဂ ) သူတို့ ဘယ်လို သက်ရောက်ခံရပါသလဲ။<br>(ဃ) စနစ်အမျိုးမျိုးမှ အတားအဆီး များက ဘာတွေလဲ။ အပူချိန် ၊ မိုး၊ လေ၊ ဒဏ်များကို ခံနိုင်ပါသလား။ | မြေပုံ (နည်းကိရိယာ ၃)<br>ရာသီခွင်ပြ ပြက္ခဒိန် (နည်းကိရိယာ ၆) |

| ရည်ရွယ်ချက်အသေးစိတ် | လမ်းကြောင်းပြမေးခွန်း | ပံ့ပိုးပေးမည့်နည်းစနစ်များ |
| --- | --- | --- |
| ၃။ ရပ်ရွာလူထုအတွင်းရှိမတူညီသည့် sensitivities များကို နားလည်ရန် | ၁၀ ။ ရပ်ရွာလူထု အတွင်း တွင် မတူညီသည့် လူမျိုးမှာ ဘယ်သူတွေလဲ။ | မြေပုံ (နည်းကိရိယာ ၃) |
| | ၁၁။ ရပ်ရွာလူထုအတွင်းတွင် ဘယ်လို သက်မွေးမှု အရင်းအမြစ်များသည် ရာသီဥတုလွှန်ကဲမှုနှင့် ဘေးအန္တရာယ်များကို ထိခိုက်အလွယ်ဆုံး ဖြစ်သလဲ။ (ချက်ခြင်း နှင့် တဖြည်းဖြည်း) | အသက်မွေးမှုပြ ဇယား (နည်းကိရိယာ ၇) |
| | ၁၂။ ရပ်ရွာအတွင်းရှိ ဘယ်အိမ်ထောင်စု (သို့) အဖွဲ့များသည် မတူကွဲပြားသည့် အသက်မွေးမှု ပုံသဏ္ဍာန်များကို အနည်းနှင့် အများ ရှိကြပါသလဲ။ | မြေပုံ (နည်းကိရိယာ ၃) |
| | ၁၃။ ရပ်ရွာအတွင်းရှိ မတူညီသည့် လူများသည် ၎င်းတို့ ရပ်ရွာများအတွင်းတွင် ဖြစ်ပွားသော ရာသီဥတုလွှန်ကဲမှုများနှင့် ဘေးအန္တရာယ်များမှ ဘယ်လို ပြန်လည်ထူထောင်ကြပါသလဲ။ | အသက်မွေးမှုပြ ဇယား (နည်းကိရိယာ ၇) |
| | ၁၄။ အကယ်၍ ယင်းပြန်လည်ထူထောင်ရေး အစီအစဉ်များကို မကြာခဏ (သို့) ရေရှည်အတွက် အသုံးပြုလျှင် ဘယ်လိုဖြစ်မလဲ။ ဆိုကျိုးများ ရှိလာမည်လား။ ဥပမာ - ပြန်လည်တည်ဆောက်ရန် သစ်များခုတ်ရခြင်း။ ပစ္စည်းများ ရောင်းချရခြင်း။ | အသက်မွေးမှုပြ ဇယား (နည်းကိရိယာ ၇) |
| ၄ ။ ရပ်ရွာအတွင်းနှင့် အပြင်ဘက်တွင် ဘယ်လို စွမ်းဆောင်ရည်များ ရှိကြောင်းကို နားလည်စေရန်။ အိမ်ထောင်စုများ၊ အဖွဲ့များ၊ တစ်ဦးစီတိုင်းသည် ဖြစ်နေဆဲ (သို့) ဖြစ်လာမည့် ရာသီဥတု လွှန်ကဲမှုများနှင့် ဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်ထား ပုံကိုစဉ်းစားပါ။ | ရပ်ရွာလူထုသည် ဖြစ်ပေါ်နေသော၊ ဖြစ်လာနိုင်မည့် ရာသီဥတုလွှန်ကဲမှုနှင့် ဘေးအန္တရာယ်များကို ကြိုတင်မှန်းဆခြင်းနှင့် ပြန်လည်ထူထောင်ရန် ဘယ်လောက်ထိ ကောင်းမွန်ပါသလဲ။<br>၁၅။ ဗဟုသုတ - ရပ်ရွာအတွင်းရှိ မတူညီသည့် အဖွဲ့များသည် ရာသီဥတုလွှန်ကဲမှုနှင့် ဘေးအန္တရာယ်များကို လိုက်လျောညီထွေနေထိုင်မှု ၊ စီစဉ်ခြင်းနှင့် ပြင်ဆင်ခြင်းနှင့် ပတ်သက်ပြီး ဘာတွေသိထားပါသလဲ။<br>(က) အထောက်အကူဖြစ်စေသည့် ဒေသတွင်း/ရိုးရာ ဗဟုသုတများ ဘာတွေရှိပါသလဲ။ သူတို့မှာ ဒေသဓလေ့ မိုးလေဝသ ခန့်မှန်းခြင်းရှိပါသလား ။<br>(ခ) ရာသီဥတု/ရာသီဥတုပြောင်းလဲမှုနှင့် အနာဂတ်အား သူတို့ဘာတွေ နားလည်ထားပါသလဲ ။<br>(ဂ) လိုက်လျောညီထွေနေထိုင်မှုဆိုင်ရာရွေးချယ်မှုကို သူတို့ဘာတွေနားလည်ပါသလဲ။ သူတို့သည် အစီအစဉ်တွင် ပါဝင်ရန်ဆန္ဒရှိပါသလား။ | အသက်မွေးမှုပြ ဇယား (နည်းကိရိယာ ၇) |
| | ၁၆။ ကျွမ်းကျင်မှု နှင့် အတွေ့အကြုံ - မတူညီသည့် အိမ်ထောင်စုများ၊ ရပ်ရွာလူထုအဖွဲ့များ၊ နှင့် တစ်ဦးတစ်ယောက်စီသည် ရာသီဥတုလွှန်ကဲမှု အခြေအနေများအတွက် မည်သို့ ဆောင်ရွက်ကြပါသလဲ ။ ဥပမာ - မပုပ်မသိုးသည့် အစားအစာများ သိုလှောင်ထားပါသလား။ အိမ်ထောင်စုတို့သည် သူတို့၏ နေအိမ်အဆောက်အအုံတွေကို ဘယ်လိုလုံခြုံအောင် ပြုလုပ်ကြပါသလဲ။ | ငွေကြေး ဆန်းစစ်လေ့လာချက် (နည်းကိရိယာ ၁၂) အကြောင်းရင်း နှင့် အကျိုးဆက်စပ်မှု (နည်းကိရိယာ ၆) |
| | ၁၇။ သတင်းအချက်အလက် - ရပ်ရွာလူထုမှ ဘယ်လိုသတင်းအချက်အလက် ရင်းမြစ်များ ရရှိပါသလဲ။<br>ဥပမာ - ရေဒီယိုသတင်းကြေငြာချက်၊ စိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့မှု။<br>သူတို့ ကြိုတင်သတင်းပေးမှု ရရှိပါသလား။ သူတို့ ကြေညာချက်က အချိန်မှီဖြစ်ရဲ့လား။ | ငွေကြေး ဆန်းစစ်လေ့လာချက် (နည်းကိရိယာ ၁၂) |
| | ၁၈။ ကွန်ယက်များနှင့် ရပ်ရွာအဖွဲ့များ - ရပ်ရွာအတွင်းနှင့် အပြင်မှ ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်ရန် ပံ့ပိုးကူညီမှုများ။ | သတင်းအချက်အလက် နှင့် သိရှိမှု လက်လှမ်းမှီနိုင်မှု (နည်းကိရိယာ ၁၃) |
| | ၁၉။ အရင်းအမြစ်များ။ ရပ်ရွာလူထုတွင် ဘယ်လိုအရင်းအမြစ်များ ရှိပါသလဲ။<br>ဥပမာ - ငွေကြေး၊ သဘာဝသယံဇာတ၊ လူအင်းအား။ | မြေပုံ (နည်းကိရိယာ ၃) |
| | ၂၀။ အသင်းအဖွဲ့များ ။။ ဘယ်လို ဆောင်ရွက်သူတွေ၊ အဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေက ကြံ့ကြံ့ခံတည်ထောင်ရေးဆောင်ရွက်ရာမှာ ပါဝင်ကူညီနိုင်မလဲ။<br>(က) ဘယ်လို ဆောက်ရွက်မှုတွေ သူတို့ လုပ်နေပါသလဲ။<br>(ခ ) အဖွဲ့အစည်းတွေ အသင်းအဖွဲ့တွေ ပြင်ဆင်မှု ဘယ်လောက်အားကောင်းပါသလဲ (သို့) Resilience တည်ဆောက်ရာတွင် ဘယ်လောက်ပါဝင်မှု ရှိပါသလဲ။<br>(ဂ) ဝန်ထမ်းလျာထားခြင်း၊ အရင်းအမြစ်များ၊ နည်းဗျူဟာ/မူဝါဒပိုင်းဆိုင်ရာ ကတိကဝတ်များ ရှိပါသလား။ သူတို့တွေ ကောင်းစွာပူးပေါင်းဆောင်ရွက်မှုရှိပါသလား။ | Venn Diagram (နည်းကိရိယာ ၈) |

# ၅။ ပြန်လည်သုံးသပ်ထားသော အကိုးအကားများနှင့် ရင်းမြစ်များ


Action Aid (2014) The Inclusive Community Risk Assessment (ICRA) handbook.

ADPC and UNICEF (2015) Myanmar Roadmap for Risk Assessment

Aka Firowz Ahmad, Community Based Adaptation to Climate Change inBangladesh: The Global Initiative at Local Level.

BRACED Myanmar (2014) Consolidated Community Assessment Tool Kit and Guidance Note for Resilience Planning

Brooks, N., Anderson, S., Ayers, J., Burton, I., and Tell am, I., 2011. Working Paper 1: Tracking adaptation and measuring development (TAMD), workingPaper. International Institute for Environment and Development (IIED).

CARE, CVCA Handbook (Climate Vulnerability and Capacity Assessment)

Dixit, Ajaya (2012) An Approach to Local Adaptation Planning in Nepal, Extract from presentation at World Water Week in Stockholm 2012.

Faulkner, L. (2012) ARCAB M&E and Baseline Strategy for CBA: Final Report. Action Research for Community Adaptation in Bangladesh (ARCAB). November 2012. Dhaka: International Centre for Climate Change and Development (ICCCAD).

Nick Brooks, Eunica Aure and Martin Whiteside, 2014, Draft Report 'Assessing the impact of ICF programmes on household and community resilience to climate variability and climate change'. DFID

Conflict Sensitivity Consortium, How To Guide to conflict sensitivity, DFID, http://www.conflictsensitivity.org/content/how-guide (accessed 04/06/14) Global Climate Change Alliance: Introduction ton climate change and vulnerability training module and slides, EU

UNEP (2012) Making the case for ecosystem based adaptation: building resilience to climate change. UNEP, Nairobi.

UN Habitat (2014), Climate Change and Cities Initiative, training presentation

FAO, Resource management for upland areas in Southeast Asia - An information kit.

GoN, 2011. National Framework on Local Adaptation Plans for Action. Government of Nepal, Ministry of Science Technology and Environment, Singha Durbar http://www.google.com/url?sa=t&rct=j&q=&esrc=s&source=web&cd=3&ved=0CDEQFjAC&url=http%3A%2F%2Fmoste.g

Safer world, Conflict-sensitive approaches to development, humanitarianassistance and peace building – a resource pack,http://www.saferworld.org.uk/resources/view-resource/148-conflict-sensitiveapproaches-to-development-humanitarian-assistance-and-peace building (accessed 04/06/14).

Janani Vivakananda (2011), Practice Note: Conflict-sensitive Responses to Climate Change in South Asia, IfP-EW Cluster: Climate Change Cluster, International Alert From Principles to Practice – A Users Guide to Do No Harm, http://www.scribd.com/doc/217467179/From-Principle-to-Practice-A-Users-Guide-to-Do-No-Harm

Lessons Learned from MPSI's work supporting Myanmar's Peace Process http://www.peacedonorsupportgroup.com/mpsi-lessons-and-reflections.html

Contested Corners of Asia, The Asia Foundation, http://asiafoundation.org/publications/pdf/1226

Conflict Sensitivity Manual: 3 steps for working in fragile and conflict affected situations , https://assets.helvetas.ch/downloads/2013_hsi_manual_3_steps_wfcs.pdf

Wallace.M, (2014) From Principle to Practice, A User's Guide to Do No Harm

Wiggins et al (2014), Climate Change and Environment degradation and risk adaptation assessment (CEDRA), Tear FundUser guides

# နောက်ဆက်တွဲများ

## ရပ်ရွာလူထု၏ ဘေးဒဏ်ခံနိုင်စွမ်း စက်ဝန်းကို လုပ်ဆောင်ရန်အတွက် အသုံးပြုသော နည်းနာပုံစံများနှင့် လမ်းညွှန်ချက်များ



# ပုံစံ ၁။ ဘေးအန္တရာယ်အတွက် အသင့်ပြင်ထားသော ရပ်ရွာလူထု၏ အကဲဖြတ်ပုံစံ

## ရည်ရွယ်ချက်

စစ်တမ်းကောက်ယူမှု၏ ပြင်ဆင်မှုအဆင့်တွင် ရပ်ရွာလူထု၏ အလျင်အမြန်ဆန်းစစ်ခြင်းသည် ရာသီဥတုလွှန်ကဲမှုနှင့် ဘေးအန္တရာယ်များကို ဖော်ထုတ်ရာတွင် အထောက်အပံ့ဖြစ်စေသည်။ ၎င်းသည် ရပ်ရွာအတွင်း ပြင်ဆင်မှုအဆင့်တွင် အခြားစစ်တမ်းကောက်ယူမှုများအတွက် နည်းပညာနှင့် နည်းကိရိယာများကို အသိပေးမည်ဖြစ်သည်။

## အသုံးပြုရန်လမ်းညွှန်မှုများ

လက်တွေ့ကျသော၊ အသုံးဝင်၍ထိရောက်သော ကြိုတင်သတိပေးစနစ်သည် အသက်အိုးအိမ်များ၊ အသက်မွေးဝမ်းကြောင်းပစ္စည်း ဆုံးရှုံးခြင်းတို့ကို လျော့ချရာတွင်မရှိမဖြစ်လိုအပ်သည်။ လူထုအခြေပြု ကြိုတင်သတိပေးစနစ်သည် တန်းတူအရေးကြီးပြီး ဘေးဖြစ်နိုင်ချေ ဗဟုသုတ၊ စောင့်ကြည့်လေ့လာခြင်းနှင့် သတိပေးခြင်း ဝန်ဆောင်မှုများ၊ အသိပညာပေးခြင်း၊ ဆက်သွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှု စွမ်းဆောင်ရည်တို့ဖြင့် ချိတ်ဆက်နေသည်။

ပုံ (၂) သည် လူထုအခြေပြု ကြိုတင်သတိပေးစနစ်တို့၏ ၎င်းအခန်းကဏ္ဍများကို ဖော်ပြထားပြီး သိပ္ပံနည်း၊ အဖွဲ့အစည်း၊ လူမှုရေးဆိုင်ရာလမ်းစဉ်များနှင့် ချိတ်ဆက်ထားသည်။ ၎င်းကဏ္ဍ တစ်ခုချင်းစီကြား ကွာဟချက်ရှိခဲ့လျှင် ကြိုတင်သတိပေးရေးစနစ် မအောင်မြင်နိုင်ပေ။ ဒေသတွင်း ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးစနစ်မှ ဤကြိုတင် ပြင်ဆင်ရေးဆန်းစစ်မှုနည်းကိရိယာကို ပြုစုခဲ့သည်။ အန္တရာယ်အတွက် ရပ်ရွာအသင့် ရှိ/မရှိဆန်းစစ်လွှာကို နောက်တိုး အချက်အလက်များဖြင့် ဖြည့်စွက်နိုင်သည်။ ဆောင်ရွက်ရန်များသည် ချက်ချင်းဆောင်ရွက်ရန် လုပ်ငန်းများကို ဖော်ထုတ်နိုင်ပြီး ရာသီဥတုလွှန်ကဲမှုနှင့် ဘေးအန္တရာယ်များအတွက် ပြင်ဆင်ခြင်းတို့တွင် အထောက်အပံ့ ဖြစ်စေမည်ဖြစ်သည်။

## ပြင်ဆင်ခြင်းနှင့် ပါဝင်စေရန် အကြံပြုချက်

ဤစစ်တမ်းကောက်ယူမှုသည် ကျယ်ပြန့်သည့် ရပ်ရွာလူထုပေါ်တွင်၊ အဖွဲ့အစည်းဆိုင်ရာ ပြင်ဆင်မှုတို့ပေါ်တွင် အခြေခံထားသည်။ ထို့ကြောင့် ကျေးရွာဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် အခြားတာဝန်ခံများမှ ဦးဆောင်သင့်သည်။

## အလျင်အမြန်စစ်တမ်းကောက်ယူမှု၏ရလဒ်

ပြည့်စုံသည့် အမေးအဖြေလွှာ

## အကြံပြုကြာချိန်

သင်တန်းဆရာများ၊ လိုအပ်သည့် ပစ္စည်းများ။
၎င်းကို အဖွဲ့ငယ်ဖြင့် မိနစ် (၃၀) အတွင်းပြုလုပ်နိုင်သည်။




Figure 1. EWS Components





Figure 2. Science, institutional and societal processes in a people-centered EWS

Source: RIMES)

## ရပ်ရွာအခြေပြု ကြိုတင်သတိပေးစနစ် စစ်ဆေးမှု ပုံစံ

ဒေသခံအစိုးရဌာနအမည် ____________________

တည်နေရာ ____________________

လူဦးရေ ____________________

ရပ်ရွာလူထုအပေါ်ကျရောက်နေသော/ကျရောက်နိုင်သော သဘာဝဘေးအန္တရာယ်များ။

- ○ မြေငလျင်
- ○ ဆူနာမီ
- ○ မြေပြိုခြင်း
- ○ ဆိုင်ကလုံး
- ○ မိုးသည်းထန်ခြင်း
- ○ ရေကြီးခြင်း
- ○ လေထန်ခြင်း
- ○ မုန်တိုင်းဒီရေ
- ○ အခြား (ဖော်ပြပါ) ____________________

အုပ်ချုပ်မှုဖွဲ့စည်းပုံ ။

### ၁။ ဘေးအန္တရာယ်ဖြစ်နိုင်ချေ ဗဟုသုတ

သမိုင်းဝင်ဘေးအန္တရာယ်များ၊ လွန်ကဲသော ဖြစ်စဉ်များနှင့် ၎င်းတို့၏ သက်ရောက်မှုများကို မှတ်တမ်းပြုစုပြီး သက်ဆိုင်ရာများနှင့် ဆွေးနွေးမှုရှိပါသလား (အနည်းဆုံး တစ်နှစ်တစ်ကြိမ်) ○ ရှိပါသည် ○ မရှိပါ

မရှိလျှင် ဘာကြောင့်လဲ ____________________

____________________

အန္တရာယ်သတ်မှတ်အဆင့်များရှိပါသလား ○ ရှိပါသည် ○ မရှိပါ

ရှိလျှင် ဖော်ပြပါ။ (အန္တရာယ်အသေးစိတ်၊ စာရွက်ပိုလိုအပ်လျှင်အသုံးပြုပါ)

____________________

အန္တရာယ် ပမာဏများပေါ်တွင် ထိခိုက်လွယ်သော လူဦးရေ/အုပ်စုများ ရပ်ရွာအတွင်းတွင် ရှိပါသလား။

○ ရှိပါသည် ○ မရှိပါ

ရှိလျှင် ၎င်းတို့မှာဘယ်သူလဲ။ မည်သည့်အချက်တွေကြောင့် သူတို့ထိခိုက်လွယ်မှုရှိနေသလဲ။

(အန္တရာယ်များအလိုက် ဖော်ပြပါ၊ စာရွက်ပိုလိုအပ်လျှင်အသုံးပြုပါ) ____________________

အန္တရာယ်တိုင်းအတွက် အန္တရာယ်မြေပုံများရှိပါသလား။ ○ ရှိပါသည် ○ မရှိပါ

အန္တရာယ်တိုင်းအတွက် ဘေးဖြစ်နိုင်ချေ မြေပုံရှိပါသလား ○ ရှိပါသည်။ ○ မရှိပါ။

၎င်းတို့ကို အမြဲပြင်ဆင် ရေးဆွဲပါသလား ○ ရှိပါသည်။ ○ မရှိပါ။

ရှိလျှင် အကြိမ်ရေကို မည်ကဲ့သို့ ပြုလုပ်ပါသလဲ ____________________

### စစ်တမ်းကောက်ယူသည့်အဖွဲ့မှ မှတ်သားရန် မှတ်စု

အားသာချက်များ

အားနည်းချက်များ

အကြံပြုချက်များ

## ၂။ ဒေသတွင်း အန္တရာယ်များကို စောင့်ကြည့်လေ့လာခြင်း

ရပ်ရွာလူထုမှ အန္တရာယ်များကိုဘယ်လို စောင့်ကြည့်လေ့လာပါသလဲ

ဆူနာမီ

- ○ သဘာဝ အမှတ်အသား လက္ခဏာများကို စောင့်ကြည့်လေ့လာခြင်း
- ○ အခြား (ဖော်ပြရန်)

မိုးများသောမြေပြိုမှု

- ○ မိုးရေချိန်
- ○ အခြား (ဖော်ပြရန်)

ရပ်ရွာလူထုမှ အန္တရာယ်များကိုဘယ်လို စောင့်ကြည့်လေ့လာပါသလဲ

- ○ မိုးလေဝသနှင့်ဆိုင်သော အန္တရာယ်များ
- ○ မိုးရေချိန်
- ○ မိုးရေချိန် ကြည့်ခြင်း (နေရာကိုဖော်ပြပါ)
- ○ အခြား (ဖော်ပြပါ၊ လိုအပ်လျှင် စာရွက်ပိုသုံးပါ)

ရပ်ရွာလူထုမှ အသုံးပြုသော အန္တရာယ်ကြိုတင် ခန့်မှန်းသည့် ဓလေ့များရှိပါသလား။
○ ရှိပါသည် ○ မရှိပါ

ရှိလျှင်ဖော်ပြပါ။

ရပ်ရွာလူထုမှ စောင့်ကြည့်လေ့လာသည့် ကိရိယာ/နည်းကိရိယာများရှိပါသလား။
○ ရှိပါသည် ○ မရှိပါ။

သတ်မှတ်ထားသော လေ့လာသူများ လေ့ကျင့်ပေးထားမှုရှိပါသလား
○ ရှိပါသည် ○ မရှိပါ။

**စစ်တမ်းကောက်ယူသည့်အဖွဲ့မှ မှတ်သားရန် မှတ်စု**

အားသာချက်များ

အားနည်းချက်များ

အကြံပြုချက်များ

## ၃ ။ ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးနည်းလမ်းများ

ကြိုတင်အသိပေးရေးတာဝန်ခံ (အမှတ်ခြစ်ပါ)

- ○ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး
- ○ ကျေးရွာအုပ်ချုပ်ရေးမှူး
- ○ ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာဘေးအန္တရာယ်
- ○ အခြား

ညှိနှိုင်းဆောင်ရွက်ရေး တာဝန်ခံ (သင့်လျော်သည့်အကွက်ကို ခြစ်ပါ)

- ○ ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာအုပ်ချုပ်ရေးမှူး
- ○ ရုံး
- ○ ရပ်ရွာလူထုတွေ့ဆုံ(သတင်းပြန်ကြား)သည့် နေရာရပ်ရွာဌာနများ
- ○ အခြား

စာရွက်အပိုသုံးပါ။

ဒုတိယအဆင့် /အဓိက တာဝန်ရှိသူများ ○ ရှိ ○ မရှိ

တာဝန်ရှိသူများရှိပါက၊ အောက်တွင်ဖော်ပြပါ။

၁ ________________

၂ ________________

၃ ________________

၄ ________________

၅ ________________

၆ ________________

၇ ________________

၈ ________________

၉ ________________

သတင်းလက်ခံသူ၊ နောက်ဆုံးသတင်းမှတ်တမ်း တင်ထားသူ အမြဲတမ်းအဆင်သင့် ရှိပါသလား။
○ ရှိ ○ မရှိ

အကြိမ်မည်မျှ မှတ်တမ်းတင်ထားသနည်း။

________________

(၁) ဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေး စင်တာတွင် ဆက်သွယ်ရေးလုပ်ငန်းစဉ်ဇယားကို ကပ်ထားပါသလား။
○ ရှိ ○ မရှိ

မရှိပါက အဘယ်ကြောင့်နည်း ________________

ဆက်သွယ်ခြင်းနှင့် အတူတကွလုပ်ဆောင်ခြင်းအဆင့်များ ○ ရှိ ○ မရှိ

ပူးပေါင်းဆောင်ရွက်မှု အဆင့်ဆင့် ဖွဲ့စည်းပုံရှိပါသလား။
(ကြိုတင်သတိပေးချက် ပေးပို့သူမှ နောက်ဆုံးလက်ခံရရှိသူအထိ)

ဆက်သွယ်ခြင်းနှင့် အတူတကွလုပ်ဆောင်ခြင်း အဆင့်များအား စစ်တမ်းကောက်ယူသည့်အဖွဲ့ မှတ်ရန်။

အားသာချက်များ

အားနည်းချက်များ

အကြံပြုချက်များ

## ၄ ။ ကြိုတင်သတိပေးချက်များကိုလက်ခံခြင်း။

ရပ်ရွာလူထုမှ ကြိုတင်သတိပေးချက်များကိုမည်သည့်နည်းလမ်းဖြင့် လက်ခံရရှိသနည်း။
အောက်ဖော်ပြပါ အကွက်များမှ သင့်တော်ရာကိုအနည်းဆုံး သုံးမျိုးခြစ်ပေးပါရန်။

- ○ တယ်လီဖုန်း / ဖက်စ်
- ○ လက်ကိုင်ဖုန်း
- ○ AM / FM ရေဒီယိုများ
- ○ VHS / HF ရေဒီယိုများ
- ○ ရုပ်မြင်သံကြား
- ○ အရေးပေါ်ကြိုတင်သတိပေးသည့် နေရာ
- ○ နယ်မြေရဲစခန်းနှင့် ဆက်သွယ်ခြင်း
- ○ စစ်ဘက်မှတာဝန်ရှိသူများနှင့် ဆက်သွယ်ခြင်း
- ○ အင်တာနက်ဖြင့် ဆက်သွယ်ခြင်း
- ○ အခြား (လိုအပ်ပါကစာရွက်ပိုဖြင့် ဖော်ပြပေးရန်)

ကြိုတင်သတိပေးချက်များကို လက်ခံခြင်း စစ်တမ်းကောက်ယူသည့်အဖွဲ့မှ မှတ်ရန်။

အားသာချက်များ

အားနည်းချက်များ

အကြံပြုချက်များ

## (၅) ဒေသတွင်းဘေးအန္တရာယ်များ ကြိုတင်သတိပေးမှုများအား စောင့်ကြည့်လေ့လာခြင်း။

အန္တရာယ်ပြမြေပုံ/ အန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များအား ဒေသတွင်းကြိုတင်သတင်းပေးမှု နည်းလမ်းများတွင် အသုံးပြုခြင်းရှိပါသလား ○ ရှိ ○ မရှိ

ကြိုတင်သတိပေးချက်များတွင်ပေါင်းစပ်အသုံးပြုနိုင်မည့်လက်ရှိလေ့လာတွေ့ရှိချက်များရှိပါသလား။ ○ ရှိ ○ မရှိ

ကြိုတင်သတိပေးချက်များကို ပေါင်းစပ်ရာတွင် ပြောင်းလဲနေသောအချိန်၊ မသေချာသော လိုက်လျောညီထွေမှုများရှိပါသလား။ ○ ရှိ ○ မရှိ

အမျိုးမျိုးသောကဏ္ဍတွေအတွက် မိုးလေဝသ ခန့်မှန်းချက်များနှင့် သတိပေးချက်များအား အန္တရာယ်သတင်းအချက်အလက်အဖြစ် ပြောင်းလဲ/ အသုံးပြုနိုင်သော စွမ်းဆောင်ရည် ရပ်ရွာလူထုတွင် ရှိပါသလား။ ○ ရှိ ○ မရှိ

မရှိလျှင်၊ကြိုတင်သတိပေးချက်များအားလက်ခံမည့်ပုံစံတစ်ခုအဖြစ်ဆက်သွယ်ထားပါသလား။ ○ ရှိ ○ မရှိ

ဒေသတွင်း ဘေးအန္တရာယ်များ ကြိုတင်သတိပေးမှုများအား စစ်တမ်းကောက်ယူသည့်အဖွဲ့မှ မှတ်ရန်။

အားသာချက်များ

အားနည်းချက်များ

အကြံပြုချက်များ

## (၆) ကြိုတင်သတိပေးချက်များထုတ်ပြန်ပေးပို့ခြင်း။

သတင်းထုတ်ပြန်ပေးသည့် ကြိုတင်သတိပေးချက်များကို ရပ်ရွာအတွင်းတွင်မည်ကဲ့သို့ ပြန်လည်ဖြန့်ဝေသနည်း အောက်ဖော်ပြပါအကွက်များမှသင့်တော်ရာကိုအနည်းဆုံး (၃) မျိုးခြစ်ပေးပါရန်။

- ○ တယ်လီဖုန်း
- ○ လက်ကိုင်ဖုန်း (ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပို့ခြင်း)
- ○ ရေဒီယို(VHF/HF)
- ○ သတိပေးချက်အလံများ လွှင့်တင်ခြင်း
- ○ လူအချင်းချင်းသတင်းပေးခြင်း
- ○ အချက်ပြ ဥသြ ဆွဲခြင်း
- ○ ခေါင်းလောင်း
- ○ အော်လံများအသုံးပြု၍ သတိပေးခြင်း
- ○ ရှေးရိုးနည်းလမ်းများ အသုံးပြုခြင်း (သုံးစွဲပါက ချရေးပါ)
- ○ အခြားနည်းလမ်းများရှိပါက အသေးစိတ်ဖော်ပြပါ။

ရပ်ရွာလူထု အသုံးပြုရန် ကိရိယာများ တပ်ဆင်ထားခြင်းရှိပါသလား။ ○ ရှိ ○ မရှိ
မရှိလျှင်၊ ဘာကြောင့်၊ ဘယ်လို ကိရိယာများတပ်ဆင်ရန် လှုံ့ဆော်ရမည်နည်း ______________________

______________________________________________

ကြိုတင်သတိပေးချက်များကို လက်ခံခြင်း စစ်တမ်းကောက်ယူသည့်အဖွဲ့မှ မှတ်ရန်

အားသာချက်များ

အားနည်းချက်များ

အကြံပြုချက်များ

## (၇) ရပ်ရွာလူထု ကြိုတင်ပြင်ဆင်ခြင်း

ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ

- ○ ရပ်ကွက်/ ကျေးရွာအုပ်စု သဘာဝ ဘေးကြိုတင်ပြင်ဆင်ရေး ကော်မီတီ
- ○ သဘာဝဘေး ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်း အစီအစဉ်များအား ကြိုတင်လေ့ကျင့်ထားရန်
- ○ ကြိုတင်သတိပေးလုပ်ငန်းများအား အစီအစဉ်တကျ ရေးဆွဲထားရန်
(ကွဲပြားနေသော ဘေးအန္တရာယ်အဆင့်အလိုက် လိုအပ်သောကြိုတင်သတိပေးချက်များ ပြုလုပ်သတ်မှတ်ထားရန်)
- ○ ရပ်ရွာအခြေပြု အရေးပေါ်တုန့်ပြန်ရေးအဖွဲ့များအား လေ့ကျင့်ထားရန်
- ○ အဆင့်တိုင်းတွင် ကြိုတင်သတိပေးရေး တာဝန်ရှိသူအား လမ်းညွှန်သတ်မှတ်ထားရန်
- ○ ဘေးအန္တရာယ်ပြ မြေပုံများအား ပုံမှန် ရေးဆွဲရန်
- ○ အရင်းအမြစ်ပြ မြေပုံများအား ပုံမှန် ရေးဆွဲရန်
- ○ အန္တရာယ်ပြ မြေပုံများအား ပုံမှန် ရေးဆွဲရန်
- ○ တစ်ဦးချင်း/ မိသားစုများ ဘေးကင်းခိုလှုံရာနေရာအတွက် ပစ္စည်း၊ အစားအစာစာရင်းအား သေချာစွာ ပြုစုရန်
- ○ ခိုလှုံရာအဆောက်အအုံသည် ဘေးလွတ်ကင်းရာ နေရာတွင်တည်ရှိရန်
- ○ ထူးခြားသောဘေးများအတွက် ဘေးလွတ်ကင်းရာနေရာတွင် ခိုလှုံရန်အဆောက်အအုံများ လုံလောက်သော အရေအတွက်ရှိစေရန်
- ○ ထိခိုက်လွယ်သောလူဦးရေ

**ခိုလှုံရာအဆောက်အဦးရှိ ပစ္စည်းများ**

- ○ ရေ ○ စွမ်းအင် ○ မီးဖိုချောင်သုံး ပစ္စည်းများ
- ○ အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များအတွက် သတ်မှတ်ထားသော နေရာများ
- ○ အထူးလိုအပ်ချက်များရှိသော သူများကို ပြုစုရန် ကော်မတီ
- ○ အခြား

- ○ ဘေးကင်းသောရွှေ့ပြောင်းရာ လမ်းကြောင်းများ၊ ဘေးအမျိုးအစားအလိုက် သတ်မှတ်ထားရန်
- ○ ရပ်ရွာအတွင်း သိသာသောဧရိယာများတွင် လမ်းကြောင်းများသတ်မှတ်ရာတွင် အမှတ်အသား လမ်းညွှန်များ ပြုလုပ်ထားရန်
- ○ အရေးပေါ်ကာလအတွင်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ အသုံးပြုနိုင်စေရန်
- ○ အရေးပေါ်ကိစ္စရပ်များအတွက် အစားအစာ၊ ရေ ရရှိစေရန်နည်းလမ်းများ ရှာဖွေထားရန်
- ○ ရှေးဦးပြုစုရေးနှင့် ဆေးဝါးများ လုံလောက်မှု ရှိစေရန်
- ○ အခြေခံ အသိပညာ မြှင့်တင်ရေးလုပ်ငန်းများ အနည်းဆုံး တစ်နှစ် တစ်ကြိမ်ပြုလုပ်ရန်
- ○ ပညာပေး လုပ်ငန်းများ၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးဆိုင်ရာနှင့် ကြိုတင်သတိပေးရေးဆိုင်ရာ ပိုစတာများ၊ ဆိုင်းဘုတ်များကို ရပ်ရွာများတွင် ချိတ်ဆွဲထားရန်
- ○ ကြိုတင်သတိပေးနှင့်  သဘာဝဘေး စီမံခန့်ခွဲမှု သင်တန်းများ ပြုလုပ်ရန်
- ○ ဘေးအန္တရာယ်အလိုက် ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ရန် ( တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်)
- ○ နှစ်စဉ် ခရိုင်အဆင့် သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးကော်မတီနှင့် တွေ့ဆုံဆွေးနွေး အကြံဉာဏ်များ တောင်းခံရန်
- ○ အခြား ( ရှိပါက သီးခြားစာရွက်ဖြင့်ဖော်ပြရန်)

ရပ်ရွာလူထု ကြိုတင်ပြင်ဆင်ခြင်း စစ်တမ်းကောက်ယူသည့်အဖွဲ့မှ မှတ်ရန်။

အားသာချက်များ

အားနည်းချက်များ

အကြံပြုချက်များ

## (၇) ရပ်ရွာလူထု ကြိုတင်ပြင်ဆင်ခြင်း

အန္တရာယ်ပြမြေပုံကို အသုံးပြုခြင်းဖြင့် အရေးပေါ်တုံ့ပြန်မှုများ ပြုလုပ်ပါသလား။ ○ ရှိ ○ မရှိ

ရှိလျှင် ဘယ်လိုလဲ။ ______________________________

______________________________

______________________________

ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အစီအစဉ်များရေးဆွဲခြင်းတို့ ဆောင်ရွက်ရာတွင် အမျိုးမျိုးသော အချိန်ကာလ သတ်မှတ်ချက်တို့တွင် သတင်းအချက်အလက်များအား ချောမွေ့စွာ ပေါင်းစပ်အသုံးပြုပါသလား။ ( ဥပမာ- သတင်း ရယူခြင်း၊ နေ့စဉ်၊ ၁၀ ရက် တစ်ကြိမ်၊ လစဉ်၊ ရာသီအလိုက်ခန့်မှန်းချက်များနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်တို့ စသည်ဖြင့်) ○ ရှိ ○ မရှိ

ရှိလျှင် ဘယ်လိုလဲ။ ______________________________

______________________________

ဆုံးဖြတ်ချက်ချမှတ်သူများ၊ ထိခိုက်လွယ်သူများနှင့် ကဏ္ဍများသည် ဘေးအန္တရာယ်အလိုက် အဆင့်တိုင်းအတွက် ကြိုတင်သတိပေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော သတ်မှတ်ချက်များ ပြုလုပ်ပါသလား။ ○ ရှိ ○ မရှိ

ပြုလုပ်ပါလျှင်၊ ဘာတွေလုပ်ဆောင်ပါသလဲ။ ______________________________

______________________________

______________________________

အမျိုးမျိုးသော ဘေးအန္တရာယ်ပြင်းအားနှင့် သက်ရောက်မှု အမျိုးမျိုးတို့ (အလယ်အလတ်၊ ပြင်းထန်သော၊ အဆိုးဝါးဆုံး) ဘေးအန္တရာယ်တစ်ခုအတွက် သတ်မှတ်၍ လိုအပ်သော လုပ်ဆောင်ချက်များပြုလုပ်ပါသလား၊ အမျိုးမျိုးသော ထိခိုက်လွယ်မှုများအတွက် ချက်ချင်းလုပ်ဆောင်ချက်များ ပြုလုပ်ပါသလား။ ○ ရှိ ○ မရှိ

ပြုလုပ်ပါလျှင်၊ ဘာတွေလုပ်ဆောင်ပါသလဲ။ ______________________________

______________________________

______________________________

ကြိုတင်သတိပေးအချက်အလက်များရရှိနိုင်စေရန် လိုအပ်သော အရင်းအမြစ်များအား ချက်ချင်း အသုံးပြုနိုင်ရန် နည်းလမ်းများ ရှိပါသလား။ ○ ရှိ ○ မရှိ

ရှိလျှင်၊ အဲဒါတွေက ဘာတွေလဲ ______________________________

______________________________

______________________________

ဆုံးဖြတ်ချက်ချမှတ်သူများ၊ ထိခိုက်လွယ်သူများအနေဖြင့် သက်ရောက်မှုမြင့်မားသော လုပ်ဆောင်ချက်များ၊ သက်ရောက်မှု နိမ့်ပါးသော ဘေးအန္တရာယ်များ၊ အဖြစ်အပျက်များ သတ်မှတ်ထားမှုများ ရှိပါသလား။ ○ ရှိ ○ မရှိ

ရှိလျှင်၊ အဲဒါတွေက ဘာတွေလဲ ______________________________

______________________________

______________________________

ရပ်ရွာလူထုအတွင်း ဘေးအန္တရာယ်အပေါ် ထင်မြင်ယူဆချက်နှင့် ထိခိုက်လွယ်သူများအကြား အဆင်သင့်ဖြစ်စေသည့် လုပ်ဆောင်ချက်များရှိပါသလား။ ○ ရှိ ○ မရှိ

ရှိလျှင်၊ အဲဒါတွေက ဘာတွေလဲ______________________________

______________________________

______________________________

ဘေးဖြစ်ပွားသောနေရာတွင် နိမ့်ပါးသော သက်ရောက်မှုနှင့် သက်ရောက်မှု မြင့်မားမှုတို့အတွက် ရပ်ရွာလူထု နိုးကြားတက်ကြွလာစေရန် လှုံ့ဆော်မှုများ လုပ်ဆောင်ရန် အရင်းအမြစ်များ အသုံးပြု၍ ချက်ချင်း လုပ်ဆောင်နိုင်သော နည်းလမ်းများရှိပါသလား။ ○ ရှိ ○ မရှိ

ရှိလျှင်၊ အဲဒါတွေက ဘာတွေလဲ ______________________________

______________________________

အရေးပေါ်တုံ့ပြန်ရေးဆောင်ရွက်ချက်များ စစ်တမ်းကောက်ယူသည့်အဖွဲ့မှ မှတ်ရန်။

အားသာချက်များ

အားနည်းချက်များ

အကြံပြုချက်များ

## (၉) သုံးသပ်ချက်များ

မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ ကယ်ဆယ်ရေးဦးစီးဌာန တို့ကို လေ့လာသုံးသပ်မှုများပြုလုပ်ရန် နည်းလမ်းများရှိပါသလား၊ ○ ရှိ ○ မရှိ

ရှိပါက။ နည်းလမ်းများအားဖော်ပြပါ ______________________________

လေ့လာသုံးသပ်ချက်များ ပုံမှန်လက်ခံနိုင်ရန် မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ ကယ်ဆယ်ရေးဦးစီးဌာန တို့တွင် တာဝန်ပေးထားသူများ ရှိပါသလား။ ○ ရှိ ○ မရှိ

ရှိလျှင်၊ တာဝန်ပေးထားသူများအားဖော်ပြပါ။ ______________________________

မည်ကဲ့သို့ မကြာခဏဆက်သွယ်သုံးသပ်ပါသလဲ။______________________________

မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှု ကော်မတီ၊ မြို့နယ်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ ကယ်ဆယ်ရေးဦးစီးဌာန တို့မှ တုန့်ပြန်မှုများရှိပါသလား။ ○ ရှိ ○ မရှိ

ရှိလျှင်၊အသေးစိတ် ရေးသား ဖော်ပြပါ၊______________________________

သုံးသပ်ချက်များ ဆောလျင်စွာ ပြုလုပ်ခြင်းအပေါ်တွင် ကြိုတင် သတိပေးချက်/ ဘေးအန္တရာယ် သတင်းအချက်အလက် လက်ခံရရှိမှုတွင် တိုးတက်မှုများ ရှိပါသလား။ ○ ရှိ ○ မရှိ

ရှိလျှင်၊အသေးစိတ်ရေးသားဖော်ပြပါ

______________________________

သုံးသပ်ချက်များ ပြုလုပ်ရာတွင် စစ်တမ်းကောက်ယူသည့်အဖွဲ့မှ မှတ်ရန်။

အားသာချက်များ

အားနည်းချက်များ

အကြံပြုချက်များ

| အနှစ်ချုပ်လမ်းညွှန်ချက်များ |
| --- |
| ၁။ ဘေးဖြစ်နိုင်ချေ ဗဟုသုတ |
| ၂။ ဒေသတွင်းအန္တရာယ်များကို စောင့်ကြည့်လေ့လာခြင်း |
| ၃။ ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းများ |
| ၄။ သတင်းများကိုထုတ်ပြန် ကြိုတင်သတိပေးခြင်း |
| ၄။ ကြိုတင်သတိပေးချက်များကို လက်ခံခြင်း |
| ၅။ ဒေသတွင်းဘေးအန္တရာယ်များ ကြိုတင်သတိပေးမှုများအား စောင့်ကြည့်လေ့လာခြင်း |
| ၆။ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ပေးပို့ခြင်း |
| ၇။ ရပ်ရွာလူထု ကြိုတင်ပြင်ဆင်ခြင်း |
| ၈။ အရေးပေါ်တုံ့ပြန်ရေး ဆောင်ရွက်ချက်များ |
| ၉။ သုံးသပ်ချက်များ |
| အဓိက ထင်မြင်သုံးသပ်ချက်များ |
| လေ့လာသုံးသပ်သူများ၏ လက်မှတ်များ |
| လေ့လာသုံးသပ်သည့် ရက်စွဲ |

# ပုံစံ ၂။ ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူခြင်းနှင့် ခွဲခြမ်းသုံးသပ်ခြင်း

## ကျေးရွာသမိုင်းကြောင်းပြမြေပုံ

### ရည်ရွယ်ချက်

ကျေးရွာသမိုင်းမြေပုံကို အသုံးပြုခြင်းဖြင့် လွန်ခဲ့သော ကာလများက ကျေးရွာအတွင်း ကြုံတွေ့ခဲ့သော ဘေးအန္တရာယ်များနှင့် ကွဲပြားခြားနားသော ထိခိုက်လွယ်မှုများကို သိရှိနိုင်ပါသည်။ ဤနည်းလမ်းကို အသုံးပြုခြင်းဖြင့် ကျေးရွာအတွင်း ကြုံတွေ့ခဲ့သည့် ဘေးအန္တရာယ် အဖြစ်အပျက်ပေါ် မူတည်သော သတင်း အချက်အလက်များ (အဆောက်အဦး၊ စိုက်ပျိုးရေး၊ ရေ၊ ကျန်းမာရေး၊ ပျက်စီးဆုံးရှုံးမှုများ) ကိုစုဆောင်းနိုင်ပါသည်။ သမိုင်းမြေပုံသည် ကျေးရွာ၏သမိုင်းနှင့် အကြောင်းအရာ၊ အဖြစ်အပျက်များကို ပုံဖော်နေပါသည်။ ကျေးရွာအတွင်း ဖြစ်ပွားခဲ့သော အရေးကြီးသည့် ထူးခြားဖြစ်စဉ်များနှင့် မတော်တဆမှုများကို နှုတ်ဖြင့်မေး၍ အချိန်နှင့်တကွ အသေးစိတ်ဖော်ပြခြင်းဖြစ်သည်။ ဤနည်းလမ်းသည် အစပိုင်းဆောင်ရွက်ရန် ကောင်းမွန်သဖြင့် မိတ်ဆက်ပြီးသည့်အခါတွင် အသုံးပြုသင့်ပါသည်။

### အသုံးပြုရန် လမ်းညွှန်

ကျေးရွာတွင် သွားရောက်တွေ့ဆုံရမည့် သူများကို ရွေးချယ်သတ်မှတ်ပါ။ (အရေးကြီးသည့်အချက်မှာ မတူညီသည့် အမြင်များရရှိရန်အတွက် ရပ်ရွာအတွင်းရှိ အသက်အရွယ် မတူညီသောသူများ ပါဝင်နိုင်ရန် စီစဉ်ပါ။ သမိုင်းမြေပုံပါ ဆွေးနွေးပြောဆိုချက်များသည်၊ မတူညီသော အုပ်စုများကြောင့် ထပ်ခါတလဲလဲ ဖြစ်နေတတ်ပါသည်။ အုပ်စုခွဲရာတွင် အုပ်စုငယ် (၄ဖွဲ့ - ၆ဖွဲ့) ထိုအုပ်စုငယ်တွင် ယောကျ်ား၊ မိန်းမ နှစ်ဦးစလုံး ပါဝင်နေရမည်။ ထို့ပြင်အခြား သက်ငယ်၊ သက်လတ် အုပ်စုတွင် မိန်းကလေးများနှင့် ယောကျ်ားလေးများပါ ပါဝင်နေရမည်။

### လမ်းညွှန်မေးခွန်းများ

ကျေးရွာတွင်အဓိကဖြစ်ပွားခဲ့သော အထင်ကရ အဖြစ်အပျက်များကို ပြန်လည်၍ပြောဆို ဆွေးနွေးခိုင်းရပါမည်။ ဆွေးနွေးမေးမြန်းထားသော အကြောင်းအရာများကို A4 နှင့် မှတ်တမ်း ယူထားပြီး Flip Chart ပေါ်တွင် ရပ်ရွာဘေးအန္တရာယ် သမိုင်းကြောင်းပြမြေပုံကို ရေးဆွဲခိုင်းပါ။ အောက်ဖော်ပြပါ အကြောင်းအရာများပေါ် အခြေခံပြီးဆွေးနွေးပါ။

- အဓိကဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်နှင့်၊ နောက်ဆက်တွဲ သက်ရောက်မှုများ။
- လယ်ယာမြေ အသုံးပြုမှု ပြောင်းလဲခြင်းများ။ (ကောက်ပဲသီးနှံ၊ သစ်တော၊ အိမ်၊ အဆောက်အဦးများ၊ စသဖြင့်)
- လယ်ယာမြေ အနေအထား ပြောင်းလဲမှုများ။
- စားနပ်ရိက္ခာ နှင့် အစာအဟာရ ပြောင်းလဲမှုများ။
- အသင်းအဖွဲ့များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပြောင်းလဲမှုများ။
- နိုင်ငံ၏ မူဝါဒပိုင်းဆိုင်ရာနှင့် ပတ်သက်သည့် အထင်ကရ အဖြစ်အပျက်များ။
- ကျေးရွာမှာဘယ်လို ဘေးအန္တရာယ်မျိုးကို ကြုံတွေ့ခဲ့ဘူးသလဲ။ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဘေးအန္တရာယ်တွေက ဘာတွေလဲ။
- နောက်ဆက်တွဲအနေနဲ့ ရွာမှာဘာတွေဖြစ်ပြီး ထိခိုက်သွားလဲ။
- ဘယ်သူတွေက အထိခိုက်ဆုံးလဲ။
- အကျိုးရလဒ်က အမြဲတမ်း ဒီလိုမျိုးဘဲလား။
- ဘာကြောင့် ဘေးအန္တရာယ်ဖြစ်တာ အရင်ကထက် ပိုပြင်းထန်လာတာလဲ။

မေးခွန်းများကိုမေးခြင်းဖြင့် မည်သူက ထိရောက်စွာ ဆွေးနွေးနိုင်ပြီး ဘာကြောင့်ဆွေးနွေးနိုင်သည်ကို သိနိုင်လာပါမည်။ စီမံကိန်းဝန်ထမ်းများအနေဖြင့် အုပ်စုဖွဲ့ဆွေးနွေးစေရာတွင်၊ ဆွေးနွေးသောအချက်များကို နေ့ရက်နှင့်တကွ ဖော်ပြဆွေးနွေးနိုင်အောင် ကျေးရွာမှပါဝင်သောသူများကို ပြောပြရပါမည်။

#### ပြုလုပ်ပုံအဆင့်ဆင့်

- ကျေးရွာမှ လာရောက် ပါဝင်သူများကို ဆွေးနွေးရာတွင် လွယ်ကူစေရန် အုပ်စုဖွဲ့ပေးပါ။ (အုပ်စုတွင် ပါဝင်ရမည့်သူများကိုကြိုတင်မသတ်မှတ်ဘဲ၊ ရှုထောင့်ပေါင်းစုံ၊ အမြင်ပေါင်းစုံနှင့်ပါဝင်ဆွေးနွေးနိုင်စေရန် အကူအညီပေးပါ။)
- အခြားမတူညီသည့် အဖွဲ့များ၏ ဆွေးနွေးချက်များရရှိရန်၊ ဆွေးနွေးထားသည့် စာရွက်ကိုလှည့်၍ ဖြည့်စေပါ။
- အဖွဲ့အလိုက် ဆွေးနွေးချက်များကို ကိုင်ဆောင်ထားခိုင်းပါ။
- အဖွဲ့အလိုက်တင်ပြ ဆွေးနွေး သုံးသပ်ချက်များကို မှတ်တမ်းတင်ပြီးသည့်အခါ မတူညီသော ဆွေးနွေးချက်များကို မြင်သာအောင် နှိုင်းယှဉ်ပြီး၊ ဘာကြောင့် မတူညီရသည့် အကြောင်းကိုမေးရန်။
- အုပ်စုဖွဲ့ရာတွင်၊ မတူညီသောသူများကိုရောနှောပါ။ ဥပမာ - (မိန်းမပျို၊ ယောကျ်ားပျို၊ အိမ်ထောင်သည် အမျိုးသမီး/သား)
- ရုပ်ပုံကားချပ် အထောက်အကူပြု ပစ္စည်းများကို အသုံးပြုရန် လိုအပ်ပါက အသုံးပြုရန်။
- ဘာသာစကား အသုံးအနှုန်းကို ဂရုပြုရန်။
- (ကလေး၊ လူကြီး၊ ကျား/မ)။
- ပံ့ပိုးကူညီသူကို ရွေးချယ်ထားရန်။ (အမျိုးသမီးအုပ်စု ဆွေးနွေးရာတွင်၊ ပံ့ပိုးကူညီသူမှာ အမျိုးသမီးဖြစ်ပါက၊ လိုအပ်သောသတင်း အချက်အလက်ကို ပိုမိုမှန်ကန်စွာ ရရှိနိုင်ပါသည်။
- မတူညီသော အုပ်စုများအတွက် ဆွေးနွေးနိုင်ရန် နေရာ၊ အချိန်နှင့် လမ်းပန်းဆက်သွယ်ရေး တို့ကို ထည့်သွင်းစဉ်းစားရပါမည်။

## ထည့်သွင်းစဉ်းစားသင့်သည့်အချက်များ

ကျေးရွာမှ မတူညီသောအုပ်စုများ ပါဝင်သဖြင့် ဆွေးနွေးချက်များသည် သူတို့မှတ်မိသော အဖြစ်အပျက်နှင့် အချိန်အခါပေါ်မူတည်ပြီး ကွဲပြားနေလိမ့်မည်။ ဥပမာ- အသက်ကြီးသူများသည် အသက်ငယ်သောသူများထက် ရွာအကြောင်းကို ပိုသိနိုင်ပါသည်။ ထို့ကြောင့်အုပ်စုဖွဲ့ရာတွင် အသက်အရွယ်စုံပါဝင်နိုင်အောင် ပံ့ပိုးသူမှ အကူအညီပေးသင့်ပါသည်။


- ကြာချိန်
  (၁ - ၂) နာရီအတွင်း
- အသုံးပြုမည့်ပစ္စည်းများ
  အသင့်ပြင်ဆင်ထားသည့်မေးခွန်း၊ ဘောပင်၊ ခဲတံ။ A4 စာရွက်များ။
- အသုံးပြုမည့် နည်းလမ်း
  ပံ့ပိုးသူမှ ဦးဆောင်၍ အပြန်အလှန်ဆွေးနွေးခြင်း။
- ပါဝင်မည့်လူဦးရေ
  ပံ့ပိုးသူ (ကျား- ၊ မ- )
  ရွာမှပါဝင်သူ (ကျား- ၊ မ- )
- ပြုလုပ်ပုံအဆင့်ဆင့်
  မေးခွန်းနမူနာနှင့် ပြုလုပ်ပုံအဆင့်ဆင့်ကို အောက်တွင် ဖော်ပြ ထားပါသည်။

## ဘေးအန္တရာယ်သမိုင်းကြောင်း ဥပမာပုံစံ

| | |
|---|---|
| ၁၉၅၁- ၁၉၆၀ | • မူလတန်းကျောင်း စတင်ဖွင့်လှစ်။<br>• အိမ်ထောင်စု ၃၀၀ မှ လယ်ယာစိုက်ပျိုးရေးစတင်လုပ်ကိုင်။<br>• ကျေးရွာဘုန်းတော်ကြီးကျောင်း ပြင်ဆင်မွမ်းမံ။ |
| ၁၉၆၁-၁၉၇၀ | |
| ၁၉၇၁-၁၉၈၀ | • ကျေးရွာတာလမ်းမကိုကျော်ပြီးရေကြီးသောကြောင့် ရေလျှံ။<br>• မြို့နယ်တွင် ရေလွှမ်းမိုး ။ |
| ၁၉၈၁-၁၉၉၀ | • စိုက်ပျိုးဧရိယာအတွင်း ဧက ၂၀၀ ခန့် ပိုးမွှားဖျက်ဆီး။<br>• ရွှေဝါထွန်း စပါးမျိုးစေ့ စတင်ဝင်ရောက်။<br>• အစိုးရမှ အငီစိတွင်း ပံ့ပိုး။<br>• ရေကြီးမှုကြောင့် တံတားပျက်ဆီး။ |
| ၁၉၉၁-၂၀၀၀ | • (ဇီရာ၊ မနောသုခ )စသည့် မျိုးစေ့များ စတင်အသုံးပြု။<br>• မူလတန်းကျောင်း တိုးမြှင့်ဆောက်လုပ်။ |
| ၂၀၀၁-၂၀၀၉ | • အစိုးရမဟုတ်သည့် အဖွဲ့များမှ ရေတွင်း ၅၀ လှူဒါန်း။<br>• ကျေးရွာတွင် ရေတွင်း ၁၅၀ ရှိလာ။<br>• ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်။<br>• လေပြင်းတိုက်ခတ်မှု စာသင်ကျောင်းထိခိုက်။<br>• ရပ်ရွာလူထုတွင် passive flood ဖြစ်ပေါ်။<br>• ကျေးရွာတွင် 3G စနစ် ဖုန်းများစတင်အသုံးပြု။<br>• စာကြည့်တိုက်ကို အစိုးရနှင့် ရပ်ရွာအဖွဲ့ဝင်များမှ မြှင့်တင်တည်ဆောက်။ |



ယခုကဲ့သို့ ကာတွန်းရုပ်ပုံများနှင့်လည်း ကျေးရွာသမိုင်းကြောင်းကို ဖော်ပြရေးဆွဲနိုင်ပါသည်။




Source: Participatory Tools and Techniques for Assessing Climate Change Impacts and Exploring Adaptation Options. A Community Based Tool Kit for Practitioners. Livelihoods and Forestry Programme, UKAid, LPF, March 2010




Figure 6: Historical resource change map (Source: Plan Philippine CC- CVCA Guide)

# ပုံစံ ၃။ အရင်းအမြစ် လူမှုရေးဆိုင်ရာ ဘေးအန္တရာယ်များနှင့် ထိခိုက်လွယ်မှုပြ မြေပုံများ

## ရည်ရွယ်ချက်

ကျေးရွာ၏ အရင်းအမြစ်၊ လူမှုရေးအခြေအနေနှင့် ထိခိုက်လွယ်သော အုပ်စုပြမြေပုံကို ပြုလုပ်ခြင်းဖြင့် ကျေးရွာ၏အခြေအနေနှင့် ကြုံတွေ့ခဲ့ရသည့် ထိတ်လန့်စရာ အဖြစ်အပျက်များ၊ ဖိစီးမှုများကို သိသာစွာ မြင်တွေ့နိုင်ပါသည်။ ကျေးရွာတွင် လက်တွေ့သွားရောက် ပြုလုပ်သည့်အခါ၊ မတူညီကွဲပြားသော မြေပုံအမျိုးအစားအလိုက် ပါဝင်သင့်သည့် အချက်များကို ဖော်ပြထားပါသည်။

- **အရင်းအမြစ်ပြမြေပုံ**

  ကျေးရွာနှင့် ဒေသအတွင်းရှိ အရင်းအမြစ်များကို ဖော်ထုတ်ရေးဆွဲထားပါသည်။ (စိုက်ပျိုးမြေဧရိယာများ၊ သစ်တောများ၊ ရေအရင်းအမြစ်နှင့် ငါးဖမ်းလုပ်ငန်းခွင်များ)ရေမြေအနေအထားအရ ပေါ်လွင်နေသော (ကုန်းမြေ၊ တောင်တန်းများ၊ မြစ်များ၊ လယ်ကွင်းများ၊ စိုက်ပျိုးသီးနှံများနှင့် စိုက်ခင်းများ)။ ထိုအရင်းအမြစ်ပြ မြေပုံကို ဆွဲနေရင်းမှ ဒေသအတွင်း ကြုံတွေ့ခဲ့ရသည့် ထိတ်လန့်တုန်လှုပ်ဖွယ်ရာများနှင့် သောကများကို ဆွေးနွေး ဖော်ထုတ်နိုင်ပါသည်။

  **လူမှုရေးအခြေအနေပြမြေပုံ** - ကျေးရွာတွင် လက်ရှိဖြစ်ပျက်လုပ်ကိုင်မှုနှင့်ဆက်စပ်နေသော အလုပ်အကိုင်၊ အဆောက်အဦးများ၊ လမ်းများ၊ ဘုရားရှိခိုးကျောင်း၊ ဘုရားဝတ်ပြုကျောင်းများ၊ ကျန်းမာရေးဌာန၊ ကျောင်းများ၊အခြားသောဌာနဆိုင်ရာဝန်ဆောင်မှုပေးသည့်နေရာများ၊ လူမှုရေးနှင့်ဆိုင်သည့် အဆောက်အဦးများကိုဆွေးနွေးဖော်ထုတ် နိုင်ပါသည်။

- **ဘေးအန္တရာယ်ပြမြေပုံ**

  ကျေးရွာအတွင်းဖြစ်ပျက်ကျရောက်လေ့ရှိသောဘေးအန္တရာယ်များကို ဖော်ထုတ်ပြီး ထိခိုက်ပျက်စီးနိုင်သည့် နယ်မြေဧရိယာများကိုမြေပုံပေါ်တွင် ထပ်မံဖော်ထုတ် ရေးသားစေပါ။

- **ထိခိုက်ပျက်စီးလွယ်မှုပြမြေပုံ**

  ဤမြေပုံပေါ်တွင် ကျေးရွာအတွင်းရှိ ထိခိုက် ပျက်စီး လွယ်မှု ဖြစ်နိုင်ချေအများဆုံးရှိသည့် နေရာများကို ဖော်ပြစေပြီး၊ ထိုထိခိုက်ပျက်စီးလွယ်မှု အများဆုံးဖြစ်နိုင်ချေရှိသည့် အုပ်စုများမှာ မသန်စွမ်းသူများ၊ အမျိုးသမီးဦးဆောင်နေရသည့်၊ အိမ်ထောင်စုများ၊ ကလေးငယ်များ၊ စီးပွားရေးအခြေခံ တောင့်တင်းခိုင်မာမှုမရှိသည့်သူများ ပါဝင်ပါသည်။

- **ရွေ့လျားသွားလာမှုပြမြေပုံ**

  ဤရွေ့လျားသွားလာမှုပြမြေပုံတွင် လူများသွားလာလှုပ်ရှားလေ့ရှိသည့်လမ်းကြောင်းများကို ဖော်ပြစေပြီး၊ ထိုလမ်းကြောင်းများကို မည်သည့်အတွက် အသုံးပြုကြသနည်းကိုပါ ထည့်သွင်းရေးသားစေပါ။ ထို့အပြင် အသုံးပြုသွားလာလှုပ်ရှားနေသည့် လမ်းကြောင်းများ၏အကွာအဝေး သွားသည့်အခါ ကြာသည့်အချိန်နှင့် ထိုလမ်းကြောင်းများ၏ အရေးပါအသုံးဝင်မှုတို့ကိုပါ ထည့်သွင်းဖော်ပြစေပါ အဓိကအားဖြင့်စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အခြားလူမှုရေးနှင့်သက်ဆိုင်ပြီး၊ အမြဲအသုံးပြုသည့်လမ်းကြောင်းများကိုထည့်သွင်းရေးဆွဲစေပါ။

မြေပုံများကို ဆွဲခြင်းဖြင့် ကျေးရွာအတွင်း သက်ဝင်လှုပ်ရှားနေသော အရာများ၊ အရင်းအမြစ်များ၊ အဆောက်အဦးများ၊ ပိုင်ဆိုင်မှုများ အများဆုံးအန္တရာယ် ဖြစ်နိုင်ချေ ရှိသည့်နေရာများ၊ ထိခိုက်လွယ်မှု ဖြစ်နိုင်ချေများသည့် အုပ်စုများကို သိသာထင်ရှားစွာ တွေ့မြင်ဖော်ထုတ်နိုင်ပါသည်။



မြေပုံများသည် ကျေးရွာအတွင်းရှိ အန္တရာယ်၊ စွမ်းရည်ပိုင်းဆိုင်ရာနှင့် ထိခိုက်လွယ်မှုပိုင်းဆိုင်ရာ သုံးသပ်ချက်များကို နားလည်အောင် ဆွေးနွေးရာတွင် များစွာအထောက်အကူ ပြုပါသည်။ အချုပ်အားဖြင့်ဆိုသော် ပြဿနာများကို ဖော်ထုတ်ပြီးဖြေရှင်းနိုင်သည့် နည်းလမ်းအစီအစဉ်များကို ပြန်လည်ဆွေးနွေးသုံးသပ်ရာတွင် များစွာအထောက်အကူပြု အသုံးဝင်ပါသည်။

## လမ်းညွှန်ချက်များ

ကွဲပြားစွာရေးဆွဲထားသော မြေပုံများပေါ်တွင်ရှိသည့် သတင်းအချက်အလက်များကို စုပေါင်းမှတ်တမ်းတင်နိုင် စုဆောင်းနိုင်ပါသည်။

## ပြုလုပ်ရမည့်အချက်များ

- စက္ကူချပ်/စာရွက်အကြီးတစ်ခုကိုယူပြီး နံရံ(သို့) ကြမ်းပြင်ပေါ်တွင် လူများမြင်သာအောင် ကပ်ထားပါ။
- - သင်တန်းသားတစ်ဦးကို မြေပုံဆွဲရန် စာရွက်ပေါ်တွင် ရွာ၏ နယ်နမိတ်ကို ရေးဆွဲစေပြီး၊ မြောက်အရပ်ကို ညွှန်းသည့်မြှားကို ရေးဆွဲစေပါ။
- - နောက်သင်တန်းသားတစ်ဦးကိုခေါ်ပြီး မြေပုံစာရွက်ပေါ်တွင် လမ်းများ၊ အမှတ်အသားများ၊ အဆောက်အဦးများကို ရေးဆွဲစေပါ။
- - နောက်တစ်ဦးကို ကျောင်းများ၊ ရွာလူထုကိုဝန်ဆောင်မှုပေးသည့် အစိုးရဌာနဆိုင်ရာ အဆောက်အဦးများကို ရေးဆွဲစေပါ။
- - နောက်တစ်ဦးကိုထပ်ခေါ်ပြီး လိုအပ်နေသေးသောအရာများကို ပြောဆိုဆွေးနွေးစေပြီး၊ ရေးဆွဲထားသောမြေပုံပေါ်တွင် ထပ်မံဖြည့်စွက်ရေးဆွဲစေပါ။ ထိုမြေပုံပေါ်တွင် လမ်းများ၊ မြစ်ချောင်းများ၊ လယ်ကွင်းများ၊ ကောက်ပဲသီးနှံစိုက်ခင်းများ၊ တောင်များ၊ ကမ်းခြေများ၊ ရေအရင်းအမြစ်များ၊ စသဖြင့်ပါဝင်ပါသည်။
- ရေးဆွဲပြီးသွားသည့်အခါ ပါဝင်ရေးဆွဲသူများကို ကျေးဇူးတင်စကား ပြောဆိုပါ။

## ဆန်းစစ်မေးခွန်းများမေးရန်

ရေကြီးတဲ့အခါ ဘာကြောင့် ထိခိုက်လွယ်မှုများသူတွေရဲ့ အိမ်တွေ၊ လယ်ကွင်းတွေက ပျက်စီးဆုံးရှုံးသွားကြရတာလဲ။
မျှော်လင့်ထားသည့်ကွဲပြားခြားနားသည့် အဖြေများ-

- သူတို့ရဲ့အိမ်တွေက မြစ်ချောင်းကမ်းပါးနဲ့ ပိုပြီးနီးနေလို့။
- - ဒီရေတောပြုန်းတီးသွားတဲ့အတွက်ကြောင့်။
- - မြစ်ချောင်းကမ်းပါးပြိုသွားလို့/ ကြိုတင်ပြင်ဆင်ကာကွယ်မထားဘဲ ရေတိုက်စားသွားလို့/ သူများပိုင်ဆိုင်သွားလို့။
- မြေယာပိုင်ဆိုင်မှု မူဝါဒအရ တရားဝင်ပိုင်ဆိုင်ထားတဲ့ မြေနေရာ မရှိလို့။

စသဖြင့် ထိုအရာများကိုမှတည်ပြီး ရေတို၊ ရေရှည်အတွက် ကြိုတင်ပြင်ဆင်ထားရမည့် ဘေးအန္တရာယ်လျှော့ပါးရေး လုပ်ငန်းများကို ထိရောက်စွာ တိုင်းတာဆုံးဖြတ် သုံးသပ်နိုင်ပါသည်။

## ပါဝင်ခြင်းနှင့် အားလုံးပါဝင်ရန် အကြံပြုချက်


- -အရင်းအမြစ်များကို မည်သူက ပိုင်ဆိုင်ထိန်းချုပ်ထားပါသလဲ။
- ထိခိုက်လွယ်သောအုပ်စုက သူတွေရော အရင်းအမြစ်တွေကို ပိုင်ဆိုင်မှုရှိကြပါသလား။
- - ဘေးအန္တရာယ်ကြုံတွေ့တဲ့အခါမှာ ထိခိုက်လွယ်တဲ့ အုပ်စုက သူတွေက ပိုပြီး ထိခိုက်ပျက်စီးတာတွေ ဖြစ်ကြလား။
- - ဘေးအန္တရာယ်ဖြစ်ပွားသွားခဲ့တဲ့နေရာမှာ ဘယ်လိုလူမျိုးတွေ နေထိုင်ကြပါသလဲ။
- ထိခိုက်လွယ်တဲ့သူတွေကရော လွတ်မြောက်နိုင်တဲ့နည်းလမ်း၊ ဘေးဒဏ်ခံအဆောက်အဦးမှာ ခိုလှုံခွင့်နဲ့ အခြားသောလူမှုရေးဆိုင်ရာဝန်ဆောင်မှုတွေကို လက်လှမ်းမှီ ရရှိပါသလား။ ဘယ်လိုအရာတွေက ထိခိုက်လွယ်တဲ့သူတွေကို အကျိုးခံစားခွင့်တွေမရအောင် ကန့်သတ်ဟန့်တားထားတာလဲ။ (မျိုးကွဲအုပ်စုများအတွင်း/ မျိုးတူအုပ်စုအတွင်း)
- ယခုပြုလုပ်နေတဲ့အစီအစဉ်တွေနဲ့ အထူးစီမံကိန်းတွေက ထိခိုက်လွယ်တဲ့သူတွေကို တကယ်ပဲထိရောက်စွာ အထောက်အကူပြုပါသလား။

- **ကြာချိန်**
  (၁ - ၂) နာရီအတွင်း
- **အသုံးပြုမည့်ပစ္စည်းများ**
  အသင့်ပြင်ဆင်ထားသည့်မေးခွန်း၊ ဘောပင်၊ ခဲတံ။ A4 စာရွက်များ ။
- **အသုံးပြုမည့် နည်းလမ်း**
  ပံ့ပိုးသူမှ ဦးဆောင်၍ အပြန်အလှန်ဆွေးနွေးခြင်း။
- **ပါဝင်မည့်လူဦးရေ**
  ပံ့ပိုးသူ(ကျား- ၊ မ- ) ရွာမှပါဝင်သူ(ကျား- ၊ မ- )
  (ပံ့ပိုးကူညီသူနှင့် ပါဝင်သူအရေအတွက်သည် ရေးဆွဲသည့် မြေပုံအရေအတွက်အလိုက် စီမံခန့်ခွဲထားရမည် ဖြစ်ပါသည်။)
- **ပြုလုပ်ပုံအဆင့်ဆင့်**
  မေးခွန်းနမူနာနှင့် ပြုလုပ်ပုံအဆင့်ဆင့်ကို အောက်တွင် ဖော်ပြ ထားပါသည်။

ဥပမာ- အရင်းအမြစ်ပြမြေပုံ



ဥပမာ- ကျေးရွာ၏ ရာသီဥတုအခြေအနေပြမြေပုံ



# ပုံစံ ၄။ ရပ်ရွာအတွင်း ဖြတ်သန်းလမ်းလျှောက်ခြင်း

## ရည်ရွယ်ချက်

ကျေးရွာအတွင်း လမ်းလျှောက်လေ့လာခြင်းနည်း ကိရိယာကိုရပ်ရွာလူထု၊ အန္တရာယ်ရှိသည့်နေရာများနှင့် အရင်းအမြစ်များရရှိနိုင်သည့် နေရာများကို လေ့လာရာတွင် အသုံးပြုသည်။ ဤနည်းကိရိယာကို မြေပြင်အနေအထားကို မှတ်တမ်းပြုရန်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် ချိတ်ဆက်နေမှုတို့ကို နားလည်ရန်အတွက်လည်းကောင်း၊ အရေးပေါ်ရွှေ့ပြောင်းရန် နေရာများ၊ အကွာအဝေး တိုင်းတာခြင်း၊ အဆောက်အအုံ အမျိုးအစားများ၊ လူမှုရေး အဆောက်အအုံများ၊ ကျန်းမာရေးပြဿနာများနှင့် ဝန်ဆောင်မှုများ၊ စီးပွားရေးလုပ်ငန်းများ စသည်တို့ကို နားလည်စေရန်အတွက် အသုံးပြုပါသည်။ ၎င်းနည်းကိရိယာသည် အသေးစိတ်လေ့လာရန် အပိုင်းများကို သိရှိမည်ဖြစ်သည်။ အခြားနည်းကိရိယာများတွင် မပါဝင်သော အချက်အလက်များကို သေချာစေရန်အတွက်လည်း ထိရောက်သည့် နည်းကိရိယာ အဖြစ်ဆောင်ရွက်ပေးနိုင်သည်။

### အသုံးပြုရန်လမ်းညွှန်


ကျေးရွာအတွင်း လမ်းလျှောက်လေ့လာခြင်းကို ဆောင်ရွက်ရန် ရပ်ရွာမှ ရေးဆွဲထားသောမြေပုံကို အသုံးပြုပြီးရပ်ရွာလူထုနှင့် အတူ အသုံးပြုမည့် လမ်းကြောင်းကိုတိုင်ပင်ဆုံးဖြတ်ပါ။ ခေါင်းစဉ်များ(သို့) အတည်ပြုရန်အချက်များကိုဆွေးနွေးနိုင်သည်။ ကလေးများနှင့်အတူ သူတို့၏ စာသင်ကျောင်းကို သွားရောက်လေ့လာနိုင်သည်။ လမ်းလျှောက်သည့်အချိန်တွင် မည်သည့်အရာများကိုကြည့်ရန်နှင့် မည်သူတို့ကိုတွေ့ဆုံမေးမြန်းမည်ကို ကလေးများနှင့်အတူဆွေးနွေးဆုံးဖြတ်နိုင်သည်။ လမ်းလျှောက်လေ့လာသည့် အချိန်တွင် ပါဝင်လိုက်ပါမည့်သူများကို စာရွက်၊ ခဲတံများယူဆောင်စေပြီးမှတ်သားရန်၊ လေ့လာတွေ့ရှိချက်များကို ရေးမှတ်ရန် ပြောဆိုထားရမည်။ လမ်းလျှောက်လေ့လာနေစဉ်အချိန်တွင် အချက်အလက်များရရှိစေရန် မေးခွန်းများမေးမြန်းနိုင်သည်။

- မတူညီသည့် နေရာများတွင် အခြေအနေများကဘာလဲ။ (ချောက်သွေ့၊ ရွှံ့နွံ၊ ချော်လဲစေမည့် နေရာ၊ အန္တရာယ်များ၊ ညစ်ပေ၊ မသန့်ရှင်းစသည်ဖြင့်) ဘေးဖြစ်နိုင်ချေတွေ့ပါသလား။(မြေနိမ့်ပိုင်း၊ လျောစောက်၊ ရေအနီးတွင် လျှပ်စစ်မီးကြိုးများ စသည်ဖြင့်)
- မတူညီသည့်နေရာများတွင်  နေအိမ်များခြားနားမှု ဘာတွေရှိပါသလဲ။ (အဆောက်အအုံ၊ အမျိုးအစား၊ အရည်အသွေး)
- ကျောင်း၊ ဈေးဆိုင်၊ ကျန်းမာရေးဌာနစသည့် အဓိကနေရာများသို့ ရောက်ရှိရန် ခက်ခဲသည့် နေရာများရှိပါသလား။ ( ဥပမာ - မတ်စောက်သောလမ်းကြောင်းရှိသောကြောင့်)
- မတူညီသည့်နေရာများတွင် နေထိုင်သူတို့၏ သွားလာနေထိုင်မှု ခြားနားပါသလား။
- ရပ်ရွာလူထုမှ မသိရှိသေးသူများနေထိုင်နေသည့် နေရာများရှိပါသလား ။ (ဥပမာ - လမ်းမကြီးပေါ်)
- လမ်းလျှောက်လေ့လာရာတွင် ပါဝင်သူများမှ မသွားရောက်လိုသည့် နေရာများရှိပါသလား ။ ဘေးဖယ်ခံလူအုပ်စုများရှိနေလျှင် မှတ်သားပါ။ (ဥပမာ - ဘေးဖယ်ခံမိသားစုများ(သို့) အလွန်ဆင်းရဲသူများ) တို့သည် ရပ်ရွာအနီးဝန်းကျင်တွင်ရှိနေခြင်း။ ၎င်းအခြေအနေတွင် ပါဝင်သူများကို ၎င်းနေရာများသို့ ဖြတ်သန်းသွားလာသည့်အခါတွင် သူတို့ဘယ်လိုခံစားရသည်ကိုဖွင့်ဟပြောဆိုရန် တိုက်တွန်းရမည်။
- မတူညီသည့်နေရာများတွင် လူများ မတူခြားနားစွာ ပတ်သက်မှုရှိပါသလား။ (ဥပမာ - လမ်းဘေးကလေးများ၊ ရာဇဝတ်မှု များသည်ဟု လူပြောများသောနေရာများ၊ လယ်မြေများရှိသောနေရာများ)
- မည်သည့်ရပ်ရွာအပိုင်းကို ကလေးများအကြိုက်များပါသလဲ။ ဘာကြောင့်လဲ။ (ကလေးများကိုမေးပါ)
- မည်သည့်ရပ်ရွာအပိုင်းကိုကလေးများအကြိုက်နည်းဆုံးလဲ။ ဘာကြောင့်လဲ။ (ကလေးများကိုမေးပါ)
- အန္တရာယ်တစ်ခုခုနှင့် ဆက်စပ်မှုရှိနေသည့် နေရာများရပ်ရွာအတွင်းတွင် ရှိပါသလား။

## လမ်းလျှောက်လေ့လာခြင်း၏ ရလဒ်

အကြံပြုကြာချိန်၊ ဦးဆောင်သူနှင့် လိုအပ်သည့် ပစ္စည်းများ။ ဤလေ့ကျင့်ခန်းသည်  အကွာအဝေး ပေါ်မူတည်ပြီး ၁-၂ နာရီအချိန် ယူသင့်သည်။ ရပ်ရွာအဖွဲ့ဝင်များမှ လမ်းလျှောက်ခြင်းကိုဦးဆောင်စေပြီး အဖွဲ့ခေါင်းဆောင်များမှ လမ်းကြောင်းနှင့် ဆွေးနွေးမှုများကို မှတ်သားရန် အကြံပြုပါသည်။ အချက်အလက်များကို ဓာတ်ပုံ၊ ဗီဒီယို၊ အသံ၊ အပါအဝင်မှတ်တမ်းပြုစုရန် စဉ်းစားပါ။

**Transect walk output, please see an example below**



| | House | Paddy Land | Stream | Paddy Land | Road | Homegarden | House | Woodlot | Bare Hills |
|---|---|---|---|---|---|---|---|---|---|
| SOIL | | | | Siltation Tatrum 30-40cm | | Pebble soil 20cm thick 20-25° slope | | Pebble soil 15cm thick 30° slope | Pebble soil 15cm thick 30° slope |
| WATER SOURCE | NATURAL WATER | | | | | | | | |
| PLANTS | | | | 203 Rice 50-90Kg/sac | | Corn 30-35kg/sac - Lychee,Orange - PLum ,Lemon, Jackfruit, Pineapple | | Eucalyptus, Cassia Acacia sp | Bushes |
| DIFFICULTIES | | | | - Shortage of water - Poor soil | | - Shortage of water - Poor soil | - Have not finished land alocation - Hard to protect - Some places don't plant properly | | |
| OPPORTUNITIES | | | | - Small Irrigation - Use animal Manure - Drought tolerant - Seeds | | - Make green manure - Enhance measures to protect soil | | | |

# ပုံစံ ၅။ ဘေးအန္တရာယ်များကို အဆင့်ခွဲခြင်း

## ရည်ရွယ်ချက်

ကျေးရွာတွင်ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်များ၏ ကြိမ်ရေနှင့် သက်ရောက်မှု အတိုင်းအတာတို့ကို ဖော်ထုတ်နိုင်ပြီး ရွာလူထု၏ အရင်းအမြစ်များနှင့်အသက်မွေးမှုတို့အပေါ်တွင် မည်သည့် ဘေးအန္တရာယ်ကပို၍ ပျက်စီးထိခိုက်မှု ဖြစ်စေသည်ကိုရှင်းလင်းစွာ သိမြင်နိုင်ပါသည်။ ရွာလူထုက ရွေးချယ်ဖော်ထုတ်ပေးသော ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များ၏ စာရင်းကိုစနစ်တကျပြုစု နိုင်ရုံသာမကပဲ ထိုဘေးအန္တရာယ်များ၏ အရေးပါသော သက်ရောက်မှု ဆိုးကျိုးများကိုပါ သေချာစွာသိရှိနိုင်ပါသည်။

## အသုံးပြုရန်လမ်းညွှန်

ကျေးရွာသမိုင်းကြောင်း၊ ရာသီခွင်ပြ ပြက္ခဒိန်နှင့် ထပ်မံဆန်းစစ် ကောက်ယူခဲ့သော သတင်းအချက်အလက်များသည် ဘေးအန္တရာယ် နှိုင်းယှဉ်ချက်ပြုလုပ်ရာတွင် များစွာ၊ အထောက် အကူပြုပါသည်။ ဘေးအန္တရာယ် နှိုင်းယှဉ်ချက် ပြုလုပ်ရာတွင်၊ ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်နှင့် ကျေးရွာသမိုင်းကြောင်းရေးဆွဲ သူများကိုပါ ခေါ်ယူပြီး ဘေးအန္တရာယ်များ၏ ဆိုးရွားစွာ သက် ရောက်မှုအတိုင်းအတာကိုသတ်မှတ်နှိုင်းယှဉ်နိုင်ပါသည်။ ဘေးအန္တရာယ်နှိုင်းယှဉ်ချက်ကို စက္ကူစာရွက်ကြီးပေါ်တွင်ပြုလုပ်ပြီး လာရောက်သူတိုင်းလည်း ပါဝင်ဆွေးနွေး နိုင်ပါသည်။ ဘေးအန္တရာယ် နှိုင်းယှဉ်ချက်ပြုလုပ်ရာတွင် ကျေးရွာမှလူများ အားလုံးက အန္တရာယ်အတိုင်းအတာကို ဝိုင်း၍ဆွေးနွေးသတ်မှတ် နိုင်အောင်လုပ်ဆောင်သင့်ပါသည်။ ထို့အပြင်ထပ်မံ ကောက်ယူ ခဲ့သော သတင်းအချက်အလက်များမှ တိကျသေချာသော နေ့ရက်နှင့် အန္တရာယ်၏ အတိုင်းအတာ၊ ကြိမ်ရေနှင့်ရေလွှမ်းမိုးမှု ရှိ/မရှိ စသည်ဖြင့်ပြန်၍ နှိုင်းယှဉ်ချိန်ကိုက်နိုင်ပါသည်။ အကယ်၍ မတူညီကွဲပြားမှုများရှိပါက နှိုင်းယှဉ်ချက်ကို နောက်ထပ်ပြုလုပ် ရပါမည်။ အခြားနည်းလမ်းများဖြင့် ကောက်ယူဖော်ထုတ်ထားသော သတင်းအချက်အလက်များသည် ဘေးအန္တရာယ် နှိုင်းယှဉ်ချက် ပြုလုပ်ရာတွင် တစိတ်တပိုင်းမျှသာ အထောက်အကူပြုပါသည်။ ဥပမာအားဖြင့်- ဘေးအန္တရာယ်နှိုင်းယှဉ်ချက် ပြုလုပ်ရာတွင် လူအများရောဂါကျရောက်သည့် အန္တရာယ်ကိုတွေ့ ရှိလျှင်သက် ဆိုင်ရာ ကျန်းမာရေးဌာနတွင် အခြားလိုအပ်သည့်သတင်းအချက် အလက်များကို ထပ်မံစုဆောင်းနိုင်ပါသည်။ ထို့ပြင် အခြားသော အရေးပေါ် စေတနာ့ဝန်ထမ်း၊ ဌာနဆိုင်ရာဝန်ထမ်း၊ စိုက်ပျိုး မွေးမြူရေးနှင့် သက်ဆိုင်သည့် ဝန်ထမ်းများကိုပါ ဆွေးနွေးစေ နိုင်ပါသည်။ ဘေးအန္တရာယ် တစ်ခုချင်းစီကိုဆွေးနွေးစေပြီး၊ ဖော်ပြပါအကြောင်းအချက်များပေါ်တွင် နှိုင်းယှဉ်ရပါမည်။

- ကြိမ်ရေ -ယခင်နှင့်ယခုအချိန်တွင် မကြာခဏဖြစ်ပွားခဲ့သည့် အန္တရာယ် အရေအတွက်။
- ရာသီဥတု - ဘေးအန္တရာယ်ကျရောက်ဖြစ်ပွားလေ့ရှိသည့်အချိန်။
- ကာလ - ဘေးအန္တရာယ်ကျရောက်ဖြစ်ပွားရာတွင်ကြာမြင့်သည့် အချိန်ကာလအတိုင်းအတာ။
- ပြင်းအား - အန္တရာယ်၏ပြင်းအား (ဥပမာ-လေျင်လှုပ်ခတ်သွားသည့် ပြင်းအားအတိုင်းအတာ)။
- **အရှိန်နှုန်း** - သက်ရောက်သည့်အရှိန်အဟုန်။ (ဥပမာ-ရေတာဟုန်တိုးကြီးသည်/ရေသည်တဖြည်းဖြည်းကြီးသည်)
- **သတိပေးချက်နှင့် သင်္ကေတအမှတ်အသား** - မိုးလေဝသနှင့် ဇလဗေဒညွှန်းကိန်းများအရ ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ် သတိပေးခြင်း။
  သင်္ကေတအမှတ်အသား-ဘေးအန္တရာယ်မဖြစ်ပွားမီ ဖော်ပြသည့် အမှတ်အသားများ။
- **ကြိုတင်သတိပေးချက်** _ ဘေးအန္တရာယ်မဖြစ်ပွားမီကြိုတင် သတိပေးချက်။
- **သက်ရောက်မှုဧရိယာ** - ဖြစ်ပွားသည့်အတိုင်းအတာ၊ သက်ရောက်သည့် ပမာဏအကျယ်အဝန်း။
- **သက်ရောက်မှု၏အတိုင်းအတာ** - ပျက်စီးဆုံးရှုံးမှုအမျိုးအစားနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးသွားသောအရာများ။

## ပါဝင်ခြင်းနှင့် အားလုံးပါဝင်ရန် အကြံပြုချက်

ကျေးရွာတွင်ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များတွင် ထိခိုက်လွယ်သူ များကိုမည်သည့် ဘေးအန္တရာယ်က ပို၍ထိခိုက်စေသနည်း။ ယခု လာရောက်ဆွေးနွေးသူများတွင် ထိုအုပ်စုပါဝင်ပါသလား။ (မေးခွန်းကန့်သတ်ချက် မရှိပါက၊ ထိုသူများနှင့်တိုက်ရိုက် ဆွေးနွေး မေးမြန်းနိုင်ပါသည်။) မတူညီကွဲပြားသော အုပ်စုများမှ ကွဲပြားသော အမြင်များနှင့် နှိုင်းယှဉ်ချက်များကို တွေ့ရပါသလား။ မတူညီသော အုပ်စုများမှ တူညီသောဆွေးနွေး နှိုင်းယှဉ်ချက်များနှင့် မတူညီသော ဆွေးနွေးနှိုင်းယှဉ်ချက်များကို ဖော်ထုတ်ပါ။ ဇယားနမူနာပုံစံကို ပူးတွဲပါ စာရွက်တွင် ဖော်ပြထားပါသည်။

**ကြာချိန်** ▪ ▪ ▪ (၁-၂) နာရီအတွင်း
**အသုံးပြုမည့်ပစ္စည်းများ** ▪ ▪ ▪ အသင့်ပြင်ဆင်ထားသည့်မေးခွန်း၊ ဘောပင်၊ ခဲတံ၊ A4 စာရွက်များ၊ Flip Chart များ၊ ရောင်စုံ Marker - Pen များ။
**အသုံးပြုသည့်နည်းလမ်း** ▪ ▪ ▪ ပံ့ပိုးသူကဦးဆောင်၍ အပြန်အလှန် ဆွေးနွေးခြင်း။
**ပါဝင်မည့်လူဦးရေ** ▪ ▪ ▪ ပံ့ပိုးသူ(က- ၊ မ- )၊
ရွာမှပါဝင်သူ (က- ၊ မ- )
**ပြုလုပ်ပုံအဆင့်ဆင့်** ▪ ▪ ▪ မေးခွန်းနမူနာနှင့် ပြုလုပ်ပုံအဆင့်ဆင့် ကိုအောက်တွင် ဖော်ပြထားပါသည်။

**ဇယားနမူနာပုံစံ**

နမူနာဇယားတွင်ဖော်ပြပါနှိုင်းယှဉ်ချက်များကိုတွေ့နိုင်ပါသည်။
x = တိုတောင်းသောကာလ/ သေးငယ်သော/ အားပျော့ခြင်း။
xxx = ကြာရှည်သောကာလ/ ကြီးမားသော/ အားကောင်းသော။
ကွက်လပ် = မရှိ။

| ဘေးအန္တရာယ် | ကြိမ်ရေ | ရာသီ | ကျရောက်ချိန်တွင်းကာလ | ပြင်းအား | အရှိန် | သတိပေးချက် ၊ မဖြစ်မီ | သတိပေးချက် ၊ ဖြစ်ပြီး | သက်ရောက်မှုအား | သက်ရောက်မှုအတိုင်း အတာ | နှိုင်းယှဉ်ချက် ရလာဒ် |
|---|---|---|---|---|---|---|---|---|---|---|
| ရေလွှမ်းမိုးခြင်း | x | xxx | x | x | xx | x | x | xx | xx | ၁၄ |
| မြေဆီလွှာတိုက်စားခြင်း | xx | xxx | x | xx | xx | xx | xx | x | xx | ၁၇ |
| မိုးခေါင်ရေရှားခြင်း | x | xxx | xx | | x | | | x | xx | ၁၀ |
| ကျရောက်သည့်ရောဂါများ | x | xx | xx | xx | xxx | x | x | xx | xxx | ၁၇ |
| မီးဘေး | xx | xxx | x | xxx | xxx | | | xx | xx | ၁၆ |
| တိရစ္ဆာန်များတွင်ဖြစ်သည့် ရောဂါများ | x | xx | xx | xx | x | | | x | x | ၁၀ |

# ပုံစံ ၆။ ရာသီခွင်ပြ ပြက္ခဒိန်

## ရည်ရွယ်ချက်

ရာသီခွင်ပြ ပြက္ခဒိန်သည် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်နေသည့် ကျေးရွာတွင်ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်များ၊ ရောဂါများ ဖြစ်ပွားသည့် နှစ်အလိုက်ပေါ်မူတည်ပြီး လအလိုက်အသေးစိတ်ဖော်ပြထားသည်။ ရာသီခွင်ပြက္ခဒိန်ပေါ်တွင် ရာသီခွင်နှစ်အလိုက်ဖြစ်ပွားခဲ့သည့် မုန်တိုင်းများ၊ ရေကြီးခြင်းနှင့် မိုးခေါင်ခြင်း၊ လူမှုရေးနှင့် စီးပွားရေး၊ ရာသီခွင်အလိုက် ပြုလုပ်ကျင်းပခဲ့သည့် ပွဲတော်များကို ဖော်ပြနိုင်သည်။ ထို့ပြင် ဖိစီးမှုများ၊ အလုပ်အကိုင်များ၊ ဘေးအန္တရာယ်များ၊ အစာရေစာ ခေါင်းပါးမှုများ၊ ထိခိုက်လွယ်မှုများနှင့် ကြွေးမြီများကို လည်းဖော်ပြပါသည်။ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကိုလည်း ဖော်ထုတ်သတ်မှတ် နိုင်ပါသည်။ ရာသီခွင်ပြက္ခဒိန်ကို ပြုလုပ်ခြင်းဖြင့် ကျေးရွာ၏ ကွဲပြားခြားနားသော ပွဲတော်များနှင့် အဖြစ်အပျက်များကို သိနိုင်ပါသည်။

ရာသီခွင်ပြ ပြက္ခဒိန်ကို ပြုလုပ်ခြင်းဖြင့် ရွာလူထုသည် ဘေးအန္တရာယ် လျော့ချခြင်းအစီအစဉ်များကို ဦးစားပေး အဆင့်အလိုက်ပြုလုပ်ရာတွင် အချိန်နှင့် နည်းလမ်းများကို သိရှိနိုင်ပါသည်။ ဥပမာ-ဘေးအန္တရာယ် လျော့ချခြင်း အစီအစဉ်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို မိုးရာသီမတိုင်မီတွင်ပြုလုပ်ခြင်း၊ ကျောင်းတွင်းအခြေပြု ဘေးအန္တရာယ် လျော့ချခြင်းအစီအစဉ်များကို စာမေးပွဲကျင်းပသည့် အချိန်မှလွဲ၍ ကျောင်းဖွင့်သည့်ရာသီတွင် ကြိုတင်သတိပေးလုပ်ငန်းများ/သင်တန်းများကို အထောက်အကူပြုပစ္စည်းများဖြင့် မိုးရာသီအတွင်းပြုလုပ်ကြရပါမည်။

## အသုံးပြုရန်လမ်းညွှန်

ရာသီခွင်ပြ ပြက္ခဒိန်ကို အသုံးပြုခြင်းဖြင့်၊ နှစ်အလိုက်ဖြစ်ပွားလေ့ရှိသည့် အကြောင်းအရာအဖြစ်အပျက်များကို အချိန်နှင့်တကွ သိရှိနိုင်ပါသည်။ ယေဘုယျအားဖြင့် နှစ်အလိုက် ကျေးရွာတွင်ဖြစ်ပွားလေ့ရှိသည့် ထိတ်လန့်ဖွယ်ရာများ၊ သောကများကိုအချိန်နှင့်တကွ သိရှိဖော်ထုတ်နိုင်ပါသည်။ ဥပမာအားဖြင့် ကျေးရွာတွင် ရေကြီးလေ့ရှိသည့်အချိန်နှင့် စိုးရိမ်ရေမှတ် ဘာကြောင့် မိုးသည်းပြီးရေကြီးသည့်အတွက် သီးနှံပင်များပျက်စီးဆုံးရှုံးမှု အခြေအနေများ၊ သောက်သုံးရေအခြေအနေ၊ ထိုအချိန်အတွင်း ရောဂါဖြစ်ပွားသည့်ရောဂါများ၊ထိုအချိန်တွင် သောကများကိုဖြစ်ပွားစေခဲ့သည့် အကြောင်းအရာများ။

ရာသီခွင်ပြ ပြက္ခဒိန်တွင်ထည့်သွင်းဆွေးနွေးသင့်သည့်အချက်များ-

- ကျေးရွာတွင်းရှိ ကွဲပြားခြားနားသောအုပ်စုနှင့် အသက်ကြီးသူများကို ပါဝင်ရေးဆွဲစေပါ။
- ရာသီခွင်ပြက္ခဒိန် ရေးဆွဲရန်အတွက် သင့်တော်သောနေရာနှင့် လိုအပ်သောပစ္စည်းများကို ရွေးချယ်ပြင်ဆင်ထားပါ။
- ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။ ဖော်ပြပါမေးခွန်းများနှင့် စတင်ပါ။ ဥပမာအားဖြင့် ဒီနေရာအကြောင်းတော့ ကောင်းကောင်း မသိသေးဘူး၊ ရှင်းပြပေးပါလား။
- ကျေးရွာမှလူများကို သူတို့ကိုယ်တိုင် ရေးဆွဲပြုလုပ်စေပါ။
- ပါဝင်ရေးဆွဲသူများကို လေ့လာသုံးသပ်ပါ။ သဘောကွဲလွဲမှု၊ အငြင်းပွားမှုများဖြစ်ပွားသည့် အခြေအနေကို ဆန်းစစ်ပါ။

- ရေးဆွဲပြီးသည့်အချိန်တွင် ပါဝင်သူများကို ပြန်လည်၍ ရှင်းပြ သုံးသပ်စေပါ။
- အခြားအဖွဲ့မှသူများအားလည်း ပြန်လည်၍သုံးသပ်စေပါ။
- ကျေးရွာမှ လာရောက်ပါဝင်ရေးဆွဲသူများကို နှစ်၏ စတင်သည့် လကို အရင်ရေးစေပြီး နှစ်တစ်ခုတွင်ပါဝင်သည့် ရာသီနှင့် လများကိုဒေသအခေါ်အဝေါ်နှင့် ရာသီခွင်ပြ ပြက္ခဒိန်ပေါ်တွင် ရေးဆွဲစေပါ။ မိမိ၏ အတွေးအယူအဆများ မပါဝင်စေပါနှင့်။
- ရာသီခွင်ပြက္ခဒိန်ရေးဆွဲရာတွင် ပါဝင်ဆွေးနွေးသူများကို အသေးစိတ်ရေးဆွဲစေပါ။

## အဓိကကျသည့် နမူနာမေးခွန်းများ

- တစ်နှစ်တွင် ရာသီဘယ်နှစ်မျိုးရှိပါသလဲ။
- ကျေးရွာလူထုအနေဖြင့် မည်သည့်ခုနှစ်တွင် မည်သည့်ခက်ခဲ ပင်ပန်းမှုကို ရင်ဆိုင်ကြုံတွေ့ခဲ့ရ ပါသနည်း။
- နှစ်တစ်နှစ်၏ ပင်ပန်းခက်ခဲမှုများ၊ မိုးကြီးခြင်း၊ မိုးခေါင်ရေရှားနှင့် အစာရေစာရှားပါးမှု အလုပ်အကိုင် ရှားပါးမှုများ၊ ဖိစီးမှုများနှင့် အကြီးမားဆုံးပျက်စီးဆုံးရှုံးမှုများကို ကွဲပြားသောအချိန်နှင့်တကွ ဖော်ပြစေပါ။
- မည်သည့်နည်းလမ်းများဖြင့် ထိုခက်ခဲမှုများကို မည်သည့်အချိန် တွင်ဖြေရှင်းခဲ့ပါသနည်း။


## ပါဝင်ခြင်းနှင့် အားလုံးပါဝင်ရန် အကြံပြုချက်

အောက်ဖော်ပြပါအချက်များကို မတူညီကွဲပြားသောအုပ်စုများ၏ အမြင် နှင့်ထည့်သွင်း စဉ်းစားသင့်ပါသည်။

- ဘေးအန္တရာယ် (ရေကြီးခြင်းနှင့်စိုးရိမ်ရေမှတ်၊ ကပ်ရောဂါများနှင့် ဝင်ငွေလျော့ပါးမှုများ) ပတ်သက်၍ ကျေးရွာတွင်းသက်ရောက်ပျက်စီး မှုများသည် မည်သည့်အချိန်တွင် ဖြစ်ပွားသနည်း။ မည်သည့် ဘေးအန္တရာယ်ကပို၍ ပျက်စီးထိခိုက်မှုများကို ဖြစ်စေသနည်း။
- အခက်အခဲများကို မည်သူ့အကူအညီကိုယူပြီး ဖြေရှင်းခဲ့ပါသလဲ။ (လူတစ်ဦးချင်းဆီကလား/ ဌာနဆိုင်ရာအဖွဲ့အစည်းကလား) တကယ်ထိရောက်မှုရှိပါရဲ့လား။ (ဥပမာ-ငွေချေးသူများသည် ရေတိုတွင် အထောက်အကူပြုသော်လည်း၊ ရေရှည်တွင် အတိုးနှင့် ကြွေးမြီများကြောင့် ပို၍ခက်ခဲစေပါသည်)။

- ကြာချိန်
  (၁ - ၂) နာရီအတွင်း
- အသုံးပြုမည့်ပစ္စည်းများ
  အသင့်ပြင်ဆင်ထားသည့်မေးခွန်း၊ ဘောပင်၊ ခဲတံ။ A4 စာရွက်များ။
- အသုံးပြုမည့် နည်းလမ်း
  ပံ့ပိုးသူမှ ဦးဆောင်၍ အပြန်အလှန်ဆွေးနွေးခြင်း။
- ပါဝင်မည့်လူဦးရေ
  ပံ့ပိုးသူ (ကျား- ၊ မ- ) ရွာမှပါဝင်သူ (ကျား- ၊ မ- )
- ပြုလုပ်ပုံအဆင့်ဆင့်
  မေးခွန်းနမူနာနှင့် ပြုလုပ်ပုံအဆင့်ဆင့်ကို အောက်တွင် ဖော်ပြ ထားပါသည်။

ရာသီခွင်ပြ ပြက္ခဒိန်နမူနာနှင့် အကျိုးရလာဒ်များ ပုံ- (၁)



ပုံ- (၂)





# ပုံစံ ၇။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ခွဲခြားသုံးသပ်ခြင်း

## ရည်ရွယ်ချက်

ရပ်ရွာများအတွင်းတွင်ရှိသော အရင်းအမြစ်များနှင့် အသက်မွေးဝမ်းကျောင်းအမျိုးအစားများကို ဖော်ထုတ်ရန်နှင့်ထိုအရာများသည် ဘေးအန္တရာယ်များ ကျရောက်မှုအပေါ် မည်သို့ကူညီနိုင်မည်ကို သိရှိနိုင်ရန်ဖြစ်ပါသည်။ ဘေးအန္တရာယ်များကျရောက်လာပါက မည်သည့်အကျိုးသက်ရောက်မှုတွေရှိနိုင်သလဲဆိုသည်ကို သိရှိနိုင်ရန်ဖြစ်သည်။ ဘေးအန္တရာယ်များထိခိုက်မှုမှ ဘေးဒဏ်ခံနိုင်ရန်အတွက် လိုက်လျောညီထွေစွာနေထိုင်နိုင်၍ အမြန်ဆုံး ပြန်လည်ထူထောင်နိုင်သည့်နည်းလမ်းများကိုသိရှိနိုင်ရန်အတွက် ပြုလုပ်ရခြင်းဖြစ်သည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ရွေးချယ်နိုင်သည့်အခွင့်အရေးနှင့် လက်လှမ်းမှီမှုများ၊ ဘေးအန္တရာယ်များကျရောက်ပါက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ်နားလည်ရန်အတွက် ပြီးပြည့်စုံအောင် ကူညီပေးနိုင်ပါလိမ့်မည်။

## အသုံးပြုရန်လမ်းညွှန်

အောက်ပါမေးခွန်းများသည်လေ့ကျင်ခန်းပြုလုပ်ရန်အတွက်လမ်းညွှန်များဖြစ်သည်။

- ကျေးရွာတွင် အဓိကအသက်မွေးဝမ်းကျောင်းများက ဘာတွေလဲ။
- ရာသီဥတုဖောက်ပြန်မှု၊ ဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဘယ်လိုထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်နိုင်သလဲ။
- အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် ခံနိုင်ရည်စွမ်းပိုရှိပြီး အမျိုးအစားအမျိုးမျိုးဖြစ်အောင် ဘယ်လိုလုပ်ဆောင်နိုင်မလဲ။
- ရပ်ရွာအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကောင်ထည်ဖော်ဆောင်နိုင်ရန်အတွက် တားဆီးနေသောအရာတွေက ဘာတွေလဲ။
- ပြန်လည်ထူထောင်ရေးကာလများတွင် ခြားနားသော အသက်မွေးဝမ်းကျောင်းများကို ဘယ်လိုပြုလုပ်နိုင်သလဲ။ အချို့လေ့လာတွေ့ရှိချက်များအရ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အုပ်စုများသည် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများထက် ပိုမိုလျင်မြန်စွာ ပြန်လည်ထူထောင်နိုင်ကြသည်။
- ရပ်ရွာတွင်ရှိသောမိသားစုများသည် အရေးပေါ်ငွေကို လက်လှမ်းမှီရန်အတွက် ဘယ်လိုအခွင့်အလမ်းတွေရှိသလဲ။ ဘယ်လိုဆိုးကျိုးတွေ ရှိနေသလဲ။ ထိခိုက်လွယ်သောလူများအတွက် လိုအပ်သောအချိန်တွင် အရေးပေါ်ငွေများကို အချိန်မှီရနိုင်ရန်အတွက် ဘယ်လိုလုပ်ဆောင်နိုင်သလဲ။

### အသက်မွေးဝမ်းကျောင်းဆန်းစစ်မှုဇယား

| အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပိုင်ဆိုင်မှု | အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပိုင်ဆိုင်မှုများက ဘေးအန္တရာယ်များကျရောက်ချိန်နှင့်ဖိစီးမှုများရှိနေချိန် ဘယ်လိုပြုလုပ်နိုင်သလဲ ဘယ်လိုကူညီနိုင်သလဲ | အသက်မွေးဝမ်းကျောင်းများအပေါ် ဘေးအန္တရာယ် များဘယ်လိုကျရောက်နိုင်သလဲ | ဘယ်လိုအချိန်မှာ ဘေးအန္တရာယ်တွေဖြစ်နိုင်သလဲ ပိုင်ဆိုင်မှု ပျက်စီးဆုံးရှုံးမှုများကို ဘယ်လိုကာကွယ်နိုင်မလဲ | ရပ်ရွာအတွင်းရွေးခြယ်နိုင်သည့် အခွင့်အရေးရနိုင်သလား (အခြားအသက်မွေးဝမ်းကျောင်း၊ လိုက်လျောညီထွေရှိသော အသက်မွေးမှုများ) |
|---|---|---|---|---|
| စပါး၊ဆန် | ရပ်ရွာအ-တွက် ဘေးအန္တရာယ် ကျရောက်ချိန်နှင့် ဖြစ်နေချိန်တွင် လုံလောက်သောအစားအသောက် ဖူလုံမှုကို ထုတ်လုပ်နိုင်သည် | ရေကြီးခြင်း၊မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းများသည် စပါးအထွက်နှုန်းများ အစားအစာရရှိမှု အစားအသောက်များကို သိုလှောင်သည့် အဆောက်အဦးများ ပျက်စီးခြင်းအပေါ် သက်ရောက်မှုရှိသည်။ ၄င်းအပြင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ထုတ်လုပ်မှုအပေါ်လည်း သက်ရောက်နိုင်သည် | ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဘေးအန္တရာယ်များသည် မိုးရာသီအစနှင့် မိုးရာသီအတွင်းဖြစ်ပေါ်နိုင်သည် ကောင်းမွန်သော အဆောက်အဦးများတွင် ပစ္စည်းများသိုလှောင်ထားခြင်းဖြင့် သီးနှံများနှင့် အစားအစာများကို ပျက်စီးဆုံးရှုံးမှုကို ကာကွယ်နိုင်သည် | ပစ္စည်းများ သိုလှောင်ရန်နှင့် သီးနှံအသစ်များ စိုက်ပျိုးရန် နည်းပညာများ လိုအပ်သည် |
| ငါးဖမ်းရန်အတွက် ပိုက်များ၊ ရွက်လှေများနှင့် လှေများ | ငါး၊ပုစွန်နှင့် ဂဏန်းများသည် နေ့စဉ်ဝင်ငွေကို ဖြည့်ဆည်းပေးနိုင်သည် | ရာသီဥတုပြောင်းလဲမှုများနှင့် ဘေးအန္တရာယ်များသည် ငါးများရရှိနိုင်မှုအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်သည်။ ဝင်ငွေများ လျော့ကျခြင်းနှင့် အစားအစာဖူလုံစွာ ရရှိနိုင်မှုကိုလည်း လျော့ကျစေနိုင်သည် | ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဘေးအန္တရာယ်များသည် မိုးရာသီအစနှင့် မိုးရာသီအတွင်း ဖြစ်ပေါ်နိုင်သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကာကွယ်ရန်အတွက် အခြားအစားအစာ ရရှိနိုင်သည့်နည်းလမ်းများနှင့် အရင်းအမြစ်အမျိုးမျိုးကို ဖော်ထုတ်ခြင်း | ရပ်ရွာလူထုမှ အကြံပြုချက် မရှိပါ |
| လှည်း၊ မော်တော်ဆိုင်ကယ်များ | လှည်းနှင့် မော်တော်ဆိုင်ကယ်များသည် ပစ္စည်းများကိုသယ်ဆောင်ခြင်း၊ ကျန်းမာရေးဆေးခန်းများသို့ ပို့ဆောင်ခြင်းနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများကိုပြုလုပ်နိုင်သည် | ဘေးအန္တရာယ်များ ကျရောက်ခြင်းကြောင့် လမ်းများပျက်စီးသွားသဖြင့် သယ်ယူပို့ဆောင်မှုများအပေါ် သက်ရောက်နိုင်သည်။ | လုံခြုံသောနေရာများသို့ အချိန်မှီပစ္စည်းများရွှေ့လျားခြင်းကို ကူညီနိုင်သည်။ | အကြံပြုချက် မရှိပါ |

ပါဝင်ခြင်းနှင့် အားလုံးပါဝင်ရန် အကြံပြုချက်

- ရပ်ရွာအတွင်းတွင်ရှိသော မိသားစုများအတွင်း ခြားနားသော အသက်မွေးဝမ်းကျောင်းများ၊ ပိုင်ဆိုင်မှုများနှင့် ဝင်ငွေများ အတွက် ဘယ်လိုပြုလုပ်သလဲ။
- သောကများရှိနေချိန်တွင် တစ်ဦးချင်းအလိုက်(သို့ )အဖွဲ့ များတွင် မတူညီသောနည်းလမ်းများကို အသုံးပြုပြီးပိုင်ဆိုင်မှု နှင့်အသက်မွေးဝမ်းကျောင်းခြင်းများကို ကာကွယ်မှု ဘယ်လို ပြုလုပ်ကြသလဲ။

ကြာချိန် ▪ ▪ ▪ (၁-၂) နာရီအတွင်း
**အသုံးပြုမည့်ပစ္စည်းများ ▪ ▪ ▪** အသင့်ပြင်ဆင်ထားသည့်မေးခွန်း၊ ဘောပင်၊ ခဲတံ၊ A4 စာရွက်များ၊ Flip Chart များ၊ ရောင်စုံ Marker Pen များ။
**အသုံးပြုသည့်နည်းလမ်း ▪ ▪ ▪** ပံ့ပိုးသူကဦးဆောင်၍ အပြန်အလှန် ဆွေးနွေးခြင်း။
**ပါဝင်မည့်လူဦးရေ ▪ ▪ ▪** ပံ့ပိုးသူ(က- ၊ မ- )၊ ရွာမှပါဝင်သူ (က- ၊ မ- )
**ပြုလုပ်ပုံအဆင့်ဆင့် ▪ ▪ ▪** မေးခွန်းနမူနာနှင့် ပြုလုပ်ပုံအဆင့်ဆင့် ကိုအောက်တွင် ဖော်ပြ ထားပါသည်။

# ပုံစံ ၈။ ရပ်ရွာအတွင်း အဖွဲ့အစည်းများ ပေါင်းစပ်ယှက်နွယ်မှုပြပုံ

## ရည်ရွယ်ချက်

ကျေးရွာတွင်း ချိတ်ဆက်မှုကွန်ယက်ကိုပြုလုပ်ခြင်းဖြင့်ကျေးရွာ တွင်းရှိ အဓိကအရေးပါသည့် အဖွဲ့ အစည်းများ၊ အုပ်စုများ၊ လုပ်ပိုင်ခွင့်အနေအထားများ၊ အခွင့်အာဏာများနှင့် ဆက်သွယ် ချိတ်ဆက် လုပ်ဆောင်ပုံများကိုသိရှိနိုင်ရန်ဖြစ်ပါသည်။

ချိတ်ဆက်မှုကွန်ယက်သည် ကျေးရွာတွင်းရှိအဖွဲ့ အစည်းများ၏ ဖွဲ့ စည်းပုံ၊ ဆုံးဖြတ်လုပ်ပိုင်ခွင့်အာဏာနှင့် လိုအပ်သောအရည် အသွေးများနှင့် အဖွဲ့ အစည်းများ၏ တောင့်တင်းခိုင်မာမှုအနေ အထားတို့ကို ကောင်းစွာသိရှိနိုင်ပါသည်။ ကွဲပြားသောအနေ အထား (အသက်အရွယ်၊လူမှု/စီးပွားရေး၊လိင်၊ အရည်အသွေး) ပေါ်မူတည်၍ ဆက်စပ်နေသည့် သဘာဝအရင်းအမြစ်များ၊ စီးပွားရေးလုပ်ပိုင်ခွင့်များအပေါ်တွင် ကောင်းမွန်စွာသိရှိနား လည်ပြီး၊ စီမံခန့်ခွဲလုပ်ဆောင်နိုင်မှုများနှင့် ကျေးရွာတွင်းရှိ လူများ၏ လက်ရှိဖြစ်ပေါ်နေသည့် ပဋိပက္ခများများအပေါ်တွင် ခံနိုင်ရည်ရှိမှုနှင့် လိုက်လျောညီထွေစွာနေထိုင်နိုင်မှုတို့ကိုသိရှိ နိုင်ပါသည်။ ချိတ်ဆက်မှုကွန်ယက်သည် လူတစ်ဦးတစ်ယောက် ချင်းစီကို ရည်ညွှန်းထားခြင်းမဟုတ်ပဲ ကျေးရွာအတွင်းရှိအစိုးရ ဌာနဆိုင်ရာများ၊ ကော်မတီများ၊ အသင်းအဖွဲ့ များ၊ စီးပွားရေး လုပ်ကိုင်သည့်အုပ်စုများသည် မည်သည့်အဖွဲ့ က ပိုမိုအား ကောင်းပြီး၊ ကျေးရွာ၏အကျိုးကို ပို၍လုပ်ဆောင်နိုင်ကြောင်း စသည့်သတင်းအချက်အလက်ကို ပြည့်စုံစွာသိရှိနိုင်ပါသည်။

ကျေးရွာအခြေပြုအဖွဲ့ အစည်းများသည် ကျေးရွာတွင်းဘေးဒဏ် ခံနိုင်ရည်စွမ်းအတွက် စီမံကိန်းရေးဆွဲရာနှင့် အကောင်အထည် ဖော်ရာတွင်အဓိကအားဖြင့်လုပ်ဆောင်ပြီး သတင်းအချက်အလက် ကောက်ယူရာတွင် ရှေးဦးစွာပါဝင်သင့်ပါသည်။ ဤချိတ်ဆက်မှု ကွန်ယက်ကို ပြုလုပ်ခြင်းသည် မတူညီကွဲပြားသော ထိခိုက်လွယ် မှုများကို ဖော်ထုတ်နိုင်ပြီး လူထုဘေးဒဏ်ခံနိုင်စွမ်း လုပ်ငန်းများ လုပ်ဆောင်ရာတွင် ပို၍အားစိုက်လုပ်ဆောင်နိုင်မည့် သူများကို ရွေးချယ်နိုင်သည်။ ထို့အပြင် ကျား/မ မညီမျှမှုများနှင့်အခြားသော မလိုလားအပ်သည့် ထိခိုက်နိုင်ဖွယ်ရာများကို လျှော့ချနိုင်ပါသည်။

ကျေးရွာတွင်းရှိအမျိုးမျိုးသော ဌာနဆိုင်ရာများနှင့်အမျိုးမျိုးသော အဖွဲ့ အစည်းများ၏ ဒေသခံလူထုအပေါ်တွင် လွှမ်းမိုးမှု၊ အရေးပါသော ဆက်သွယ်လုပ်ကိုင်မှု သိရှိနိုင်သည့်အပြင် ဘေးအန္တရာယ်လျှော့ချသည့် လုပ်ငန်းများ လုပ်ဆောင်ရာတွင် ထိရောက်စွာအကူအညီပေးနိုင်မည့် သူများကို ရွေးချယ်ဖော်ထုတ်နိုင်ပါသည်။ လမ်းညွှန်ချက်များ၊ ပို၍ကြီးမား သောစက်ဝိုင်းများသည် ကျေးရွာလူထုအတွင်းတွင် လုပ်ပိုင်ခွင့်နှင့် အခွင့် အာဏာပိုရှိသောအသင်းအဖွဲ့ နှင့် ဌာနဆိုင်ရာတို့ဖြစ်ကြပြီး၊ စက်ဝိုင်းများ ၏အကွာအဝေးသည် ရပ်ရွာလူထုအပေါ်တွင် လွှမ်းမိုးနိုင်စွမ်းနှင့် အရေး ပါသော ဆက်သွယ်ချက်အတိုင်းအတာတို့ကို ဖော်ပြပါသည်။

### ပံ့ပိုးသူများအတွက် လိုက်နာရန် လမ်းညွှန်မေးခွန်းများ


- ဘယ်သူတွေက ဆုံးဖြတ်ချက်ချနိုင်တဲ့သူတွေလဲ။
  - ဘယ်သူတွေက ကျေးရွာမှာ ထိခိုက်လွယ်မှုအဖြစ်နိုင်ဆုံးလဲ။ ကျား/မအရေအတွက်က ဘယ်လောက်လဲ။ ဘာကြောင့်လဲ။
  - ကျေးရွာမှာ ဘာအဖွဲ့ အစည်းတွေရှိကြပါသလဲ။ သူတို့က ဘယ်အခန်းကဏ္ဍက ပါဝင်နေပါသလဲ။ သူတို့တွေက ကျေးရွာလူထုကို အထောက်အကူပြုကြပါသလား။
  - ရပ်ရွာအတွင်း မတူညီသော အုပ်စုများကြားက ၊ ဆက်သွယ် ဆောင်ရွက်မှုတွေကဘာတွေလဲ။ ကွဲပြားသွားစေတာက ဘာတွေလဲ။ ဆက်သွယ်စေတာတွေက ဘာတွေလဲ။ (ကျား/ မ အခန်းကဏ္ဍနှင့် ရေးရိုးစွဲအယူအဆများ)
  - ရွာလူထုအတွင်းရှိ လုပ်ပိုင်ခွင့် အခွင့်အာဏာရှိသူများနှင့် လူထုအတွင်းအခက်အခဲများ ရှိပါသလား။
  - ဘယ်အခန်းကဏ္ဍမှာ လုပ်ဆောင်နေသူတွေက ရွာလူထုကို ဖိစီးမှုတွေကို ဖြစ်ပေါ်စေပါသလဲ။
  - ဘာတွေကရော ဆက်သွယ်လုပ်ဆောင်ရာမှာ အထောက်အကူ ဖြစ်ပေါ်စေပါသလဲ။

### ပါဝင်ဆွေးနွေးသင့်သည့်အချက်များ

- ထိခိုက်လွယ်သော အုပ်စုများအတွက် ဦးတည်ရေးဆွဲသည့် စီမံကိန်းနှင့်လုပ်ငန်းဆောင်ရွက်မှုများရှိပါ သလား။
- ကျေးရွာတွင်ရှိသည့်အဖွဲ့အစည်း(သို့)ဌာနဆိုင်ရာများကထိခိုက်လွယ်သူများ၏ လိုအပ်ချက်များကို ဖော်ထုတ်လုပ်ဆောင်ပါသလား။ဘာတွေသူတို့အတွက် လုပ်ဆောင်ပေးပါသလဲ။
- ကျေးရွာအတွင်းမှာကိုယ်ထူကိုယ်ထ အသင်းအဖွဲ့များရှိပါသလား။ ကျေးရွာလူထုအခြေပြုအဖွဲ့များရှိပါသလား။ သူတို့နဲ့ဆွေးနွေးကြည့်ပါသလား။

ကြာချိန် • • • • (၁) နာရီအတွင်း
အသုံးပြုမည့်ပစ္စည်းများ • • • • အသင့်ပြင်ဆင်ထားသည့်မေးခွန်း၊ ဘောပင်၊ ခဲတံ။ A4 စာရွက်များ၊ FlipChartများ၊ ရောင်စုံစက္ကူများ (ကွဲပြားသောပုံစံစုံညှပ်ထားသော စက်ဝိုင်းပုံ၊ လေးထောင့်ပုံ၊ သုံးမြောင့်ပုံ စသဖြင့်)၊ ရောင်စုံ Marker Pen များ။ ချိတ်ဆက်မှုကွန်ယက်ပြုလုပ်ရာတွင် စာရွက် အချပ်ကြီးများ၊ များကိုလိုအပ်ပါသည်။
အသုံးပြုသည့် နည်းလမ်း • • • • ပံ့ပိုးသူမှ ဦးဆောင်၍ အပြန်အလှန်ဆွေးနွေးခြင်း။
ပါဝင်မည့်လူဦးရေ • • • • ပံ့ပိုးသူ (ကျား- ၊ မ- )၊ ရွာမှပါဝင်သူ (ကျား- ၊ မ- )
ပြုလုပ်ပုံအဆင့်ဆင့် • • • • မေးခွန်းနမူနာနှင့် ပြုလုပ်ပုံအဆင့်ဆင့်ကို အောက်တွင် ဖော်ပြထားပါသည်။

**Output of Venn diagram:**
**Figure 7: Stakeholder mapping (Venn diagram) exercise**



## ပုံစံ ၄။ အဆင်မပြေခွဲခြားမှုများကိုဖြစ်စေသောအရာများနှင့် လွယ်ကူအောင်ဆက်သွယ်ပေးသောအရာများ

ဤနည်းကိရိယာသည် CDA သင်ကြားမှု စီမံချက်မှာဆောင်ရွက်ထားသည်။ အချက်အလက်အပြည့်အစုံကိုhttp://www.cdacollaborative.org/programs/do-no-harm/. တွင်ကြည့်နိုင်သည်။

### ရည်ရွယ်ချက်

ရပ်ရွာအတွင်းတွင် ဘေးအန္တရာယ်များဖြစ်ပေါ်သည့်အခါ ပို၍အဆင်မပြေမှုများကို ဖြစ်စေသောအရာများ၊ ဘေးဒဏ်ခံနိုင်ရည်တည်ဆောက်ခြင်း နှင့် လိုက်လျောညီထွေစွာနေနိုင်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လွယ်ကူအောင် ဆက်သွယ်ပေးသောအရာများကို ကွဲပြားစွာ သိရှိနိုင်ရန်ဖြစ်ပါသည်။ ဒေသတွင်းအခြေအနေကို ဆန်းစစ်လေ့လာခြင်းသည် ရပ်ရွာလူထု လုပ်ငန်းဆောင်ရွက်ပုံကို သိရှိနားလည်စေနိုင်ပြီး စီမံကိန်းမှ ရပ်ရွာလူထုအား မည့်သို့ အကျိုးသက်ရောက်မှုရှိမည်ကို နားလည်စေနိုင်မည်ဖြစ်သည်။
မတူညီသည့် လုပ်ငန်းဆောင်ရွက်သူများသည် အကြောင်းအရာအားလုံးကို နားလည်ထားသည့်တိုင် မတူညီသည့် အယူအဆများရှိနေနိုင်သည်။
အကြောင်းအရာကို ဆန်းစစ်လေ့လာခြင်း - အဆင်မပြေခွဲခြားမှုကိုဖြစ်စေသောအရာများနှင့် လွယ်ကူအောင်ဆက်သွယ်ပေးသောအရာများအား ရှာဖွေဖော်ထုတ်ခြင်း ။
အဆင်မပြေခွဲခြားမှုကို ဖြစ်စေသောအရာများနှင့် လွယ်ကူအောင်ဆက်သွယ်ပေးသောအရာများကိုဖော်ထုတ်သည့်နည်းကိရိယာသည် ရှုပ်ထွေးသည့် ဆက်သွယ်ချက်များမှ သတင်းအချက်အလက်များကိုရယူနိုင်သည်။ အဆင်မပြေ ခွဲခြားမှုကိုဖြစ်စေသော အရာများနှင့် လွယ်ကူအောင်ဆက်သွယ်ပေးသောအရာများသည် အရာအလုံးကို ပုံမဖော်ပြနိုင်ကြောင်း မှတ်သားသင့်သည်။
သို့ရာတွင်ရပ်ရွာအတွင်းတင်းမာမှုများကိုလျော့နည်းစေနိုင်သည်။



အဆင်မပြေခွဲခြားမှုများကို ဖြစ်စေသောအရာများမှာ --
လူအများ/အုပ်စုများအကြားတင်းမာမှုကို ဖြစ်စေပြီး ပျက်စီးစေသည့် ပြိုင်ဆိုင်မှုများကို ဖြစ်စေနိုင်သည်။

လွယ်ကူအောင်ဆက်သွယ်ပေးသောအရာများမှာ -
လူအများ/အုပ်စုများအကြား တင်းမာမှုကိုလျော့နည်းစေပြီးပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေသော အရာများ ဖြစ်သည်။

### ဤနည်းကိရိယာကိုအသုံးပြုရန် လမ်းညွှန်ချက်များ

အဆင်မပြေခွဲခြားမှုကိုဖြစ်စေသောအရာများနှင့် လွယ်ကူအောင်ဆက်သွယ်ပေးသောအရာများကိုဆန်းစစ်လေ့လာချက်သည် အဖွဲ့ဖြင့်ဆောင်ရွက်သင့်သည်။ အဖွဲ့သည် ဒေသတွင်းဆောင်ရွက်သူများသူတို့အားပိုမိုနားလည်အောင် ရှင်းပြသင့်သည်။ ၎င်းတို့သည် ရပ်ရွာအဖွဲ့ဝင်များ၊ အခြားလုပ်ငန်းရှင်များနှင့် ဒေသတွင်း NGOs များပါဝင်သည်။

- နည်းလမ်းများရောသုံးခြင်း ။
  စားပွဲတင်လေ့လာခြင်း ။ ပါဝင်သူများအား ညှိနှိုင်းဆောင်ရွက်ခြင်း၊ လူတွေ့မေးမြန်းခြင်း ၊ အကြံဉာဏ်များတောင်းခံခြင်း ။
- ပါဝင်ပတ်သက်သူများကို နှင့်တွေ့ဆုံစကားပြောခြင်း
- ကျယ်ပြန့်စွာစဉ်းစားနိုင်လေသင်အလုပ်လုပ်နေသည့် ပတ်ဝန်းကျင်အား ပိုမိုရှင်းလင်းစွာပုံဖော်နိုင်မည်ဖြစ်သည်။ ကျား/မ မျှတမှုကိုလည်းထည့်သွင်းစဉ်းစားရမည် ။

## အဆင်မပြေခွဲခြားမှုကို ဖြစ်စေသောအရာများနှင့် လွယ်ကူအောင် ဆက်သွယ်ပေးသောအရာများကို ဖြည့်ပေးရန် အဓိကမေးခွန်းများ

အောက်ပါမေးခွန်းများသည် အဆင်မပြေခွဲခြားမှုကို ဖြစ်စေသော အရာများနှင့် လွယ်ကူအောင်ဆက်သွယ်ပေးသော အရာများကို ဖော်ထုတ်ရာတွင် အသုံးဝင်မည်ဖြစ်သည်။ ၎င်းမေးခွန်းများကို သင့်အနေဖြင့် တိုက်ရိုက်မေးရန် မသင့်ပေ။ သို့ရာတွင် သင်၏ အဖွဲ့မှ ရှာဖွေဖော်ထုတ်ရာတွင် အသုံးဝင်မည်ဖြစ်သည်။

အခြေအနေတွင် အဆင်မပြေ ခွဲခြားမှုကိုဖြစ်စေသော အရာများက ဘာလဲ။ ဆက်သွယ်ပေးသော အရာများကဘာလဲ။ လက်ရှိ တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေသည့် အရာများကဘာလဲ။
လက်ရှိ အထောက်အပံ့များက ဘာလဲ။
လက်ရှိအခြေအနေတွင် အန္တရာယ်အရှိဆုံးအရာက ဘာလဲ။

၎င်းသည် ဘယ်လောက် အန္တရာယ်ကြီးသလဲ။
တင်းမာမှုများကိုဘယ်အရာတွေကတိုးမြှင့်စေနိုင်မလဲ။
ဒီအခြေအနေမှာဘယ်အရာတွေ လူတွေကို အတူစုဝေးစေသလဲ။
လူတွေ ဘယ်မှာတွေ့ဆုံကြသလဲ။
လူတွေ အတူတကွ ဘာလုပ်ကြသလဲ။
လွယ်ကူအောင်ဆက်သွယ်ပေးသော အရာများဘယ်လောက် အားကောင်းသလဲ။

## အဆင်မပြေခွဲခြားမှုကို ဖြစ်စေသောအရာများနှင့် လွယ်ကူအောင်ဆက်သွယ်ပေးသော အရာများ ဆန်းစစ်လေ့လာမှု ရလဒ်

အဖွဲ့ဖြင့်အတူတကွ ရပ်ရွာအတွင်းနှင့် သင်အလုပ်လုပ်နေသည့် ပတ်ဝန်းကျင်တွင် အဆင်မပြေခွဲခြားမှုကို ဖြစ်စေသောအရာများနှင့် လွယ်ကူအောင်ဆက်သွယ်ပေးသောအရာများကို ပြုစုပါ။

| သင်အလုပ်လုပ်သည့် နေရာ/ ရပ်ရွာလူထုအတွင်းတွင် အဆင်မပြေ ခွဲခြားမှုကိုဖြစ်စေသောအရာများ နှင့် လွယ်ကူအောင်ဆက်သွယ်ပေးသော အရာများ၏ တင်းမာမှုများကဘာလဲ။ | သင်အလုပ်လုပ်သည့်နေရာ /ရပ်ရွာလူထုတွင် ငြိမ်းချမ်းမှုအတွက် အဆင်မပြေခွဲခြားမှုကိုဖြစ်စေသော အရာများနှင့် လွယ်ကူအောင် ဆက်သွယ်ပေးသော အရာများကဘာတွေလဲ။ |
|---|---|
| | |

# ပုံစံ ၁၀။ ကလေးသူငယ်များ၏ လိုအပ်ချက်များနှင့် အခွင့်အရေးများအပေါ် သက်ရောက်မှုများ (ကလေးသူငယ်များ သို့မဟုတ် ဝရုစိုက်မှုပေးသူများအတွက် နည်းနာ)

## နည်းကိရိယာ၏ ရည်ရွယ်ချက်

ဤနည်းကိရိယာသည် ကလေးများအပေါ်တွင် သက်ရောက်နိုင်သော ဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုဘေး ဖြစ်နိုင်ချေ များကို ဆန်းစစ်လေ့လာရာတွင် အသုံးပြုသည်။ ၎င်းသည် ကလေးများအား သူတို့နေ့စဉ် လိုအပ်ချက်များ နှင့် သူတို့ဘဝ နှင့် ဘေးအန္တရာယ်များ နှင့် အခြားသက်ရောက်မှုများမည်သို့ ရှိကြောင်းကိုစဉ်းစားနိုင်ရန် ဖန်တီးပေးသည်။ထို့အပြင်၎င်းသည် ကလေးများ နှင့်အတူ အန္တရာယ်များမှ မည်သို့ကာကွယ်နိုင်ကြောင်းကိုလည်း ရှာဖွေပေးသည်။

နည်းကိရိယာကိုအသုံးပြုရန် လမ်းညွှန်ချက်
ဤနည်းကိရိယာသည် အားလုံးပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းဖြစ်ပြီးကလေးများကိုဘေးအန္တရာယ်များ နှင့် အခြားသက်ရောက်မှုများမှ အတိတ်တွင် သူတို့ဘဝများကို မည့်သို့ သက်ရောက်မှုရှိခဲ့ကြောင်းကိုစဉ်းစားစေနိုင်ခြင်း၊ အမြင်များ နှင့် ခံစားချက်များကို ဝေမျှနိုင်သည်။

- ကလေးများ ၃-၄ ယောက် တစ်ဖွဲ့ဖွဲ့ပေးပါ။ အဖွဲ့တွင် ယောကျ်ားလေး/မိန်းကလေးများပါနေလျှင် မိန်းကလေး နှင့် ယောကျ်ားလေးအဖွဲ့ခွဲထားပါ။
- ပါဝင်သူများကို ကပ်ကွာစာရွက်များ နှင့် စာရွက်ကြီးများပေးထားပါ။ အဖွဲ့တစ်ဖွဲ့ဆီမှ တစ်ဦးအားစာရွက်ကြီးပေါ်တွင် လှဲချခိုင်းပြီး ခန္ဓာကိုယ် ပုံသဏ္ဍာန်ကို ရေးဆွဲစေပါ။
- ခန္ဓာကိုယ်မြေပုံကို အသုံးပြုပြီးကလေးများ၏ လိုအပ်ချက်များ နှင့် အခွင့်အရေးများကိုဖော်ထုတ်ပါ ။ အဆင့်တိုင်းအတွက် အရောင်အမျိုးမျိုးကိုအသုံးပြုပါ။
- ကလေးများ၏ လိုအပ်ချက် နှင့် လိုချင်မှုများက ဘာလဲ ။ ဥပမာ-အစားအစာ၊ ရေ၊ နေအိမ်၊ ပညာရေး၊ ကစားခြင်း။ အခြားအဖွဲ့များအတွက် ၎င်းကို ကလေးအခွင့်အရေး ၄ မျိုးပေါ်မူတည်ပြီး ဖွဲ့နိုင်သည်။ အသက်ရှင်ရေး၊ အကာအကွယ်ရရှိရေး၊ ဖွံ့ဖြိုးမှု နှင့် ပါဝင်နိုင်မှု။ (ရှင်၊ ဖွံ့၊ ကာ၊ ပါ)
- ဘေးအန္တရာယ်များ ၊ ကလေးများကိုဆိုးကျိုးသက်ရောက်စေနိုင်သည့် အခြားအခင်းအကျင်းများကိုရှာဖွေဖော်ထုတ်ပါ။ သူတို့တွင် အတိတ်မှ အတွေ့အကြုံများရှိပါသလား ။ အခြားဘာတွေ ဖြစ်နိုင်သလဲ ။ (ဥပမာ - ရပ်ရွာအပေါ် ဆိုးကျိုးကြီးမားစွာရှိခဲ့သောဆိုင်ကလုံး) ။ သို့ရာတွင် မိုးခေါင်ရေရှားမှုကဲ့သို့သောတဖြည်းဖြည်းဆိုးကျိုးသက်ရောက်သော အန္တရာယ်များကိုလည်းထည့်သွင်းစဉ်းစားရမည်။
- ကလေးများအတွက် လိုက်လျောညီထွေရှိစေမည့် ဗျူဟာများက ဘာလဲ ။ (ဥပမာ - အာဟာရချို့တဲ့မှု) သည် တခါတရံ ဆိုင်ကလုံးကဲ့သို့ တူညီသည့် ဆိုးကျိုးသက်ရောက်မှုများရှိနိုင်သည်။ အနာဂတ် ယင်းအခြေအနေများမှ ကာကွယ်ရန် ဘာလုပ်နိုင်မလဲ ။
- အသက်အရွယ်ကြီးသောကလေးများ (သို့) လူကြီးများ နှင့် ကလေးသူငယ်အခွင့်အရေး ၄ ခုကိုဆွေးနွေးနိုင်သည်။
  ၁ ။ ရှင်သန်ရေး ၊ ၂။ ကာကွယ်ခြင်း ၊ ၃ ။ ဖွံ့ဖြိုးမှု နှင့်
  ၄။ ပါဝင်မှု တို့ဖြစ်သည် ။
- ကလေးအငယ်များ နှင့် ခန္ဓာကိုယ်မြေပုံကိုအသုံးပြုပြီးသူတို့၏ လိုအပ်ချက် အမျိုးမျိုးကိုရှာဖွေဖော်ထုတ်နိုင်သည်။
- ဥပမာ - အဓိကမေးခွန်းများတွင်
- **ဦးခေါင်း - ပညာရေး** ။ ဘေးအန္တရာယ်သည် သူတို့၏ ပညာရေးကို ဘယ်လိုသက်ရောက်နိုင်မလဲ ။ အရေးပေါ်အခြေအနေသည် ဘယ်လို သက်ရောက်မလဲ ၊ သူတို့ ဘာတွေ လေ့လာခဲ့သလဲ ။
  ( ကောင်းကျိုး နှင့် ဆိုးကျိုး နှစ်ခုစလုံးကိုရှာဖွေပါ)
- **ပါးစပ် (သို့) ဝမ်းဗိုက်** ။ ဘေးအန္တရာယ်သည် အစားအစာ၊ သန့်ရှင်းသောရေကိုဘယ်လိုသက်ရောက်စေမလဲ။
- **ခန္ဓာကိုယ်** ။ အရေးပေါ်အခြေအနေသည် ကျန်းမာရေးကိုဘယ်လို သက်ရောက်စေမလဲ။ အလွဲသုံးစားမှုများမှ ဘယ်လိုကာကွယ်နိုင်မလဲ။
- **နှလုံးသား** ။ အရေးပေါ်အခြေအနေသည် သူတို့၏ ခံစားချက်များကို ဘယ်လိုသက်ရောက်စေမလဲ။ လိုအပ်သည့်အချိန်တွင် ဘယ်သူတွေဆီကအထောက်အပံ့ရပါသလဲ။
- **လက်များ** ။ အရေးပေါ်အခြေအနေကြောင့် ဘယ်လိုလုပ်ငန်းများ လျော့သွားသလဲ/ တိုးလာသလဲ။
- **ခြေထောက်များ** ။ အရေးပေါ်အခြေအနေကြောင့် ကလေးများနှင့် လူငယ်များ မှ ဆောင်ရွက်နိုင်သည့်အရာ/သွားနိုင်သည့် နေရာ အပြောင်းအလဲရှိသလား ။ ဥပမာ - အလုပ်၊ လေ့လာမှု (သို့) ဝင်ငွေရလုပ်ငန်းများ။
- **ဆွေးနွေးမှုကို ကြိုတင်စီစဉ်ပါ** ။ အရေးပေါ်ကာလတစ်လျှောက် သက်ရောက်မှုများအပေါ်တွင် ကလေးများ၏ အမြင်များကဘာလဲ။ ဆိုကျိုးသက်ရောက်မှု အမြင်များကဘာလဲ ။ အနာဂတ်တွင် သူတို့၏ လိုအပ်ချက်များကိုကာကွယ်ရန် ဘာတွေလုပ်နိုင်မလဲ ။ မတူညီသည့် အတွေ့အကြုံများကိုဆွေးနွေးပါ ။
- **စိတ်ကူးယဉ် ကျေးရွာ** ။ အခန်းကဏ္ဍကိုကောင်းစွာအဆုံးသတ်ရန် ကလေးများကိုမျက်လုံးမှိတ်ခိုင်းပြီးအနာဂတ် ၅ (သို့) ၁၀ နှစ် အတွင်းတွင် သူတို့ဖြစ်လိုသည့် ကျေးရွာကိုပုံဖော်ခိုင်းပါ။ အဖွဲ့လိုက် သူတို့စိတ်ကြိုက် ပျော်စရာကောင်းပြီးဘေးအန္တရာယ်တို့မှ ကင်းရှင်းသည့်ပုံ (သို့) မြေပုံဆွဲခိုင်းပါ။
  စိတ်ကူးဖြင့်ဖန်တီးပါ။ ရှင်းပြခိုင်းပါ။
- အရေးကြီးဆုံးလိုအပ်ချက်ကဘာလဲဆိုတာဆွေးနွေးပါ ။ ပျော်ရွှင်စေရန် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကိုဆွေးနွေးပါ။
- ခန္ဓာကိုယ်မြေပုံမှ ဘေးဖြစ်နိုင်ချေများကို ပြန်လည် ကြည့်ရှုပါ။ စိတ်ကူးဉာဏ်မြေပုံကို အန္တရာယ်များသက်ရောက်မှု မရှိစေရန် ဘယ်လိုကာကွယ်နိုင်မလဲ ။
- အချိန်ရလျှင် သူတို့စိတ်ကူးယဉ်ကျေးရွာကိုအကောင်အထည်ဖော်နိုင်ရန် ဘာတွေလုပ်နိုင်မလဲဆိုတာကိုဆွေးနွေးပါ။

### ပါဝင်မှု အတွက် အကြံပြုချက်များ

အချိန်မလုံလောက်လျှင် ၄ ဖွဲ့ခွဲပြီးအဖွဲ့တစ်ဖွဲ့ကိုအခွင့်အရေး ၁ ခုစီ(သို့) ဘေးအန္တရာယ်အမျိုးအစားတစ်ခုသာဆွေးနွေးစေပါ။ အချိန်လုံလောက်လျှင် ကလေးများကိုအရေးကြီးသည့်အချက်များကို ပုံဖော်နိုင်ရန် ပြဇာတ်ကခိုင်းပါ။ ငယ်ရွယ်ပြီး စာမရေး/မဖတ်နိုင်သေးသော ကလေးများကိုပုံဆွဲခိုင်းပါ။ သင်တန်းဆရာ/မများကိုလည်းအကူအညီတောင်းပြီးရေးဆွဲခိုင်းနိုင်သည်။

- ကလေးများကိုစာရွက်ပေါ်တွင် မေးခွန်းတစ်ခုစီအတွက် သူတို့၏အဖြေများကိုရေးဆွဲရန် တိုက်တွန်းပါ ။ တစ်ချိန်တည်းတွင် မှတ်တမ်းပြုစုသူများ မှ ကလေးများ နှုတ်ဖြင့် ဖြေသည့်အဖြေများကိုမှတ်သားပါ။

- အားလုံးပါဝင်နိုင်စေရန် သေချာပါစေ ။ ရှက်တတ်သော ကလေးများကိုသူငယ်ချင်းများဖြင့် စကားပြောခိုင်းပြီး ပါဝင်စေပါ။

- အချိန်နည်းလျှင် အဖွဲ့ ၄ ဖွဲ့ခွဲပြီး တစ်ဖွဲ့စီအား အခွင့်အရေး ၁ ခုသာ ဆွေးနွေးခိုင်းပြီး တင်ပြခိုင်းပါ။

- အချိန်ရလျှင် ကလေးများကိုအရေးကြီးသည့်အချက်များကို ပုံဖော်ခိုင်းပါ။

- သင်တန်းဆရာများမှ စိတ်ဝင်စားမှုနည်းသော/ စိတ်အားငယ်သော ကလေးများ (သို့) လုပ်ငန်းဆောင်ရွက်မှုကို မနှစ်သက်သော ကလေးများကိုလည်းသတိပြုမိရန် အရေးကြီးသည်။ ဘေးအန္တရာယ်အကြောင်း ဆွေးနွေးမှုသည် ကလေးများအတွက် ကြောက်စရာကောင်းနိုင်သည်။ အထူးသဖြင့် အရေးပေါ်အခြေအနေများမကြာခင်က ဖြစ်ဖူးထားလျှင် ၎င်းတို့ကို ပြန်လည်အမှတ်ရစေနိုင်သည်။ ကလေးများသည် သူတို့၏ ခံစားချက်များ ဖော်ပြရန်လိုအပ်သော်လည်း လိုအပ်သည့် ပံ့ပိုးမှု ရနေရန်လည်း လိုအပ်သည်။ နောက်ဆုံးပိုင်းတွင် စိတ်ကူးယဉ် ကျေးရွာစသည့် ကောင်းကျိုးရလဒ်များဖြင့်သာ အဆုံးသတ်ပေးပါ။

## လူကြီးများဖြင့် ကွာခြားမှု

ဤနည်းကိရိယာကိုလူကြီးများနှင့်လည်း ဆောင်ရွက်နိုင်သည်။ ဥပမာ ဘေးအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲမှုအခြေအနေများ၏ ကလေးများအပေါ်သက်ရောက်မှု နှင့် ဘေးဒဏ်ခံနိုင်ရန် ဦးစားပေးဆောင်ရွက်ရန်များကိုပိုမိုနားလည်နိုင်စေရန် ဆရာ/မများ၊ မိဘများ၊ အစိုးရအရာရှိများနှင့် ဆောင်ရွက်နိုင်သည်။ ကလေးပုံကိုရေးဆွဲမည့် အစားသူတို့သည် ကလေးသူငယ်အခွင့်အရေး ၄ ခု ဇယားဖြင့် ရေးဆွဲဆောင်ရွက်နိုင်သည်။

### အကြံပြုအချိန် ၊ အရင်းအမြစ်၊ လိုအပ်သည့် ပစ္စည်းများ။

လေ့ကျင့်ခန်းသည် ၆၀-၉၀ မိနစ် လိုအပ်နိုင်သည်။
အဖွဲ့တစ်ဖွဲ့ ပံ့ပိုးကူညီသူတစ်ဦး ထားရှိရန် အကြံပြုပါသည်။
ပံ့ပိုးကူညီသူများကို တစ်ဖွဲ့မှ တစ်ဖွဲ့သို့ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်လည်း စဉ်းစားပါ ။

**လေ့ကျင့်ခန်းတွင်လိုအပ်သည့် ပစ္စည်းများ။**


စာရွက်အကြီး၊ မာကာ၊ ရောင်စုံခဲတံများ ။




၁




၂








ရည်ရွယ်ချက်

| ရည်ရွယ်ချက် | ရည်ရွယ်ချက် |
|---|---|
| | |
| ရည်ရွယ်ချက် | ရည်ရွယ်ချက် |
| | |

၃

# ပုံစံ ၁၁။ ကျား၊ မ ရေးရာ ကွန်ယက်ပြပုံ

## ရည်ရွယ်ချက်

ရပ်ရွာအတွင်းရှိအမျိုးသမီးများ၏ လက်ရှိအခြေအနေ နှင့် အဆင့်အတန်းများကို နားလည်သဘောပေါက်စေရန်အတွက် ဖြစ်ပါသည်။ ၎င်းသုံးသပ်ချက်သည် အမျိုးသမီးအခွင့်အရေး ရှုထောင့်မှ နေ၍ အမျိုးသမီးများ၏ ဘေးဒဏ်ခံနိုင်ရည်စွမ်းကို နားလည်သဘောပေါက်စေရန် ဖြစ်ပါသည်။


## အသုံးပြုရန်အတွက်လမ်းညွှန်

အမျိုးသမီးများကိုယ်တိုင် သဘောတူသောနေရာနှင့်အချိန်ကို ရွေးချယ်ပြီး ရှိနှင့်ပြီးဖြစ်သည့်အမျိုးသမီးအဖွဲ့ (သို့)အခြား အမျိုးသမီးများအား အစည်းအဝေးပြုလုပ်ရန် စုစည်းပါ။ ထို့နောက် အမျိုးသမီးများ၏ အခန်းကဏ္ဍတွင်ပါဝင်သော အဓိကအခန်းကဏ္ဍ (၃)ခု၊ အိမ်တွင်းမှုနှင့် အိမ်ထောင်ထိန်းသိမ်းသူ၊ ဝင်ငွေရှာအလုပ်ကို လုပ်ကိုင်သူ၊ ရပ်ရွာအတွင်းဆုံးဖြတ်ချက်ချလုပ်ကိုင်နိုင်သူစသည်တို့ကို ဆွေးနွေးပြီး ဖွံ့ဖြိုးရေးနှင့်ခံနိုင်ရည်စွမ်းဆိုင်ရာ သူတို့၏အမြင်များကိုဆွေးနွေးပါ။

### ပြုလုပ်ပုံအဆင့်ဆင့်

၁။ အမျိုးသမီးများအတွက် အရေးပါသော အခန်းကဏ္ဍအမျိုးမျိုးကို စာရင်းပြုစုရန်။ (ပညာရေးအဆင့်အတန်း၊ ရပ်ရေးရွာရေးကိစ္စများတွင် ပူးပေါင်းပါဝင်မှု ၊အိမ်မှုကိစ္စလုပ်ငန်းများ၊ အရင်းအမြစ်များသုံးစွဲမှု၊ ရပ်ရွာတွင်းအကြမ်းဖက်မှုရှိ/မရှိ)
၂။ မေးခွန်းများမေးပြီး သက်ဆိုင်ရာ အကြောင်းအရာ တစ်ခုခြင်းစီကို စာရွက်တစ်ရွက်ပေါ်တွင်ရေးဆွဲစေရန် (သို့) ကိုယ်စားပြုပန်းချီရေးဆွဲပေးရန်။
၃။ စာရွက်အလယ်ဗဟိုတွင် အမှတ်သားတစ်ခုပြုလုပ်ပြီး အလယ်ဗဟိုမှ ဦးတည်ချက်အမျိုးမျိုးဖြင့် မျဉ်းကြောင်းရေးဆွဲပါ။ အမျိုးသမီးများရေးဆွဲထားသောပုံ (သို့) အကြောင်းအရာများရေးထားသော စာရွက်အား မျဉ်းကြောင်းထိပ်တွင်ထားပါ။ မျဉ်းကြောင်းတစ်ခုစီသည် အကြောင်းအရာတစ်ခုစီကို ကိုယ်စားပြုသည်။
၄။ မျဉ်းကြောင်းတစ်ကြောင်းချင်းစီတွင်(၀ မှ၁၀)အထိ စကေးသတ်မှတ်ပါ။ ( ၀ )သည်အနိမ့်ဆုံးနှင့် (၁၀)သည် အမြင့်ဆုံးဖြစ်သည်။
၅။ အမျိုးသမီးများ၏ အခြေအနေနှင့် အနေအထားကို သူတို့၏ အမြင်ပေါ်မူတည်ပြီး အမှတ်ပေးပါ။ မျဉ်းကြောင်းများအားလုံးပေါ်တွင် အမှတ်အသားပြုလုပ်ပြီး ထိုအမှတ်အသားအားလုံးကို အရောင်တစ်ခုနှင့် ချိတ်ဆက်ပါ။
၆။ ထို့နောက် အမျိုးသားများ၏အခြေအနေကိုလည်း အမျိုးသမီးများ၏ အမြင်ပေါ်အခြေခံပြီး ဆွေးနွေးပါ။ ထို့နောက်အမှတ်အသားများမှတ်သားပြီး မတူညီသောအခြားအရောင်နှင့် ချိတ်ဆက်ပေးပါ။
၇။ ဆွေးနွေးသောအကြောင်းအရာများကို မှတ်တမ်းတင်ထားပြီး အမျိုးသားနှင့်အမျိုးသမီးအခြေအနေကွဲပြားမှုကို သိရှိနိုင်ပြီး ဘာကြောင့်ကွာခြားနေရလဲ၊ အဓိကပြဿနာတွေကဘာတွေလဲ ဆိုတာ အစိတ်အပိုင်းတစ်ခုချင်းစီကို ဆွေးနွေးပါ။
၈။ အစီအစဉ်တွင်ပါဝင်သည့် အမျိုးသမီးများသည် ရပ်ရွာအတွင်းရှိ အမျိုးသမီးများအားလုံးကို ကိုယ်စားမပြုနိုင်ဘူးဆိုတာ သတိပြုပါ။ (ဥပမာအားဖြင့် အလွန်အမင်းဆင်းရဲသောသူများ၊ မသန်စွမ်းများ၊ အကန့်အသတ်ရှိသောသူများ မတက် ရောက်နိုင်ပါ) ထို့ကြောင့် အမျိုးသမီးများအားလုံးကိုယ်စား ဆွေးနွေးပေးဖို့လိုတယ်။

## ပင့်ကူအိမ်မြေပုံနမူနာပုံစံ




### ကျားမရေးရာလုပ်ငန်းစဉ်များတွင်ဆန်းစစ်သင့်သည့်အချက်များ

- အသက်(လူကြီး၊ လူငယ်၊ ကလေး) အိမ်ထောင်ရှိ/မရှိစသည့် အခြေအနေ အမျိုးမျိုးရှိသည့် အမျိုးသမီး၊ အမျိုးသားများ အနေဖြင့် သုံးသပ်ချက်များ လုပ်ဆောင်ရာတွင် ဘယ်လိုပါဝင်သလဲ။
- ဘယ်အရာတွေက အမျိုးသမီးများကိုထိခိုက်လွယ်စေသလဲ။
- အချိန်ကာလတွေနဲ့အမျှ အမျိုးသမီးတွေအနေနဲ့ ရင်ဆိုင်ရတဲ့ ပြောင်းလဲလာတဲ့ ထိခိုက်လွယ်မှုတွေက ဘာတွေလဲ။
- အမျိုးသမီးတွေအနေနဲ့ ရင်ဆိုင်နေရတဲ့ ထိခိုက်လွယ်မှုကို ဖြစ်ပေါ်စေတဲ့ နောက်ကွယ်ကအကြောင်းအရာတွေကဘာတွေလဲ။ (ဥပမာ- လူမှုရေးဆိုင်ရာယဉ်ကျေးမှု စံသတ်မှတ်ချက်များ၊ အရင်းအမြစ်များအပေါ် လက်လှမ်းမှီမှု စသည်ဖြင့်)
- ဘယ်အခြေအနေတွေက အမျိုးသမီးတွေအတွက် လုံခြုံမှု မရှိစေတဲ့ အနေအထားတွေကို ဖြစ်စေလဲ။ (ဥပမာ-သတင်းအချက်အလက်၊ ဖြေရှင်းမှု နည်းလမ်းများ၊ ပိုင်ဆိုင်မှု အစရှိသည်တို့ )
- အမျိုးသမီးတွေအတွက် မတူညီတဲ့ ထိခိုက်လွယ်မှု တွေက ဘာတွေလဲ။ (ဥပမာ-အရင်းမြစ်ပေါ်သုံးစွဲနိုင်မှုနှင့် ထိန်းချုပ်နိုင်မှု၊ အာဏာ၊ စီးပွါးရေး၊ သက်မွေးဝမ်းကျောင်းများ၊ ကျား/မဆိုင်ရာ သက်ရောက်မှု)
- အမျိုးသမီးတွေအနေနဲ့ အရင်းအမြစ်တွေကို ဘယ်လိုလက်လှမ်း မှီမှု (ထိမ်းချုပ်မှု)ရှိသလဲ။ ၄၉
- အခုအချိန်မှာ အမျိုးသမီးတွေက ဘာလို့ ထိခိုက်လွယ်တာလဲ။
- အနာဂါတ်မှာ အမျိုးသမီးတွေက ဘာကြောင့်ထိခိုက်လွယ်ဦးမှာလဲ။
- အမျိုးသမီးတွေအနေနဲ့ ထိခိုက်လွယ်မှုကို လျော့ချဖို့ နဲ့ ဖြေရှင်းဖို့ အတွက် လက်ရှိမှာဘယ်နည်းဗျူဟာတွေကို အသုံးပြုနေသလဲ။
- ဘေးအန္တရာယ်ရှိနေတဲ့ အခြေအနေမှာ အမျိုးသမီးတွေအနေနဲ့ ဘယ်နည်းဗျူဟာတွေကို အသုံးပြုနေသလဲ။

ကြာချိန် • • • (၁-၂) နာရီအတွင်း
အသုံးပြုမည့်ပစ္စည်းများ • • • အသင့်ပြင်ဆင်ထားသည့်မေးခွန်း၊ ဘောပင်၊ ခဲတံ၊ A4 စာရွက်များ၊ Flip Chart များ၊ ရောင်စုံ Marker Pen များ။
အသုံးပြုသည့်နည်းလမ်း • • • ပံ့ပိုးသူကဦးဆောင်၍ အပြန်အလှန်ဆွေးနွေးခြင်း။
ပါဝင်မည့်လူဦးရေ • • • ပံ့ပိုးသူ(က- ၊ မ- )၊ ရွာမှပါဝင်သူ (က- ၊ မ- )
ပြုလုပ်ပုံအဆင့်ဆင့် • • • မေးခွန်းနမူနာနှင့် ပြုလုပ်ပုံအဆင့်ဆင့်ကိုအောက်တွင် ဖော်ပြ ထားပါသည်။

# ပုံစံ ၁၂။ စွမ်းဆောင်ရည်ကို ခွဲခြားသုံးသပ်ခြင်း – ရပ်ရွာလူထုနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ

ရည်ရွယ်ချက်။ ။ရပ်ရွာအတွင်းဘေးအန္တရာယ်ကျရောက်သည့်အချိန်တွင်၊ ရပ်ရွာအတွင်းမှ သူများသည်ပျက်စီးဆုံးရှုံးမှုများ၊ ထိခိုက်မှုများအပေါ်တွင်ကိုင်တွယ်ဖြေရှင်းပုံနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ပုံတို့ကို မှတ်တမ်းပြုစုထားပြီး ရပ်ရွာတွင်းလူထုစွမ်းရည်ကို ကွဲပြားခြားနားစွာ သိမြင်နိုင်ရန်အတွက် စွမ်းဆောင်ရည်များအားဆန်းစစ်ခြင်းဖြစ်ပါသည်။

(၁)။ ရပ်ရွာလူထု၏ စွမ်းဆောင်ရည် မိသားစုနှင့် ရပ်ရွာပေါင်းသင်းဆက်ဆက်ဆံရေး ကောင်းမွန်ခြင်း ၊ ဖိစီးမှုနှင့် တုန်လှုပ်ချောက်ခြားမှု ပြင်းထန်ခြင်းအား ဖြေရှင်းနိုင်သည့်စွမ်းရည်။ လူမှုရေးဆိုင်ရာပံ့ပိုးကူညီမှု တည်ဆောက်ခြင်းနှင့် ဆက်သွယ်ချိတ်ဆက်ခြင်းများ ပါဝင်သည်။
(၂)။ ခေါင်းဆောင်မှုဘေးအန္တရာယ်မှ ပြန်လည်ရပ်တည်နိုင်ရန်နှင့် ပြန်လည်ထူထောင်နိုင်ရန် ရပ်ရွာသည် ကောင်းကောင်းဦးဆောင်နိုင်သည်။( အခြေခံဝန်ဆောင်မှုနှင့် တုံ့ပြန်မှုရှိသော အဖွဲ့အစည်းများအားလက်လှမ်းမှီသည်)
(၃)။ အခြေခံဝန်ဆောင်မှုများအားလက်လှမ်းမှီမှု (ကျန်းမာရေးနှင့်ပညာရေးစသည်ဖြင့်) အရေးတကြီးလိုအပ်နေသော အခြေခံလိုအပ်ချက်များအားပံ့ပိုးပေးခြင်း။
(၄)။ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် အစိုးရအဖွဲ့ အစည်းများ၏ တုံ့ပြန်မှုစီမံခန့် ခွဲမှု ပြုလုပ်သူများသည် အရေးကြီးသည်။
(၅)။ အသိပညာပေးခြင်းနှင့် နားလည်သဘောပေါက်ခြင်း၊ တစ်ဦးချင်း (သို့) အဖွဲ့ လိုက်၏စွမ်းရည် (ပတ်ဝန်းကျင်၏ပြောင်းအလဲမှုကို မောင်းနှင်နေမှုများနှင့် သင့်လျော်သောတုံ့ပြန်မှု၊ စိတ်ဓာတ်တက်ကြွစွာဖြင့် တုံ့ပြန်ဆောင်ရွက်ခြင်းများသည် တစ်ဦးချင်းနှင့် အဖွဲ့ လိုက်၏ စွမ်းရည်ကို ဖြည့်ဆည်းကူညီပေးရန် အရေးကြီးသည်။)
(၆)။သတင်းအချက်အလက်များကိုလက်လှမ်းမှီမှု ဆုံးဖြတ်ချက်ချမှတ်ရန် အတွက်ရာသီဥတု သတင်းအချက်အလက် အကူအညီလက်လှမ်းမှီခြင်း။

(၇)။ စည်းလုံးညီညွတ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းရပ်ရွာအတွင်းရှိအဖွဲ့ များ၊ ကော်မတီများအတွင်းရှိ အဖွဲ့ ဝင်များ၏ စည်းလုံးညီညွတ်စွာနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းသည် အရေးကြီးသည့် စွမ်းရည်များဖြစ်သည်။ (ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်း အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း အစီအစဉ်၊ ငွေစုငွေချေးအဖွဲ့ များ၊ ငွေကြေး (သို့) ပံ့ပိုးမှုပေးနိုင်သော ကွန်ယက်များအား လက်လှမ်းမှီခြင်း)
(၈)။ အရင်းအမြစ်၊ ငွေကြေး၊ လက်တွေ့ အသုံးပြုမှုနှင့် လူပုဂ္ဂိုလ်။

## ရည်ရွယ်ချက်

အောက်ပါမေးခွန်းများသည်လေ့ကျင်ခန်းပြုလုပ်ရန်အတွက် လမ်းညွှန်များဖြစ်သည်။

- ကျေးရွာတွင် အဓိကအသက်မွေးဝမ်းကျောင်းများက ဘာတွေလဲ။
- ရာသီဥတုဖောက်ပြန်မှု၊ ဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဘယ်လိုထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်နိုင်သလဲ။
- အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် ခံနိုင်ရည်စွမ်းပိုရှိပြီး အမျိုးအစားအမျိုးမျိုးဖြစ်အောင် ဘယ်လိုလုပ်ဆောင်နိုင်မလဲ။
- ရပ်ရွာအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကောင်ထည်ဖော်ဆောင်နိုင်ရန်အတွက် တားဆီးနေသော အရာတွေက ဘာတွေလဲ။
- ပြန်လည်ထူထောင်ရေးကာလများတွင် ခြားနားသော အသက်မွေးဝမ်းကျောင်းများကို ဘယ်လိုပြုလုပ်နိုင်သလဲ။ အချို့လေ့လာတွေ့ ရှိချက်များအရ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အုပ်စုများသည် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများထက် ပိုလျင်မြန်စွာ ပြန်လည်ထူထောင်နိုင်ကြသည်။
- ရပ်ရွာတွင်ရှိသောမိသားစုများသည် အရေးပေါ်ငွေကို လက်လှမ်းမှီရန်အတွက် ဘယ်လိုအခွင့်အလမ်းတွေရှိသလဲ။ ဘယ်လိုဆိုးကျိုးတွေ ရှိနေသလဲ။ ထိခိုက်လွယ်သော လူများအတွက် လိုအပ်သောအချိန်တွင် အရေးပေါ်ငွေများကို အချိန်မှီရနိုင်ရန်အတွက် ဘယ်လိုလုပ်ဆောင်နိုင်သလဲ။



အောက်ဖော်ပြပါဇယားတွင် စွမ်းဆောင်ရည်အားသာချက်နှင့် အားနည်းချက်များ၏ ဥပမာအချို့

| စွမ်းဆောင်ရည် အမျိုးအစား | အားသာချက်ဖြစ်သော စွမ်းဆောင်ရည်နမူနာ | အားနည်းချက်ဖြစ်သော စွမ်းဆောင်ရည်နမူနာ |
|---|---|---|
| လူမှုရေးနှင့် အဖွဲ့ အစည်းဆိုင်ရာ အရင်းအနှီး | မိသားစုနှင့် ရပ်ရွာစည်းလုံးညီညွတ်မှု အားကောင်းခြင်းနှင့် စိတ်ဖိစီးမှုဖြစ်ချိန်တွင် ပံ့ပိုးမှုပေးနိုင်သော ကွန်ယက်ရရှိမှုများ အားကောင်းခြင်း၊ ရပ်ရွာလိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ထားပြီး တုံ့ပြန်ကူညီပေးသောအဖွဲ့ အစည်းများရှိသည်။ | အိမ်များပျက်စီးသွားပါက ခိုလှုံရန်နေရာများ ဘေးလွတ်ရာသို့ ရွှေပြောင်းပေးမည့် အစီအစဉ် မထည့်တွက်ခြင်း။<br><br>ရပ်ရွာအတွင်း လိုအပ်ချက်ရှိနေသော မိသားစုဝင်များအတွက် ကူညီလုပ်ဆောင်ပေးမည့် အဖွဲ့ အစည်းများမရှိခြင်း။ |

### ရည်ရွယ်ချက်

ကျေးရွာတွင်ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်များ၏ ကြိမ်ရေနှင့် သက်ရောက်မှု အတိုင်းအတာတို့ကို ဖော်ထုတ်နိုင်ပြီး ရွာလူထု၏ အရင်းအမြစ်များနှင့်အသက်မွေးမှုတို့အပေါ်တွင် မည်သည့် ဘေးအန္တရာယ်ကပို၍ ပျက်စီးထိခိုက်မှု ဖြစ်စေသည်ကိုရှင်းလင်းစွာ သိမြင်နိုင်ပါသည်။

### ပါဝင်ခြင်း နှင့် အားလုံးပါဝင်ရန် အကြံပြုချက်

ကျေးရွာတွင်ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်များ၏ ကြိမ်ရေနှင့် သက်ရောက်မှု အတိုင်းအတာတို့ကို ဖော်ထုတ်နိုင်ပြီး ရွာလူထု၏ အရင်းအမြစ်များနှင့်အသက်မွေးမှုတို့အပေါ်တွင် မည်သည့် ဘေးအန္တရာယ်ကပို၍ ပျက်စီးထိခိုက်မှု ဖြစ်စေသည်ကိုရှင်းလင်းစွာ သိမြင်နိုင်ပါသည်။

## ပုံစံ ၁၃။ သတင်းအချက်အလက်နှင့် အသိပညာပေးမှုများကို ရရှိနိုင်မှု

### ရည်ရွယ်ချက်

သတင်းအချက်အလက် နှင့် ဆက်သွယ်ရေးလိုင်းများ ( ရေဒီယို၊ ရုပ်မြင်သံကြား၊ ကြိုတင်သတိပေးရေးနစ်များ) သည်ဘေးအန္တရာယ်များကို ပြင်ဆင်ရန် နှင့် တုံ့ပြန်ဆောင်ရွက်ရန် အတွက် အဓိကကျသည့် အချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်အဖွဲ့သည် ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် လိုင်းများကိုရပ်ရွာလူထုမှ ရရှိနေစေရန် ဂရုတစိုက် ဆောင်ရွက်ရန် အကြံပြုပါသည်။

### အသုံးပြုရန် လမ်းညွှန်

ဤလေ့ကျင့်ခန်းကို ကျေးရွာမှ သတင်းအချက်အလက်များ ဘယ်လို ရရှိနေသည်ကို နားလည်စေရန် ကျေးရွာအတွင်း ချိတ်ဆက်မှု ကွန်ယက်၊ Stakeholder mapping များအပါအဝင် အခြားနည်းကိရိယာများ ဖြင့်တွဲဖက်အသုံးပြုနိုင်သည်။

- သတင်းအချက်အလက်၊ ဆက်သွယ်ရေး အဓိကလိုင်းများက ဘာလဲ။ မည်သည့် ရေဒီယို၊ ရုပ်မြင်သံကြားလိုင်းများကို လူတွေ အသုံးများသလဲ။
- ရပ်ရွာမှ သတင်းအချက်အလက်ရရှိနိုင်မှု ဘယ်လိုရှိသလဲ။ ကြိုတင်သတိပေးခြင်း၊ မိုးလေဝသ/ ရာသီဥတုဆိုင်ရာ အချက်အလက်များ။
- နောက်ဆုံးရေကြီးသတင်း၊ မုန်တိုင်းသတင်းများ ပြည်သူကို ဘယ်လိုအသိပေးခဲ့သလဲ။
- ရပ်ရွာလူထုအတွက် ဘယ်လိုင်းက အထိရောက်ဆုံးသတင်း ပေးနိုင်မလဲ။ ရပ်ရွာအဖွဲ့ဝင်များ ကြားတွင် သတင်းအချက် အလက်ကို ဘယ်လိုအသိပညာပေးမလဲ။ အသိပညာပေးခြင်း၊ ရာသီဥတု အချက်အလက်များနှင့် အရေးပေါ်သတိပေးခြင်း။
- ထိခိုက်လွယ်သူများထံသို့ သတင်းအချက်အလက်များ အကောင်းဆုံး ဘယ်လိုရောက်ရှိနိုင်မလဲ။ သတင်းအချက် အလက်/ဆက်သွယ်ရေးသည် အိမ်ထောင်စုများမှ သူတို့၏ အသက်မွေးဝမ်းကြောင်းများနှင့် ရာသီဥတုလွန်ကဲမှုများ အတွက် ဘယ်လိုကာကွယ်ထားနိုင်မလဲ။

### ပါဝင်ခြင်းနှင့် အားလုံးပါဝင်ရန် အကြံပြုချက်

ကျေးရွာအတွင်းချိတ်ဆက်မှုကွန်ယက် လမ်းညွှန်ကို ကြည့်ပါ ။

### အကြံပြုကြာချိန်၊ ဦးဆောင်မည့်သူနှင့် လိုအပ်သည့်ပစ္စည်းများ

၄င်းသည် ပါဝင်ပတ်သက်သူများနှင့် ဆောင်ရွက်သူများ သတ်မှတ်ခြင်းလေ့ကျင့်ခန်းအဖြစ် ဆောင်ရွက်နိုင်ပြီး ထပ်ပေါင်းမေးခွန်းများ (သို့) လေ့ကျင့်ခန်းများဖြင့် ဖြည့်ဆည်းနိုင်သည်။

| ရပ်ရွာအဖွဲ့ဝင် | သူတို့ကိုနောက်ဆုံးမုန်တိုင်း/လွန်ကဲသည့် ဖြစ်ရပ်များအကြောင်းဘယ်လိုအသိပေးခဲ့သလဲ | သူတို့ ဘယ်လိုဆက်သွယ်ရေးနည်း/ လိုင်းကိုရရှိကြသလဲ |
|---|---|---|
| အမျိုးသား | | |
| အမျိုးသမီး | | |
| ကလေး | | |
| အခြားအုပ်စု (ရောဂါဖြင့် နေထိုင်သူများအုပ်စု၊ သက်ကြီးပိုင်းစသည်) | | |

# ပုံစံ ၁၄။ ဘေးဒဏ်ခံနိုင်ရန် လုပ်ဆောင်ရမည်များကို ဦးစားပေးအဆင့်သတ်မှတ်သည့် နည်းနာပုံစံများ

## ရည်ရွယ်ချက်

ရပ်ရွာလူထုထဲတွင်သတင်းအချက်အလက်ရယူပုံနှင့် ဖြန့်ဝေနည်းစနစ်ကိုသိရှိစေရန် ဖြစ်ပါသည်။ အကောင်အထည်ဖော်လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ ဆန်းစစ်ဇယား အကောင်အထည်ဖော် လုပ်ဆောင်ရမည့်လုပ်ငန်းများသည် ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် အဓိကထားသည်။

## အချက်အလက်များကိုယှဉ်တွဲ၍ အဆင့်သတ်မှတ်ခြင်း

၄င်းသည် တစ်ခုနှင့် တစ်ခုသတ်မှတ်ထားသည့် စံညွှန်းများနှင့် နှိုင်းယှဉ်ပြရန် ဖြစ်သည်။ အောက်ပါဇယားတွင် ပဋိပက္ခနှင့် ပတ်သက်သည့် စံညွှန်းသည် ပုံစံတစ်ခုဖြစ်နိုင်သည်။

| | အကောင်အထည်ဖော်မှု (လွယ်ကူစွာ) | အကောင်အထည်ဖော်မှု (ပုံမှန်) | အကောင်အထည်ဖော်မှု (ပုံမှန်) |
|---|---|---|---|
| အကျိုးရလာဒ် (မြင့်မား) | | | X |
| အကျိုးရလာဒ်(အသင့်အတင့်) | | | |
| အကျိုးရလာဒ်(နည်း) | | | |

| | အကောင်အထည်ဖော်မှု (လွယ်ကူစွာ) | အကောင်အထည်ဖော်မှု (ပုံမှန်) | အကောင်အထည်ဖော်မှု (ပုံမှန်) |
|---|---|---|---|
| အကျိုးရလာဒ် (မြင့်မား) | | | |
| အကျိုးရလာဒ်(အသင့်အတင့်) | X | | |
| အကျိုးရလာဒ်(နည်း) | | | |

ကြာချိန် .....
(၃၀) မိနစ်အတွင်း

အသုံးပြုမည့်ပစ္စည်းများ .....
အသင့်ပြင်ဆင်ထားသည့်မေးခွန်း၊
ဘောပင်၊ ခဲတံ။ A4 စာရွက်များ၊ Flip Chart များ၊
ရောင်စုံ Marker Pen များ။

အသုံးပြုသည့်နည်းလမ်း .....
ပံ့ပိုးသူမှ ဦးဆောင်၍ အပြန်အလှန်ဆွေးနွေးခြင်း။

ပါဝင်မည့်လူဦးရေ.....
ပံ့ပိုးသူ(က- ၊ မ- ) ၊ ရွာမှပါဝင်သူ (က- ၊ မ- )
ရပ်မိရပ်ဖများ၊ ယောက်ကျား၊ မိန်းမ၊ကလေး၊ မသန်စွမ်းသူများ ပါဝင်ရမည်။

ပြုလုပ်ပုံအဆင့်ဆင့် .....

## အသုံးပြုရန် လမ်းညွှန်

လုပ်ငန်းဆောင်ရွက်ချက်များကို ဘယ်ဘက်တွင်ရေးထားရမည်။ သုံးသပ်ရန် စံညွှန်းသတ်မှတ်ချက် များကိုရပ်ရွာက လူထုမှသာ ရွေးချယ်ပေးရမည်ဖြစ်သည်။

| | ရွေးချယ်မှု ၁ | ရွေးချယ်မှု ၂ | ရွေးချယ်မှု ၃ | ရွေးချယ်မှု ၄ |
|---|---|---|---|---|
| ရွေးချယ်မှု ၁ | | ရွေးချယ်မှု ၂ | ရွေးချယ်မှု ၃ | ရွေးချယ်မှု ၄ |
| ရွေးချယ်မှု ၂ | | | ရွေးချယ်မှု ၂ | ရွေးချယ်မှု ၂ |
| ရွေးချယ်မှု ၃ | | | | ရွေးချယ်မှု ၃ |
| ရွေးချယ်မှု ၄ | | | | |

အသုံးပြုရန် စံညွှန်းသတ်မှတ်ထားသည့် လမ်းညွှန်များကို LAPA လမ်းညွှန်စာအုပ်တွင် တွေ့ရှိနိုင်သည်။ ထပ်မံပြုလုပ်ထားသော ပဋိပက္ခဆိုင်ရာ စံညွှန်းများကို ထပ်မံဖြည့်စွက်နိုင်သည်။

## ရပ်ရွာအခြေပြု အကျိုးအမြတ်အတွက် ဆန်းစစ်လေ့လာချက်

ရပ်ရွာလူထုဦးဆောင်သည့် ဤစနစ်သည် အခြားနည်းပညာအကူအညီမပါပဲ စီးပွားရေး၊ စီးပွားရေးမဟုတ်သည့် အကျိုးအမြတ်များကို တွက်နိုင်သည်။ အသုံးပြုရန် လမ်းညွှန်ချက်များကို LAPA လက်စွဲစာအုပ်တွင်တွေ့ရှိနိုင်ပြီး အောက်ပါအဆင့်များပါဝင်ပါသည်။

အဆင့် ၁ ။ ။ ရွေးချယ်ခြင်း

အဆင့် ၂။ ။ ကုန်ကျစရိတ် နှင့် အကျိုးအမြတ်ဆန်းစစ်ခြင်း။ အောက်ပါဇယားတွင် နီပေါလ်နိုင်ငံမှ နမူနာဖော်ပြထားပါသည်။

အဆင့် ၃။ ။ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များကို တန်ဖိုးထားခြင်းနှင့် အမှတ်ပေးခြင်း။ အမှတ်ပေးစနစ်များသည် ရပ်ရွာလူထုအားလုံး သဘောတူညီထားရမည်ဖြစ်ပြီး စီမံချက်ဝန်ထမ်းများမှ ဦးဆောင်ဆွေးနွေးရမည်။ ရပ်ရွာလူထု၏ လိုအပ်ချက်ပေါ်မူတည်ပြီး ၄င်းသည် ရိုးရှင်းနိုင်သကဲ့သို့ ပိုမိုရှုပ်ထွေးနိုင်သည်။

ဇယားကွက် (၉) တွင် အမှတ်ပေးမှုဘောင်ကို ဥပမာပေးထားပါသည်။ ၄င်းတွင် ကုန်ကျစရိတ်အနည်းဆုံးသည် အမှတ်အများဆုံးရရှိပြီး အကျိုးအမြတ်အရှိဆုံးသည်လည်း အမှတ်အများဆုံးရရှိထားသည်။ ကွင်းဆင်းဆောင်ရွက်သူများသည် ယင်းစည်းမျဉ်းများကိုသတိပြုရမည်။ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ပေါင်းချုပ်ကို ပေါင်းထည့်ပြီးအမှတ်အများဆုံးကို ဦးစားပေးဆောင်ရွက်အဖြစ် ရွေးချယ်ရမည်ဖြစ်သည်။

| လိုက်လျောညီထွေ လုပ်ငန်း | ကုန်ကျစရိတ် | | |
|---|---|---|---|
| | စီးပွားရေး | လူမှုရေး/ပဋိပက္ခ | ပတ်ဝန်းကျင် |
| Gabion နံရံ | ဘိလပ်မြေ ၊ သဲ၊ ကျောက် ကျွမ်းကျင်လုပ်သားများ၊ သာမန်လုပ်သားများ၊ | အိမ်နီးချင်းများနှင့် ပြဿနာ ဖြစ်နိုင် | မရှိ |
| | အကျိုးအမြတ် | | |
| | စီးပွားရေး | လူမှုရေး | ပတ်ဝန်းကျင် |
| | အိမ်ထောင်စု ဖိဖိစု ရေကြီး ရေလျှံ ခြင်းမှ ကာကွယ်ပေး | လူမှုရေးအရစည်းလုံးမှု မြင့်တက် | - ဝါးပင်များ<br>- မြေဆီလွှာထိန်းသိမ်းခြင်း |

## နည်းကိရိယာ၏ ရလဒ်

| ကုန်ကျစရိတ် | | | အကျိုးအမြတ် | | |
|---|---|---|---|---|---|
| | ဖော်ပြချက် | ပေးမှတ် | | ဖော်ပြချက် | ပေးမှတ် |
| စီးပွားရေး | ကုန်ကျစရိတ်နည်း ဒေါ်လာ ၅၀၀အောက် | ၃ | စီးပွားရေး | စီးပွာရေးအကျိုးအမြတ်မြင့်သည်။ ရပ်ရွာလူထုပိုင် အဆောက်အအုံ/ပစ္စည်းများကာကွယ်ပေးသည်။ ဆုံးရှုံး၊ ထိခိုက်မှု ကာကွယ်ပေးသည်။ ထိရောက်သည့် စုဆောင်းမှု (သို့) အခြားစီးပွားရေး အရာထည့်ဝင်မှုများရှိသည်။ | ၃ |
| | ကုန်ကျစရိတ် အလယ်အလတ် ဒေါ်လာ ၅၀၁ - ၁၀၀၀ | ၂ | | စီပွားရေးအကျိုးအမြတ် အလယ်အလတ်ရှိသည်။ ရပ်ရွာလူထုပိုင် အဆောက်အအုံ/ ပစ္စည်းများ ကာကွယ်ပေးသည်။ ဆုံးရှုံးမှု ၊ ထိခိုက်မှု များ လျော့ချပေးသည်။ ထိရောက်သည့် စုဆောင်းမှုနှင့် စီပွားရေးအရာ ထည့်ဝင်မှုရှိသည်။ | ၂ |
| | ကုန်ကျစရိတ် မြင့် ဒေါ်လာ ၁၀၀၀ အထက် | | | စီးပွားရေးအကျိုးအမြတ်နည်း (သို့) မရှိ။ ရပ်ရွာလူထုပိုင် အဆောက်အအုံ/ပစ္စည်းများ ကာကွယ်ပေးမှု ရှိသည်။ | ၁ |
| ပတ်ဝန်းကျင် | ပတ်ဝန်းကျင် အကျိုး မြင့်မား | ၃ | ပတ်ဝန်းကျင် | ပတ်ဝန်းကျင် ထိန်းသိမ်းမှု မြင့်မား | ၃ |
| | ပတ်ဝန်းကျင် အကျိုး အလယ်အလတ် | ၂ | | ပတ်ဝန်းကျင် ထိန်းသိမ်းမှု အလယ်အလတ် | ၂ |
| | ပတ်ဝန်းကျင် အကျိုး နည်း | ၁ | | ပတ်ဝန်းကျင် ထိန်းသိမ်းမှု မရှိ | ၁ |
| လူမှုရေး | လူမှုရေးအရစည်းလုံးမှု (သို့) ပဋိပက္ခ ကာကွယ်မှု မြင့်မား | ၃ | လူမှုရေး | လူမှုရေးအရစည်းလုံးမှု၊ ထောက်ပံ့ပေးမှုနှင့် ကွန်ယက်များကိုပံ့ပိုးပေးခြင်း မြင့်သည်။ လူအများအပေါ်သက်ရောက်မှု ရှိနေသည့် ပဋိပက္ခ အခြေအနေများလျော့နည်း | ၃ |
| | လူမှုရေးအရစည်းလုံးမှု (သို့) ပဋိပက္ခ | ၂ | | လူမှုရေးအရစည်းလုံးမှု၊ ထောက်ပံ့ပေးမှုနှင့် ကွန်ယက်များကိုပံ့ပိုးပေးခြင်း အလယ်အလတ် ရှိသည်။ လူအများအပေါ်သက်ရောက်မှု ရှိနေသည့် ပဋိပက္ခ အခြေအနေများလျော့နည်း။ | ၂ |
| | လူမှုရေးအရစည်းလုံးမှု မရှိ | ၁ | | လူမှုရေးအရစည်းလုံးမှု၊ ထောက်ပံ့ပေးမှုနှင့် ကွန်ယက်များကိုပံ့ပိုးပေးခြင်းမရှိ (သို့) နည်းပါးသည်။ လူအများအပေါ်သက်ရောက်မှု ရှိနေသည့် ပဋိပက္ခ အခြေအနေများလျော့နည်း။ | ၁ |

| ကုန်ကျစရိတ် | | | အကျိုးအမြတ် | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | ဖော်ပြချက် | ပေးမှတ် | | ဖော်ပြချက် | ပေးမှတ် | |
| အရေးပေါ်ရွှေ့ပြောင်းရန်အတွက် တံတားလမ်းဆောက်လုပ်ခြင်းလုပ်ငန်း | | | | | | |
| စီးပွားရေး | ဆောက်လုပ်ရေးအတွက် ကုန်ကျစရိတ်မြင့် | ၁ | စီးပွားရေး | စီးပွားရေးအကျိုးအမြတ် | ၂ | |
| ပတ်ဝန်းကျင်/ ဘေးဒဏ်ခံနိုင်မှု | မြစ်ကမ်းပါးအသုံးပြုမှု ပြောင်းလဲခြင်းကြောင့် ပတ်ဝန်းကျင်ပေါ် အကျိုးသက်ရောက်မှု ရှိ | ၂ | ပတ်ဝန်းကျင် | ရပ်ရွာလူထုမှ အမြန်ရွှေ့ပြောင်း နိုင် | ၂ | |
| လူမှုရေး | လူမှုရေးကုန်ကျစရိတ် ကန့်သတ်မှု ရှိ | ၁ | လူမှုရေး | လူမှုရေးအကျိုးအမြတ် မြင့်မား ရပ်ရွာလူထုအတွက် အကျိုးအမြတ်များ | ၂ | |
| စုစုပေါင်း | | ၄ | | | ၆ | ၁၀ |
| လုပ်ငန်း ။ ရပ်ရွာလူထုစိုက်ခင်းများကာကွယ်ရန် ဒီရေတောပင်များ ပြန်လည်စိုက်ပျိုးခြင်း ။ | | | | | | |
| စီးပွားရေး | ကုန်ကျစရိတ်နည်း | ၃ | စီးပွားရေး | ဒီရေတောပင်များမှ သစ်မာမဟုတ်သည့် သစ်များထုတ်ယူသုံးစွဲနိုင် | ၂ | |
| ပတ်ဝန်းကျင်/ ဘေးဒဏ်ခံနိုင်မှု | ပတ်ဝန်းကျင် ထိခိုက်မှု မရှိ | ၃ | ပတ်ဝန်းကျင် | မုန်တိုင်းဒီရေဒဏ်မှ ကာကွယ်ပေးခြင်း | ၃ | |
| လူမှုရေး | | ၂ | လူမှုရေး | လူအများအပြားအကျိုးရရှိ | ၂ | |
| စုစုပေါင်း | | ၈ | | | ၇ | ၁၅ |

## ဗဟုစံနှုန်းများသုံးကာခွဲခြမ်းသုံးသပ်ခြင်း

ဤနည်းကိရိယာသည် လိုက်လျောညီစွာ နေထိုင်ရန် မတူညီသည့်ရွေးချယ်မှုများ၏ အရည်အသွေးနှိုင်းယှဉ်မှု ပြုရန် အထောက်အပံ့ပြုသည်။ အများအပြား ပူးပေါင်းပါဝင်မှုနှင့် အများသဘောဆန္ဒသည် စံညွှန်းများရွေးချယ်ခြင်းနှင့် အမှတ်းပေးရာတွင် အရေးကြီးသည်။ (အောက်တွင်ဖော်ပြထားသော) ပူးပေါင်းပါဝင်မှုဖြင့် ကုန်ကျစရိတ်နှင့် အကျိုးအမြတ် ဆန်းစစ်ချက် ရလဒ်များတွင် ရွေးချယ်မှုများကို ဦးစားပေးဆောင်ရွက်ရန်အတွက် ဗဟုစံနှုန်းများအသုံးပြုပြီး ခွဲခြမ်းသုံးသပ်ခြင်းတစ်ခုအဖြစ် ပါဝင်နိုင်သည်။ အမှတ်များပေးရာတွင် ဆုံးဖြတ်ချက် ချမှတ်စဉ်အတွင်း ဆွေးနွေးမှုများသည် အလွန် အရေးကြီးပြီး ၎င်းတို့ကို မှတ်တမ်းပြုစုထားသင့်ပါသည်။ နီပေါနိုင်ငံမှ နမူနာတစ်ခုကို အောက်တွင်ဖော်ပြထား ပါသည်။ အလုပ်မစခင်တွင် ရပ်ရွာလူထုအဖွဲ့ဝင်များသည် စံညွှန်းများကိုအားလုံးသဘောတူထားပြီး ဖြစ်ရမည်။

## နည်းကိရိယာကိုအသုံးပြုရန် လမ်းညွှန်ချက်

အကြံပြုလုပ်ငန်းများကို ဇယားကွက်၏ ဘယ်ဘက်တွင် ရေးချသင့်သည်။ ထို့နောက် ရပ်ရွာလူထုသည် သူတို့ တိုင်းတာလိုသည့် စံညွှန်းကိုရွေးချယ်ရမည်။ စံညွှန်းတွင် အောက်ပါတို့ပါဝင်ရမည်။ သို့ရာတွင် ၎င်းတို့ချည်းသာ ပါဝင်ရမည်ဟု မဆိုလိုပါ။

- ကျား/မရေးရာ မျှတမှု
- ထိခိုက်လွယ်မှု အရှိဆုံးသူတို့ပေါ် သက်ရောက်မှု/ အထူးသဖြင့် ကလေးငယ်များ
- ပဋိပက္ခ ဖြစ်နိုင်မှု အခြေအနေ
- ကုန်ကျစရိတ် /အကျိုးအမြတ် အချိုး

အမှတ်များကိုစံညွှန်းတစ်ခုခြင်းစီအလိုက် လျာထားရန် လိုအပ်သည်။ အမှတ်ပေးရာတွင် ဘက်လိုက်မှု ၊ ပုဂ္ဂိုလ်ရေးအယူအဆတို့ မရှိစေရန် အတွက် ရေးသားထားသည့် အမှတ်ပေးစည်းမျဉ်းများ ပေးခြင်းသည် အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်သည်။ အမှတ်တန်ဖိုးများနှင့် အမှတ်၏အဓိပ္ပာယ်များကို သဘောတူညီမှုထားရမည်။ ဥပမာ ၁ မှ ၁၅ မှတ် ။

စုစုပေါင်းသည် လုပ်ငန်း၏အားသာချက်များကို ဖော်ပြနိုင်ရမည်။ အမှတ်များပေးရာတွင် ဆုံးဖြတ်ချက်ချမှတ်စဉ်အတွင်းဆွေးနွေးမှုများသည် အလွန်အရေးကြီးပြီး ၎င်းတို့ကို မှတ်တမ်းပြုစုထားသင့်ပါသည်။ ဥပမာတစ်ခုကိုအောက်တွင် ဖော်ပြထားပါသည် ။ အလုပ်မစခင်တွင် ရပ်ရွာလူထု အဖွဲ့ဝင်များသည် စံညွှန်းများကို အားလုံးသဘောတူထားပြီး ဖြစ်ရမည်။

နည်းကိရိယာ၏ ရလဒ်

| လုပ်ငန်း | စံညွှန်း | | | | စုစုပေါင်း |
|---|---|---|---|---|---|
| | ရလဒ်/စရိတ် ပေးမှတ် | ကျား‌မ မျှတမှု | လက်လှမ်းမှီမှုဆင်းရဲ/ထိခိုက်လွယ်/ကလေးများ | ပဋိပက္ခ ဆိုင်ရာ အသိအမြင်ရှိခြင်း | |
| စိုက်ပျိုးမြေအရင်းအမြစ်များအတွက် ကာကွယ်ရန် ဒီရေတောပင်များ | ၁၅ | ၃ (အနီးရှိရွာများ မှ ထင်းရယူနိုင်) | ၃ (ရေရရှိရန် သေချာစေ) | ၃ (ရပ်ရွာလူထုပဋိပက္ခ ဖြစ်နိုင်မှု နည်းပါး ) | ၂၄ |
| အရေးပေါ်ရွှေ့ပြောင်းရန် တံတား | ၁၀ | ၃ (အမျိုးသမီးများနှင့် ကလေးများအတွက် ရွှေ့ပြောင်းရန် ပို၍လွယ်ကူ) | ၁ ( ဆင်းရဲသားများမတတ်နိုင်) | ၃ (ပဋိပက္ခကိုမဆိုးရွားနိုင်ပါ) | ၁၇ |

ဇယား ၆ ။ ဗဟုစံနှုန်းများသုံးကာ ခွဲခြားသုံးသပ်ခြင်းအချုပ်။ နီပေါနိုင်ငံမှ နမူနာယူပြုစုထားသည်။

ထိခိုက်လွယ်မှု ရလဒ် သုံးသပ်ချက်

| လုပ်ငန်း | အမျိုးသမီးများ၊ ကလေးများ၊ ထိခိုက်လွယ်မှုမြင့်သော အုပ်များကိုတိုက်ရိုက်/သွယ်ဝိုက်ပြီးထိခိုက်နိုင်သလား | လုပ်ငန်းတွင် အမျိုးသမီးများ၊ ကလေးများ၊ နှင့် ထိခိုက်လွယ်မှုမြင့်သည့် အဖွဲ့များ ပါဝင်နိုင်သလား | ကလေးများလုံခြုံမှု ထိခိုင်နိုင်သလား | ပေးမှတ်/ အကြံပြုချက် |
|---|---|---|---|---|
| ၁။ ရပ်ရွာလူထုအစမ်းလေ့ကျင့်ခန်း | | | | |
| ၂။ ကျေးရွာတွင် သောက်ရေကန် ထပ်မံဆောက်လုပ်ခြင်း | | | | |
| ၃။ VSLA | | | | |
| ၄။ ဘေးဒဏ်ခံနိုင်သည့် စိုက်ပျိုးစနစ်၊ နည်းပညာများအတွက် လယ်သမားများသတင်းပေးခြင်း | | | | |
| ၅ ။ ကျေးရွာဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီမှ ရာသီဥတုနှင့် မိုးလေဝသသတင်း အချက်အလက်များ ပုံမှန်ရရှိ | | | | |

# ပုံစံ ၁၅။ ပတ်ဝန်းကျင်အခြေအနေကို စစ်ဆေးခြင်း

ရည်ရွယ်ချက်

စီမံကိန်းဝင်ရွာများအနေဖြင့်မိမိတို့၏ ပတ်ဝန်းကျင်ရှိသဘာဝ အရင်းအမြစ်များကို ထုတ်ယူအသုံးပြုရာတွင် ထိန်းသိမ်းမှု ဆိုင်ရာနည်းဥပဒေသ ဆောင်ရန်/ရှောင်ရန်များကို သိရှိ နားလည်စေရန်နှင့် လိုက်နာဆောင်ရွက်စေရန်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုမရှိပါက သစ်တော ပြုန်းတီးခြင်း၊ လောင်စာဆီများအလွန်အကျွံသုံးစွဲခြင်းကြောင့် လေထုညစ်ညမ်းခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း စသည့် ဘေးထွက်ဆိုးကျိုးများကို ဖြစ်ပေါ်နိုင်ကြောင်းကို ကောင်းစွာ သိရှိနားလည်စေရန်ဖြစ်ပါသည်။ နမူနာဇယားတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ ဆောင်ရန်/ ရှောင်ရန်အချက်အလက်များ ပါဝင်ပါသည်။

ကြာချိန် (၃၀) နာရီအတွင်း ။

အသုံးပြုမည့်ပစ္စည်းများ ။
အသင့်ပြင်ဆင်ထားသည့်မေးခွန်း၊ ဘောပင်၊ ခဲတံ။

အသုံးပြုသည့် နည်းလမ်း ။
ပံ့ပိုးသူမှ ဦးဆောင်၍ အပြန်အလှန်ဆွေးနွေး ခြင်း။

ပါဝင်မည့်လူဦးရေ ။
ပံ့ပိုးသူ(က- ၊ မ-) ၊ ရွာမှပါဝင်သူ (က- ၊ မ-)

ပြုလုပ်ပုံအဆင့်ဆင့် ။
မေးခွန်းနမူနာနှင့်ပြုလုပ်ပုံအဆင့်ဆင့်ကို အောက်တွင်ဖော်ပြ ထားပါသည်။ ပူးတွဲပါ စာရွက် တွင် နမူနာဇယားပုံစံကို ဖော်ပြထားပါသည်။

## နမူနာဇယားပုံစံ

| စီမံကိန်းအမည်/ နေရာ | အသက်မွေးဝမ်းကျောင်းများကို | |
|---|---|---|
| စီမံကိန်းအကြောင်းအကျဉ်း | | |
| ပတ်ဝန်းကျင်ဆိုင်ရာဖြပ်စင်များ | ရှိ | မရှိ |
| သဘာဝပတ်ဝန်းကျင် | | |
| စီမံကိန်းသည် တရားဥပဒေအရ အကာကွယ်ပေးထားသောဧရိယာအတွင်း (သို့) အနီးအနား (သို့) ယင်းသို့ သတ်မှတ်သင့်သည့် နေရာများတွင် ဆောင်ရွက်နေရပါသလား။ | | |
| စီမံကိန်းလုပ်ဆောင်မှုသည်အပင်၊ သက်ရှိမျိုးစိတ်တွေကိုအကျိုးသက်ရောက်မှုရှိသလား။ | | |
| စီမံကိန်းသည်မူလသစ်တော၊ လူလုပ်သောသစ်တော၊ခြံမြေ၊ စိုစွတ်သောမြေ၊ ဒီရေတောမြေ အနီးအနားမှာရှိနေလား။ | | |
| စီမံကိန်းလုပ်ဆောင်မှုသည် ဘေးဒဏ်ခံနိုင်မှုကိုဖြစ်စေသော သစ်တောပြုန်းတီးမှုနှင့် သဘာဝအလေ့အထကို ခေါင်းပုံဖြတ်နေသလား။ | | |
| စီမံကိန်းလုပ်ဆောင်မှုသည် သစ်တောကနေ သစ်တောမဲ့လုပ်ဆောင်မှုအားဖြင့် သစ်တောဆုံးရှုံးအောင် လုပ်နေသလား။ | | |
| စီမံကိန်းလုပ်ဆောင်မှုသည် တိကျသောပထဝီအနေအထား ပြောင်းလဲမှုလုပ်နေသလား။ | | |

| | | |
|---|---|---|
| စီမံကိန်းအစီအစဉ်များ တိုးတက်မှုအတွက် ဟင်းသီးဟင်းရွက်ပင်နှင့် သစ်သီးဝလံပင်များကို ရှင်းလင်းသလိုဖြစ်နေသလား။ | | |
| စီမံကိန်း၏လုပ်ဆောင်မှုသည် အပင်များမီးရှို့ခြင်းနှင့် စိုက်ပျိုးနယ်မြေသစ်များအတွက်တိုးတက်မှုကို လျော့ကျစေသလား။ | | |
| စီမံကိန်းသည် အခြားမှလာသော မျိုးစိတ်များနှင့် အဆင်ပြေနေသော သဘာဝသက်ရှိစနစ်ကို ဖျက်စီးနေသလား။ | | |
| ပင်လယ်နှင့် ရေနေ ဇီဝသက်ရှိများပေါ်တွင် သက်ရောက်မှု ရှိပါသလား။ | | |
| **ရှေးဟောင်းအမွေအနှစ်များ** | | |
| စီမံကိန်းသည် သမိုင်းနှင့်ဆိုင်သော ရှေးဟောင်းသုတေသန နယ်မြေဥပဒေအရ တားမြစ်နယ်မြေအနားမှာရှိနေလား။ | | |
| စီမံကိန်းသည် ရှေးဟောင်းမြို့များအဖြစ်ဖေါ်ပြသော ကမ္ဘာ့အမွေအနှစ်အဖြစ်ရှိနေလား။ | | |
| စီမံကိန်းလုပ်ဆောင်မှုသည် ဘာသာရေးဆိုင်ရာအဖွဲ့အစည်း၊ ဘုန်းတော်ကြီးနယ်မြေ၊ ဘုရားကျောင်းတွေကို ပျက်စီးစေသလား။ | | |
| လူတွေရဲ့သုသာန်တွေကို အနှောက်အယှက်ပေးနေသလား။ | | |
| စီမံကိန်းလုပ်ဆောင်မှုသည် ထင်ရှားသောနေရာ၊ အဆောက်အဦး၊ သတ်မှတ်ထားသော အမျိုးသားအမွေအနှစ်တွေကို အကျိုးသက်ရောက်စေသလား။ | | |
| စီမံကိန်းလုပ်ဆောင်မှုသည် ယဉ်ကျေးမှု၊ အသက်ရှင်မှုပုံစံ၊ လူနည်းစုတိုင်းရင်းသားတွေရဲ့ပုံစံကို ပြောင်းလဲစေသလား။ | | |
| **ညစ်ညမ်းမှုများမှ ကာကွယ်ခြင်း** | | |
| စီမံကိန်းလုပ်ဆောင်မှုများသည် မြစ်ကမ်း၊ စမ်းချောင်းဘေးတွင် လုပ်ဆောင်နေသလား။ | | |
| စီမံကိန်းသည် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ ဓာတုပစ္စည်းသုံးပြီး စီမံကိန်းဖွံ့ဖြိုးဖို့အတွက်လုပ်ပြီး ရေထုနှင့်မြေထုကို ထိခိုက်စေသလား။ | | |
| စီမံကိန်းလုပ်ဆောင်မှုသည် အဆောက်အဦးဆောက်ခြင်းမှ ဆူညံသံ၊ အသေးစားရေကာတာ၊ နံရံလုပ်ဖို့ အသုံးပြုသောပစ္စည်းများသုံးခြင်း။ | | |
| စီမံကိန်းလုပ်ဆောင်မှုများသည် မြေအောက်ရေ အရင်းအမြစ်များကို သုံးပြီး ရေကိုလျော့နည်းစေခြင်း။ | | |
| စီမံကိန်းလုပ်ဆောင်ချက်သည် ဒဏ်ခံနိုင်စွမ်းကိုလုပ်ရင်း ဖုန်မှုန့်များကို ထုတ်လွှင့်နေသလား။ | | |
| စီမံကိန်းသည် ဒီဇယ်အင်ဂျင်များကို သုံးနေသလား။ | | |

| | | |
|---|---|---|
| စီမံကိန်း၏ လုပ်ဆောင်မှုများသည် ပတ်ဝန်းကျင်တွင်၊ ညစ်ညမ်းမှုများကို ဖြစ်ပေါ်စေပါသလား။ | | |
| စီမံကိန်းလုပ်ဆောင်မှုနှင့် ပတ်သက်နေသော စွန့်ပစ်ပစ္စည်းအညစ်အကြေးများသည် ပတ်ဝန်းကျင်ရှိလူများ၏ ကျန်းမာရေးကို ထိခိုက်စေပါသလား။ | | |
| လူမှုပတ်ဝန်းကျင် | | |
| စီမံကိန်းလုပ်ဆောင်မှုကြောင့်၊ လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ အစီအစဉ်များ၊ နည်းဗျူဟာများ၊ ထိခိုက်မှု ဖြစ်စေပါသလား။ | | |
| စီမံကိန်းလုပ်ဆောင်မှုကြောင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ လူနေမှုပုံစံ၊ လုံခြုံမှု၊ စုစည်းမှုတို့ကို ထိခိုက်မှုဖြစ်စေပါသလား။ | | |
| စီမံကိန်းလုပ်ဆောင်မှုကြောင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းရှိ ထိခိုက်လွယ်သော အုပ်စုများကိုထိခိုက်မှု များဖြစ်စေပါသလား။ | | |
| ပုံမှန်လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်း | | |
| စီမံကိန်းလုပ်ဆောင်မှုကြောင့် လူမှုပတ်ဝန်းကျင်ရှိ သဘာဝအရင်းအမြစ်များကို ပိုမိုကောင်းမွန်စေပါသလား။ | | |
| စီမံကိန်းလုပ်ဆောင်မှုကြောင့် ရေဆိုးမြောင်းစနစ်များ၊ ပြည်သူပိုင်ပစ္စည်းများကို ပိုမိုကောင်းမွန်စေပါသလား။ | | |
| စီမံကိန်းလုပ်ဆောင်မှုကြောင့် အများပြည်သူနှင့်လုပ်ဆောင်သည့် ဝန်ထမ်းများအတွက် ပိုမိုကောင်းမွန်ပါသလား။ | | |
| စီမံကိန်းလုပ်ဆောင်မှုကြောင့်၊ ရှိရင်းစွဲ သဘာဝပတ်ဝန်းကျင်ရင်းမြစ်များအတွက် ပိုမိုကောင်းမွန်လာမည်ဟု ထင်ပါသလား။ | | |
| သဘာဝပတ်ဝန်းကျင်ဆန်းစစ်မှုရလာဒ်များကို ပြန်လည်သုံးသပ်စစ်ဆေးပြီး ၊ ဆောင်ရန်/ ရှောင်ရန် နည်းဥပဒေသဖြင့် ပြန်လည်၍ တိုင်းတာပါ။ | | |



# ပုံစံ ၁၆။ ပဋိပက္ခကို စစ်ဆေးခြင်း

## Do No Harm မှု

Do No Harm မှုကို BRACED Beda Alliance မိတ်ဖက်အဖွဲ့ အစည်းများမှ ပြုစုခဲ့သည်။ ၎င်းကို စီမံခန့်ခွဲမှုများ ပြုစုခြင်းနှင့် အကောင်ထည်ဖော် ဆောင်ရွက်နေစဉ် ကာလအတွင်းတွင် အရေးကြီးသော ပဋိပက္ခဖြစ်နိုင်သည့် အခန်းကဏ္ဍကိုထည့်သွင်း စဉ်းစားစေနိုင်ရန်အတွက် ပံ့ပိုးပေးမည့် နည်းကိရိယာဖြစ်သည်။ စီစစ်ရန် စာရင်းသည် ပြည့်စုံမှု မရှိ၊ ပဋိပက္ခစစ်တမ်းကောက် ယူမှု(သို့) ဌာနတွင်းသုံးမှုများ မပါဝင်သော်လည်း ၎င်းတို့၏ လိုအပ်ချက်ကို အထူးပြုဖော်ပြထားသည်။ ထို့အပြင် ပဋိပက္ခ ဆိုင်ရာအသိရှိခြင်းသည် မှန်သည်၊ မှားသည်မေးခွန်းများထက် ပိုမိုသည်။ ပဋိပက္ခ နှင့် တင်းမာမှုများသည် အများအားဖြင့် အဖွဲ့တို့၏ အင်းအားစုပေါ်တွင် မူတည်သည်။၎င်းတွင် စီစစ်ရန် စာရင်းကို အသုံးပြုသူတို့မှ အယူအဆကို (သင်တန်းများမှ တဆင့်) နားလည်ရန်၊ အရေးကြီးပြီးစီစစ်ရန်၊ စာရင်းကိုထပ်မံ ဆွေးနွေးရန်တို့အတွက် အသုံးပြုနိုင်သည်။

၁။ ပဋိပက္ခ အခြေအနေကို ရှာဖွေဖော်ထုတ်ခြင်း။
ခွဲခြားသူများနှင့် ပေါင်းစည်းသူများစီစစ်ချက်၊ ထို့အပြင်ဆောင်ရွက်သူ စီစစ်လေ့လာချက်များသည်လည်း အဓိကအပိုင်းများတွင် ပါဝင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့် အကြောင်းအရာကို နားလည်ရန် ပထမအဆင့်များဖြစ်သည်။

၂။ အကြောင်းအရာနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုကြားဆောင်ရွက်မှု
ဤအပိုင်းသည် အကြောင်းအရာနှင့် အကောင်ထည်ဖော်ဆောင်ရွက်မှု အကြား ဘယ်လိုဆက်စပ်မှုရှိသည်ကို ကြည့်ရှုလေ့လာသည်။ ဆိုးရွားသည့်အခြေအနေတွင် ရှားပါးသည့်အရင်းအမြစ်များဖြင့် သတ်မှတ်ပြီး မည်သည့်စီမံကိန်းမဆို ရပ်ရွာလူထု၊ အုပ်စုများ (သို့) တစ်ဦးတစ်ယောက်အကြားတွင် တင်းမာမှုကိုဖြစ်စေနိုင်သကဲ့သို့ ရပ်ရွာအတွင်းတွင် အပြုသဘောဆောင်သည့် ကဏ္ဍများလည်း  တိုးတက်လာနိုင်သည်။ ၎င်းအချိန်တွင် အဖွဲ့အစည်း/ဆောင်ရွက်မှုတစ်ခုစီသည် ၎င်းသည် အကြောင်းအရာနှင့် မည်သို့ချိတ်ဆက်ပုံကို နားလည်ထားရန်လိုအပ်သည်။

| ပဋိပက္ခဆိုင်ရာအသိရှိခြင်းမေးခွန်းများ/ စိစစ်ချက် | ထင်မြင်ချက် |
|---|---|
| ခွဲခြားသူများဆိုသည်မှာ လူများ (သို့) အဖွဲ့များအကြားတွင် တင်းမာမှုကို ဖြစ်စေသောအကြောင်းအရာဖန်တီးပြီး ပျက်ဆီးစေသောသူများဖြစ်သည်။ ပြန်လည်ပေါင်းစည်းသူများမှာ လူများ (သို့) အဖွဲ့များအကြားတွင် တင်းမာမှုကိုလျော့နည်းစေခြင်းဖြင့် ညှိနှိုင်းပူးပေါင်းမှုကို ဖြစ်စေသူများဖြစ်သည်။ ဘယ်လိုသဘောထား၊ လုပ်ဆောင်မှု၊ အဖွဲ့အစည်း၊ တန်ဖိုး၊ စိတ်ဝင်စားမှုနှင့် သင်္ကေတတွေက လူတွေကို ခြားနားစေတာလဲ။<br>ကျွန်ုပ်တို့ရဲ့ပံ့ပိုးမှုတွေက လူတွေကိုဘယ်လိုခွဲခြားစေတာလဲ။<br>ဘယ်အရာတွေက ဆက်သွယ်ပေးနေတာလဲ။ | ပဋိပက္ခ စိစစ်လေ့လာချက် ( သို့) ဒေသခံဝန်ထမ်း၊ ညှိနှိုင်းဆွေးနွေးမှု (သို့) အခြားစိစစ်လေ့လာချက်များသည် ခွဲခြားသူများကို နားလည်စေနိုင်သည်။ (၎င်းသည် ပဋိပက္ခ - ရာသီဉတုပြောင်းလဲမှုကို ပံ့ပိုးပေးနေသော အကြောင်းအရာများထဲမှ တစ်ခုဖြစ်နိုင်သည်) မတူညီသည့် အဖွဲ့များကြားတွင် ခွဲခြားနေသောဆောင်ရွက်မှုများနှင့် အဖွဲ့အစည်းများအားကူညီပေးခြင်းကို ရှောင်ကြဉ်သင့်သည်။ သင်၏ ဆက်သွယ်ရေးနှင့် စည်းရုံးမှုသည် လူတို့ကိုခွဲခြားမှု မရှိစေပဲ ပြန်လည်သင့်မြတ်စေမည့် တန်ဘိုး၊ သဘောထားတို့ကို မြှင့်တင်ပေးသင့်သည်။ လူတန်းစားမခွဲခြားသော လူ့အခွင့်အရေး အသုံးအနှုန်းများ၊ လူသားခြင်းစာနာထောက်ထားရေးမှုများ စသည်တို့၏ တန်ဘိုးကို မြှင့်တင်ပေးရမည်။ |

ခွဲခြားသူများနှင့် ပေါင်းစည်းသူများကို ဖြည့်ပေးမည့် မေးခွန်းများ

၁။ ဤအခြေအနေတွင် ခွဲခြားစေမည့် အကြောင်းအရာများက ဘာလဲ။ ဆက်သွယ်ပေးမည့် အကြောင်းအရာများက ဘာလဲ။
၂။ လက်ရှိငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ခြိမ်းခြောက်နေမှုများက ဘာလဲ။
၃။ ဤအခြေအနေတွင် အန္တရာယ်အများဆုံးအကြောင်းအရာများက ဘာလဲ။ ၎င်းခွဲခြားသူအတွက် ဘယ်လိုအန္တရာယ်ရှိလဲ။
၄။ ဤအခြေအနေတွင် တင်းမာမှုကို ဘာတွေကပိုတိုးစေသလဲ။
၅။ ဤအခြေအနေတွင် လူတွေကို အတူတကွ ဘယ်အရာတွေက ဖြစ်စေသလဲ။
၆။ လူတွေ ဘယ်မှာတွေ့ကြသလဲ။
၇။ ပေါင်းစည်းသူများ ဘယ်လောက် ဆောင်ရွက်နိုင်သလဲ။
၈။ ၎င်းပေါင်းစည်းသူများတွင် လိုအပ်သည့် အရည်အချင်းများ ရှိသလား။

| စိစစ်ရန်စာရင်း | မှန် | မှား |
|---|---|---|
| ဝန်ထမ်းနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ပဋိပက္ခဆိုင်ရာအသိရှိခြင်းတွင် လေ့ကျင့်ပေးထားပါသလား။ | | |
| ခွဲခြားသူ/ပေါင်းစည်းသူ စိစစ်လေ့လာမှု သင်လုပ်ဖူးပါသလား။ | | |
| စိစစ်လေ့လာမှုကိုအဖွဲ့နှင့် ဆောင်ရွက်ဖူးပါသလား။ | | |
| ခွဲခြားသူနှင့် ပေါင်းစည်းသူများကို ဦးစားပေးဖူးပါသလား။ | | |
| ရွေးချယ်မှုများသင် ပြုစုဖူးပါသလား။ | | |

| ဆောင်ရွက်သူများ။ ။ရပ်ရွာအတွင်းတွင် တင်းမာမှုများ/ ပဋိပက္ခများတွင် ပတ်သက်သူများက ဘယ်သူလဲ။ | အဓိကဆောင်ရွက်သူများကို နားလည်ခြင်း၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ အပေါ်လွှမ်းမိုးမှုများနှင့် သူတို့အချင်းချင်းဆက်သွယ်မှုများကို နားလည်ခြင်းသည် အခြေအနေကို နားလည်ရန် အရေးကြီးသည့် အဆင့်ဖြစ်သည်။ သင်၏ ဆောင်ရွက်မှုသည် ဆောင်ရွက်သူတစ်ဦး၊ ရပ်ရွာလူထု၊ အခြားသူများနှင့် သက်ရောက်မှုကို နားလည်ထားရမည်။ ဆောင်ရွက်သူများစာရင်း၊ ၎င်းတို့ကိုဖော်ထုတ်ခြင်း ၊ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း/ပံ့ပိုးခြင်းတို့သည် အသုံးဝင်သည့် နည်းကိရိယာဖြစ်သည်။ |
|---|---|



**မေးခွန်းများ ။**
၁။ ဆုံးဖြတ်ချက်ချသူများ/ခေါင်းဆောင်များက ဘယ်သူလဲ။ အမျိုးသမီး ဘယ်နှစ်ဦးပါသလဲ။
၂။ ဘယ်သူတွေက ထိခိုက်လွယ်သူ/ဘေးဖယ်ခံသူတွေလဲ။ ဘာကြောင့်လဲ။
၃။ မတူညီသည့်ဆောင်ရွက်သူများကြား ဆက်သွယ်မှုကဘာလဲ။ (မတူညီသည့် ဆောင်ရွက်သူများကြားခွဲခြားမှုနှင့် ဆက်သွယ်မှုများက ဘာလဲ)
ကျား/မ ကဏ္ဍ/အခေါ်အဝေါ်များက ဘာလဲ။
၄။ ရပ်ရွာအတွင်းတွင် မတူညီသည့် စွမ်းအားပါဝါနှင့် အခက်အခဲများကဘာလဲ။
၅။ ရပ်ရွာအတွင်းတွင် တင်းမာမှုများကိုဖော်ထုတ်ရန် မည်သည့်ဆောင်ရွက်သူများက သင့်တော်သလဲ။
၆။ အရာဝတ္ထုများကိုဆက်သွယ်ရန် ပံ့ပိုးပေးသည့် ဆောင်ရွက်သူများကဘာလဲ။

| စိစစ်ရန်စာရင်း | မှန် | မှား |
|---|---|---|
| သင်သည် အဓိကဆောင်ရွက်သူများကို သိရှိပြီလား။ | | |
| ဆောင်ရွက်သူများအကြား ဆက်သွယ်မှုကို သိရှိပါသလား။ | | |
| ရပ်ရွာလူထုအတွင်းတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအခြေအနေများအပေါ်တွင် သက်ရောက်မှုရှိသော ဆောင်ရွက်သူများကို သင်သိရှိပါသလား။ | | |
| အဓိကဆောင်ရွက်သူများနှင့် ဆက်သွယ်ချက်ကို သင်သိရှိပါသလား။ | | |

တုံ့ပြန်ဖြေဆိုမှုများသည် မသိပါဟု ဖြေဆိုမှုရှိလျှင် သင်တန်းများ၊ ဆွေးနွေးမှုများနှင့် စိစစ်လေ့လာချက်များ ထပ်မံလိုအပ်သည်။ သင်တန်းဆရာ/မ ကို ဆက်သွယ်ပြီး စီမံခန့်ခွဲမှုဌာနမှ သိရှိပါစေ။ (တစ်ခါတစ်ရံတွင် စိစစ်လေ့လာမှုများကို မတူညီသည့်အဆင့်/အဖွဲ့အစည်းတို့ အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်သည်။ ၎င်းတွင် အခြားအဖွဲ့အစည်းများ၏ ဌာနများနှင့် ရှင်းလင်းစွာဆက်သွယ်ထားခြင်းနှင့် အခြားထည့်သွင်းဖြည့်စွက်မှုများလည်း ပံ့ပိုးပေးသင့်သည်။

| ပဋိပက္ခဆိုင်ရာအသိရှိခြင်းမေးခွန်း/ စိစစ်လေ့လာချက် | သုံးသပ်ချက် |
| --- | --- |
| လူများ။ ဘယ်အာဏာပိုင်တွေနဲ့ သင်အလုပ်လုပ်ပါသလဲ။<br>ဘယ်လိုမိတ်ဖက်အဖွဲ့အစည်း။<br>ဘယ်အကျိုးခံစားခွင့်ရှိသူများ။ ဘယ်ဝန်ထမ်း။<br>သူတို့ကို ဘယ်လိုရွေးသလဲ။ | ဖြေဆိုမှုများသည် သင်အလုပ်လုပ်နေသူများနှင့် အလုပ်မလုပ်သူများအကြား (သို့) အကျိုးခံစားရသူများနှင့် မခံစားရသူများအကြောင်း တင်းမာမှု မဖြစ်စေသင့်ပါ။ ပဋိပက္ခ၏ ဆန့်ကျင်ဘက်အဖွဲ့သည် ဤမေးခွန်း၏ အခြားတစ်ဘက်မှ ဖြေဆိုရလျှင် သတိပြုပါ။ သင်အလုပ်လုပ်နေသော အာဏာပိုင်တို့သည် အစိုးရအဖွဲ့အစည်း မဟုတ်လျှင်တောင် အကျိုးခံစားခွင့်ရှိသူတို့မှ လုပ်ငန်းဆောင်ရွက်စဉ်အတွင်း တရားမျှတစွာဆောင်ရွက်နေကြောင်း ထင်မြင်စေသင့်သည်။ ယင်းအဖွဲ့များနှင့် ပဋိပက္ခဖြစ်နေသည့် အာဏာပိုင်များကို အားပေးရာတွင် သတိပြုပါ ။ ပဋိပက္ခဖြစ်သည့်နေရာများမှ ဝန်ထမ်းများရှိသင့်သည်။ သို့ရာတွင် အခြားဆန့်ကျင်ဘက်တစ်ဖွဲ့မှ ဝန်ဆောင်မှုအပိုင်းကို ထိန်းချုပ်ရသည့်နေရာတွင် ထားရှိသည့် ဝန်ထမ်းများကို သတိပြုပါ။ |

**မေးခွန်းများ ။**

၁။ ကျွန်ုပ်တို့၏ အကျိုးခံစားခွင့်ရှိသူတွေကဘယ်သူတွေလဲ။ ဘာကြောင့်လဲ။ ဘာကြောင့် အခြားသူများမရွေးတာလဲ။
၂။ ကျွန်ုပ်တို့ ဝန်ထမ်းများက ဘယ်သူလဲ။ ဘာကြောင့်လဲ။ ဘာကြောင့် အခြားသူများ မရွေးတာလဲ။
၃။ ဘယ်အာဏာပိုင်တွေနဲ့ ကျွန်ုပ်တို့ အလုပ်လုပ်နေလဲ။ ဘာကြောင့်လဲ။ ဘာကြောင့် အခြားသူများ မဟုတ်သလဲ။
၄။ ကျွန်ုပ်တို့ မိတ်ဖက်အဖွဲ့အစည်းတွေက ဘယ်သူတွေလဲ။ ဘာကြောင့်လဲ။ ဘာကြောင့် အခြားသူများမဟုတ်သလဲ။
၅။ သူတို့ကို ကျွန်ုပ်တို့ ဘယ်လိုရွေးချယ်သလဲ။ ဘာကြောင့်လဲ။ ဘာကြောင့် အခြားသူမဟုတ်သလဲ။

| စိစစ်ရန်စာရင်း | မှန် | မှား |
| --- | --- | --- |
| **အကျိုးခံစားခွင့်ရှိသူများ** | | |
| သူတို့သည် တူညီသည့် အရာများရှိပါသလား။ (လူမျိုးစု၊ ဘာသာ၊ အလုပ်အကိုင် စသည်) | | |
| ဝန်ထမ်းများနှင့် တူညီသည့်အရာများ ရှိပါသလား။ | | |
| အကျိုးရရှိသူများကို ဒေသအစိုးရအာဏာပိုင်များမှ ရွေးချယ်ထားပါသလား။ | | |
| သူတို့ကို စီမံချက်အောင်မြင်အောင် ရွေးချယ်ထားပါသလား။ | | |
| **မိတ်ဖက်အဖွဲ့အစည်းများ** | | |
| မိတ်ဖက်အဖွဲ့များသည် ဝန်ထမ်းများနှင့် တူညီပါသလား။ | | |
| မိတ်ဖက်အဖွဲ့များသည် နိုင်ငံရေး (သို့) စစ်တပ်များ၏ စိတ်ပါဝင်စားမှုနှင့် ချိတ်ဆက်မှုရှိပါသလား။ | | |
| မိတ်ဖက်အဖွဲ့များသည် အုပ်စုတစ်စုတည်းနေထိုင်သောနေရာမှ ဖြစ်ပါသလား။ (သူတို့ကို အခြားဒေသတွင် အလုပ်လုပ်ခိုင်းနိုင်သည်။ ထို့ကြောင့် ပြဿနာရှိနိုင်ပါသလား။) | | |
| **ဝန်ထမ်း** | | |
| ဝန်ထမ်းအားလုံး (သို့) အများစု တူညီကြပါသလား။ | | |
| **အာဏာပိုင်** | | |
| တရားမျှတမှုရှိစေရန် သူတို့ ကျွန်ုပ်တို့နှင့် လက်တွဲဆောင်ရွက်သလား။ | | |
| သူတို့သည် ပြည်သူတို့အား ဝန်ဆောင်မှုပေးနေသည်ဟု ထင်မှတ်ရန် ကျွန်ုပ်တို့နှင့် လက်တွဲဆောင်ရွက်နေတာလား။ | | |

(ဟုတ်သည်) ဟုဖြေဆိုမှုများအတွက် ဖြစ်နိုင်သည့် ဘေးဖြစ်နိုင်ချေနှင့် ရွေးချယ်မှုများကို ဖော်ထုတ်ရန်အတွက် ခွဲခြားသူနှင့် ပေါင်းစည်းသူ၊ စိစစ်လေ့လာသူနှင့် ဆောင်ရွက်သူ ဖော်ထုတ်ခြင်းကို ပြန်သွားရောက်ပါ။
ပံ့ပိုးမှုများ ထပ်မံလိုအပ်ပါက သင်တန်းဆရာ/မ ကို ခေါ်ယူပါ။

| ပဋိပက္ခဆိုင်ရာအသိရှိခြင်းမေးခွန်း/ စိစစ်လေ့လာခြင်း | သုံးသပ်ချက်များ |
|---|---|
| **အရင်းအမြစ်များ။** ကျွန်ုပ်တို့သည် ရပ်ရွာလူထုအတွက် ဘာတွေယူဆောင်လာပေးမှာလဲ။ ဒေသအတွင်းတွင် အကျိုးရလဒ်များကို ဘယ်လိုရှာဖွေပေးမှာလဲ။ ယင်းကြောင့် လူများနှင့် သူတို့၏ပေါင်းသင်းဆက်ဆံရေးကို ဘယ်လိုထိခိုက်နိုင်မလဲ။ | သဘောထားမတူညီသည့် အဖွဲ့နှစ်ဖွဲ့ကြားတွင် တင်းမာမှုကို ဖြစ်စေနိုင်မည့် အရင်းအမြစ်များ မပံ့ပိုးရပါ။ ဝယ်ယူရေး (သို့) ပစ္စည်းများ ဖြန့်ဖြူးရေးတို့မှ အောင်နိုင်သူနှင့် ရှုံးနိမ့်သူအဖြစ် ဖန်တီးနေခြင်း (သို့) ဆန့်ကျင်ဘက်အဖွဲ့အစည်း၏ ဝင်ငွေ (သို့) အာဏာပါဝင်ကို ပြောင်းလဲပေးနေလျှင် သတိပြုပါ။ ပဋိပက္ခဘေးဖြစ်နိုင်ချေသည် အရင်းအမြစ်များ အတိုက်အခံအဖွဲ့အစည်းများသို့ အချိုးမညီမျှဘဲ ပံ့ပိုးပေးမိသည့်အခါမျိုးတွင် ဖြစ်လာနိုင်သည်။ သင်၏ အရင်းအမြစ်များ ဖြန့်ဝေပေးမှုကို သတ်မှတ်ထားသည့် ရည်ရွယ်ချက်အတိုင်းဖြစ်စေရန် စောင့်ကြည့်သင့်ပြီး မည်သည့်နည်းလမ်းကြောင့်ဖြစ်စေ ပဋိပက္ခကို မဖြစ်စေရပါ။ |

| စိစစ်ရန်စာရင်း | ဟုတ်သည် | မဟုတ်ပါ |
|---|---|---|
| အဖွဲ့တစ်ဖွဲ့သည် သင်ပံ့ပိုးသော အရင်းအမြစ်များကြောင့် ပိုမိုကောင်းမွန်သွားပါသလား။ ( သင်တန်း ၊ ကျွမ်းကျင်မှုများသည်လည်း အရင်းအမြစ်များဖြစ်သည်ကို သတိပြုပါ။) | | |
| အရင်းအမြစ်များကို ခိုးယူနိုင်ပါသလား။ | | |
| ပံ့ပိုးထားသောအရင်းအမြစ်များ ပိုလျှံခြင်း/ပြတ်လပ်ခြင်းရှိနိုင်ပါသလား။ (ပိုလျှံခြင်း/ပြတ်လပ်ခြင်း နှစ်ခုစလုံးသည် အပြိုင်အဆိုင်ဖြစ်စေပြီး ခိုးယူမှုကိုဖြစ်စေနိုင်သည်။) | | |
| တစ်ဦးချင်းလက်ခံသူ၊ မိသားစုလက်ခံသူတို့ကို စုပေါင်းရရှိသူများထက် အရင်းအမြစ်မှ ညီပေးပါသလား။ (စုပေါင်းအရင်းအမြစ်များသည် တစ်ဦးတစ်ယောက် (သို့) မိသားစုထက်စာလျှင် ပေါင်းစည်းပေးသူများအတွက် ပိုရည်ရွယ်သည်။ တစ်ဦးချင်း (သို့) မိသားစုသို့ပေးသော အရင်းအမြစ်များသည် သတ်မှတ်ချက်များတွင် အချို့မှာ မပါဝင်ခဲ့လျှင် တစ်ဦးနှင့်တစ်ဦး မလိုမုန်းတီးမှုကိုဖြစ်ပြီး လူအများကြားတွင် တင်းမာမှုကို ဖြစ်စေနိုင်သည်။ | | |
| ဖြန့်ဝေပေးမှုသည် နှောင့်နှေးမှု ရှိပါသလား။ (နှောင့်နှေးမှုသည် လူတို့၏ စွမ်းရည်ကို ထိခိုက်နိုင်ပြီး တင်းမာမှုကို တိုးမြှင့်နိုင်သည်။) | | |
| (ဟုတ်သည်) ဟုဖြေဆိုမှုများအတွက် ဖြစ်နိုင်သည့် ဘေးဖြစ်နိုင်ချေနှင့် ရွေးချယ်မှုများကို ဖော်ထုတ်ရန်အတွက် ခွဲခြားသူနှင့် ပေါင်းစည်းသူ၊ စိစစ်လေ့လာသူနှင့် ဆောင်ရွက်သူဖော်ထုတ်ခြင်းကို ပြန်သွားရောက်ပါ။ ပံ့ပိုးမှုမျာ းထပ်မံလိုအပ်ပါက သင်တန်းဆရာ/မ ကိုခေါ်ယူပါ။ | | |
| | | |

| ပဋိပက္ခဆိုင်ရာအသိရှိခြင်းမေးခွန်း/ စိစစ်လေ့လာခြင်း | သုံးသပ်ချက်များ |
| --- | --- |
| **ကျင့်ဝတ်ဆိုင်ရာ ဆက်သွယ်မှု။** ကျွန်ုပ်တို့၏ ဆက်သွယ်ရေးနှင့် လုပ်ဆောင်မှုများမှ ဘယ်လိုသတင်းစကားတွေ ပေးပါသလဲ။ | ဝန်ထမ်းတို့၏ အပြုအမူများနှင့် ဆက်သွယ်မှုများသည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာမူများနှင့် ကိုက်ညီမှုရှိရမည်။ သင်၏ အပြုအမူများနှင့် ဆက်သွယ်ရေးတို့သည် ပဋိပက္ခဖြစ်စဉ်၏ အတိုက်အခံဖက် (အစိုးရဖြစ်လျှင်ပင်) ဘက်လိုက်သည့် အခြေအနေတို့ မဖြစ်စေရပါ။ ပဋိပက္ခဘေးဖြစ်နိုင်ချေကို ဆက်သွယ်ရေးကို တုံ့ပြန်ဆောင်ရွက်ခြင်းထက် ကြိုတင် ပြင်ဆင်နိုင်ပြီး ပွင့်လင်းမြင်သာမှုရှိစေရန်အတွက်ဆောလျင်စွာ ဖော်ထုတ်ထားရမည်။ ဆက်သွယ်ရေးကို တိုးမြှင့်ထားခြင်းဖြင့် မျှော်မှန်းချက်များ၊ အယူအဆလွဲများအပေါ် တုံ့ပြန်ဆောင် ရွက်မှုများကို စီမံခန့်ခွဲနိုင်မည်ဖြစ်ပြီး ကြားနေခြင်းမူဝါဒနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကို စည်းရုံးနိုင်မည်ဖြစ်သည်။ |

**မေးခွန်းများ ။**

၁။ သင်အလုပ်လုပ်နေသော ရပ်ရွာလူထုအား သူတို့လိုအပ်သည့် စံသတ်မှတ်ချက် အချက်အလက်များကို အသိပေးထားပါသလား။ (ဥပမာ - ဘာကြောင့် သင် အဲဒီနေရာမှာရှိသလဲ၊ အကျိုးခံစားခွင့်ရှိသူများကို ဘယ်လိုရွေးချယ်နေသလဲ၊ သင်ဘယ်သူနဲ့ အလုပ်လုပ်နေသလဲ၊ ဘယ်လောက်ကြာကြာနေမှာလဲ။)

၂။ သင်၏ အပြုအမူအားဖြင့်ပေးသော ကျင့်ဝတ်ဆိုင်ရာ သတင်းစကားကဘာလဲ။

၃။ ၄င်းကျင့်ဝတ်ဆိုင်ရာ သတင်းစကားသည် ဒေသခံခွဲခြားသူများနှင့် ပေါင်းစည်းသူများအကြား ဘယ်လို သက်ရောက်မှုရှိနိုင်မလဲ။

| စိစစ်ရန်စာရင်း | ဟုတ်သည် | မဟုတ်ပါ |
| --- | --- | --- |
| ရပ်ရွာမှ အကျိုးခံစားခွင့်ရှိသူ ရွေးချယ်သည့် စံသတ်မှတ်ချက်များအပေါ်တွင် မရှင်းလင်းမှု ရှိပါသလား။ | | |
| လုပ်ငန်းအဆုံးသတ်ဗျူဟာသည် အကျိုးခံစားခွင့်ရှိသူများ/ ဝန်ထမ်းများမှ မရှင်းလင်းမှု ရှိပါသလား။ | | |
| ပံ့ပိုးပေးသည် အဖွဲ့အစည်းသည် အချက်အလက်များကို အခြားအဖွဲ့အစည်းများနှင့် ဝေမျှခြင်း (သို့) ပူပေါင်းဆောင်ရွက်ရန် ငြင်းဆန်မှု ရှိပါသလား။ | | |
| ကွင်းဆင်းဝန်ထမ်းများသည် အဖွဲ့အစည်းပိုင် အရင်းအမြစ်များကို သူတို့ကိုယ်ကျိုး (သို့) သာယာမှုအတွက် အသုံးပြုနေမှုရှိပါသလား။ | | |
| ပံ့ပိုးပေးသည့်ဝန်ထမ်းများ ကြောက်ရွံ့နေပါသလား။ ဒေသခံလူများအပေါ် တင်းမာခြင်း၊ သံသယဝင်နေခြင်း ရှိပါသလား။ | | |
| ရပ်ရွာမှ အကျိုးခံစားခွင့်ရှိသူ ရွေးချယ်သည့် စံသတ်မှတ်ချက်များအပေါ်တွင် မရှင်းလင်းမှု ရှိပါသလား။ | | |

(ရှိပါသည်)ဆိုသည့် အဖြေများအတွက် ဖြစ်နိုင်သည့် ဘေးဖြစ်နိုင်ချေနှင့် ရွေးချယ်မှုများကို ဖော်ထုတ်ရန်အတွက် ခွဲခြားသူနှင့် ပေါင်းစည်းသူ၊ စိစစ်လေ့လာသူနှင့် ဆောင်ရွက်သူဖော်ထုတ်ခြင်းကို ပြန်သွားရောက်ပါ။ ပံ့ပိုးမှုများ ထပ်မံလိုအပ်ပါက သင်တန်းဆရာ/မ ကိုခေါ်ယူပါ။

# ပုံစံ ၁၇။ ကျား/မရေးရာ ဆန်းစစ်လေ့လာခြင်း

ဘေးဒဏ်ခံနိုင်စွမ်း ဆန်းစစ်လေ့လာချက် ဆောင်ရွက်စဉ်တွင် အမျိုးသမီးတို့၏ အမြင်များနှင့် အကျိုးစီးပွားကို လုပ်ငန်းစဉ်တွင် ထည့်သွင်းဆောင်ရွက်နိုင်ရန် အတွက် ကျား/မရေးရာမေးခွန်းများ ရှိခဲ့သည်။ ဤနည်းကိရိယာသည် အက်ရှင်အေ့ဒ် PVA နည်းကိရိယာပေါ်တွင် အခြေခံပြုစုထားသည်။

ကျား/မရေးရာကဏ္ဍသည် အခြေအနေစီစစ်လေ့လာမှု (စီးပွားရေး၊ ဂေဟစနစ်၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးကဏ္ဍများ) အပေါ်တွင် ထည့်သွင်းစဉ်းစား ဖူးပါသလား။

၁• ဆန်းစစ်လေ့လာမှုတွင် အသက်အရွယ်မရွေး၊ အိမ်ထောင်ရှိ/မရှိ၊ ကျား/မ နှစ်ဦးစလုံး ပါဝင်ခဲ့ပါသလား။
၂• အမျိုးသမီးတို့သည် ဘာအရာမှ ထိခိုက်လွယ်မှု ရှိစေပါသလား။
၃• အချိန်ကာလတစ်ခုတွင် အမျိုးသမီးတို့ရင်ဆိုင်ခဲ့ရသော ထိခိုက်လွယ်မှု ပြောင်းလဲခြင်းတွေကဘာလဲ။
၄• အမျိုးသမီးများရင်ဆိုင်နေရသည့် ထိခိုက်လွယ်မှုကိုဖြစ်စေသည့် အကြောင်းရင်းတွေကဘာလဲ။ (ဥပမာ- လူမှုယဉ်ကျေးမှု အစွဲများ၊ အရင်းအမြစ်များ ရရှိနိုင်မှု စသည်ဖြင့်)။
၅• အမျိုးသမီးတို့အား မလုံခြုံစေမှုကို ဘယ်အရာတွေက ဖြစ်စေသလဲ။ (ဥပမာ- သတင်းအချက်အလက် စီးဆင်းမှု၊ လိုက်လျောညီထွေ နေထိုင်နိုင်မှု၊ ပစ္စည်းရရှိနိုင်မှု စသည်ဖြင့်)။
၆• အမျိုးသမီးတို့အတွက် မတူညီသည့် ထိခိုက်လွယ်မှုက ဘာလဲ။ (ဥပမာ- အရင်းအမြစ်များအပေါ် ရရှိနိုင်မှုနှင့် ထိန်းချုပ်နိုင်မှု၊ အာဏာပါဝါ၊ စီးပွားရေး/အသက်မွေးဝမ်းကျောင်း၊ ကျားမကွာ ခြားမှု)။
၇• အကယ်၍ အမျိုးသမီးတို့သည် ပစ္စည်းများကို ရရှိမှု (သို့)ထိန်းချုပ်နိုင်မှု ရှိခဲ့လျှင် ဘာဖြစ်မလဲ။
၈• ယခုအမျိုးသမီးတို့ ဘယ်အရာတွေပေါ် ထိခိုက်လွယ်မှု ရှိနေသလဲ။
၉• အနာဂတ်တွင် အမျိုးသမီးတို့၏ ထိခိုက်လွယ်တွေက ဘာတွေလဲ။
၁၀• ထိခိုက်လွယ်မှု လျော့ချစေရန် ရှိနေသည့် ဗျူဟာတွေကဘာလဲ။ ဘယ်လိုအသုံးချမလဲ။
၁၁• ပဋိပက္ခဖြစ်နေသည့်အချိန်တွင် အမျိုးသမီးတို့ ဘယ်ဗျူဟာ (ရှိခဲ့လျှင်) ကို အသုံးပြုမလဲ။
၁၂• သူတို့၏ ရေရှည် အသက်မွေးဝမ်းကြောင်း ဗျူဟာများက ဘာတွေလဲ။
၁၃• အမျိုးသမီးတို့၏ မည်သည့် ထိခိုက်လွယ်မှု ကဏ္ဍများကို စီမံကိန်း သုံးသပ်ချက်နှင့် သက်ရောက်ဆန်းစစ်လေ့လာချက် ညွှန်းကိန်းများအဖြစ် အသုံးပြုနိုင်မလဲ။



## အဆင့် ၃ နှင့် ၄ အတွက် နည်းနာပုံစံများ၊ ရပ်ရွာလူထု ဘေးဒဏ်ခံနိုင်စွမ်း လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်နမူနာ

| ဖော်ပြချက် | လုပ်ငန်းဆောင်ရွက်မှု | ဦးတည်မှု | ဘယ်လိုဆောင်ရွက်မလဲ | ဘယ်မှာဆောင်ရွက်မလဲ |
|---|---|---|---|---|
| ရပ်ရွာပြင်ဆင်မှု နှင့် လိုက်လျောညီထွေ နေထိုင်ဆောင်ရွက်မှုများ | | | | |
| အရပ်ဖက်အဖွဲ့အစည်းတို့၏ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးမှု၊ ကျေးရွာဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ | စာရင်းထိန်းသိမ်းခြင်း/ အလေ့အကျင့်ကောင်းများ သင်တန်း | VDMC | ၃ ရက်သင်တန်း | မြို့နယ်တွင် အခြားကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီများနှင့်အတူဆောင်ရွက်မည် |
| | VDMC အား ဘေးဒဏ်ခံနိုင်မှု ရှိစေရန် သင်တန်း | VDMC | VDMC အဖွဲ့ဝင်များအတွက် ၂ ရက်တာသင်တန်း | မြို့နယ်တွင် အခြားကျေးရွာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ နှင့် အတူဆောင်ရွက်မည် |
| ဘေးဒဏ်ခံနိုင်စွမ်းဗဟုသုတ အတွက် အသိပညာနှင့် ဗဟုသုတများတိုးလာခြင်း | ကလေးများဦးဆောင်သော ရပ်ရွာဘေးဒဏ်ခံနိုင်စွမ်း အသိပညာပေးနေ့ | ကျောင်းတွင်း ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ | ကျောင်းအဖွဲ့မှဦးဆောင်သော ၁ ရက် အသိပညာပေးသင်တန်း | ကျောင်းစာသင်ခန်းနှင့် ရပ်ရွာအတွင်း |
| ရေကြီးခြင်း/ မုန်တိုင်းစသည့် ရာသီဥတုလွန်ကဲမှုတို့အပေါ် အခြေခံသည့် ပိုမိုကောင်းမွန်သည့် ပြင်ဆင်မှု | ရပ်ရွာမှ အစမ်းလေ့ကျင့်ခြင်း | VDMC | ရပ်ရွာအဖွဲ့ဝင်အားလုံးနှင့် ကျောင်းသား/သူများ | ဘေးဖြစ်နိုင်ချေ/ရွှေ့ပြောင်းခြင်း/ ဘေးကင်းသည့်နေရာတို့ကို သတ်မှတ်ရန် ကျောင်းအဆောက်အအုံမှစ၍ ကျေးရွာအတွင်း လှေ့လာပါ |
| **အသက်မွေးမှု/ ဘေးဒဏ်ခံနိုင်စွမ်းစနစ်** | | | | |
| ခြောက်သွေ့ရာသီတွင် ရေရရှိနိုင်မှု တိုးမြှင့်ခြင်း | ကျေးရွာအရှေ့ဘက်တွင် သောက်ရေကန်များ ထပ်မံတူးဖော်ခြင်း | ရပ်ရွာအိမ်ထောင်စုအားလုံး | မြေတူးသမား (၃) ရက် ငှားမည်၊ မြေညှိရန်နှင့် တူးဖော်ရန်အတွက် ရပ်ရွာမှ ငွေကြေး၊ ပစ္စည်းများ ထောက်ပံ့ခြင်း | ကျေးရွာအရှေ့ဘက် |
| ရေရှည်တည်တံ့နိုင်မည့် စွမ်းအင်အရင်းအမြစ်များ သာ၍ရရှိနိုင်မှု၊ ထင်း၊ ပြန်မဖြည့်နိုင်သောအရာများပေါ်တွင် မမှီခိုခြင်း ။ | မီးပူ/ နေရောင်ခြည်သုံး လက်စွဲမီးအိမ်များ တိုးတက်လာခြင်း | အိမ်ထောင်စု ၂၅ စု မှ စိတ်ဝင်စားမှုရှိ | CDA မှ သံတွဲရှိ ICS ကုန်သည်များနှင့် ချိတ်ဆက်ခြင်းနှင့်ကုန်ပစ္စည်းများ ၊ အသုံးစရိတ်များကိုရှင်းပြရန် ကျေးရွာအစည်းအဝေးများသို့ ဖိတ်ခေါ်ခြင်း | |
| စပါးခင်း၊ သီးနှံ၊ စိုက်ခင်းသို့ ရေငန်ဝင်ရောက်သည့်အချိန်၊ အဖျက်ပိုးများ ကျရောက်ချိန်တွင် စိုက်ပျိုးရေးစနစ်ပြောင်းခြင်း၊ | လယ်သမားများ၊ အိမ်ထောင်စုများအားတွက် ဘေးဒဏ်ခံနိုင်သည့် စိုက်ပျိုးရေးအလေ့အကျင့်များနှင့် စနစ်များ သင်တန်းပေးခြင်း | စိတ်ဝင်စားသည့် လယ်သမားများအားလုံး | CDA မှ စိုက်ပျိုးရေးဌာနနှင့် တွေ့ဆုံပြီးသင်တန်းအတွက် နည်းပညာအကူရယူရန် | အခြားရပ်ရွာ/လယ်သမားများနှင့် အတူ မြို့နယ်တွင် ပူးပေါင်းဆောင်ရွက်ရန် |

| ဘယ်သူ | ငွေကြေး | ဘေးဖြစ်နိုင်ချေနှင့်မှန်းဆချက် | အချိန် |
|---|---|---|---|
| | | | |
| Plan/CDA စီမံချက်အဖွဲ့မှ ဦးဆောင်မည် | BRACED လုပ်ငန်းအကောင်အထည်ဖော်မှု ငွေကြေး လျာထားချက် ၃၀၀၀၀၀ ကျပ် | | ဩဂုတ် ၁၅ |
| Plan/CDA စီမံချက်အဖွဲ့မှ ဦးဆောင်မည် | BRACED လုပ်ငန်းအကောင်အထည်ဖော်မှု ငွေကြေး လျာထားချက် ၂၀၀၀၀၀ ကျပ် | | ဩဂုတ် ၁၅ |
| Plan/CDA စီမံချက်အဖွဲ့မှ ဦးဆောင်မည် | BRACED လုပ်ငန်းအကောင်အထည်ဖော်မှု ငွေကြေး လျာထားချက် ၃၀၀၀၀၀ ကျပ် | | အောက်တိုဘာ ၁၅ |
| Plan/CDA စီမံချက်အဖွဲ့မှ ပံ့ပိုးပြီး VDMC မှ ဦးဆောင်မည် | BRACED လုပ်ငန်းအကောင်အထည်ဖော်မှု ငွေကြေး လျာထားချက် ၂၅၀၀၀၀ ကျပ် | | ဩဂုတ် ၁၅ |
| | | | |
| ရပ်ရွာမှ လုပ်အားပါဝင် ပြီး Plan/CDA မှ ပံ့ပိုးကူညီမည် | မြေတူးသမား ၈၀၀၀၀၀ကျပ်၊ ၃ ရက် ။ BRACED ရန်ပုံငွေ။ လုပ်အား - ရပ်ရွာမှ ကူညီ။ စာရင်းချုပ်ခြင်း - ရပ်ရွာမှ ရန်ပုံငွေ ၃၀၀၀၀၀/၅၀ အိမ်ထောင်စု = အိမ်ထောင်စု တစ်စုလျှင် ၄၂၀၀၀ ကျပ်။ VDMC မှ ကောက်ယူသည်။ | မိုးရာသီတွင် ဆောက်လုပ်ခြင်းသည် နှောင့်နှေးနိုင်သည်။ | ၂၀၁၅ စက်တင်ဘာလတွင် စတင်ရန် |
| CDA/VDMC မှ ကူညီပြီး စိတ်ပါဝင်စားသည့် အိမ်ထောင်စုများမှ ကျေးရွာအစည်းအဝေး တက်ရောက်ရန် | ကုန်သည်များမှ ရပ်ရွာအစည်းအဝေး ကုန်ကျစရိတ် ကျခံရန်။ အိမ်ထောင်စုများမှ ကုန်ကျစရိတ်အချို့ကျခံရန်။ | | ၂၀၁၅ စက်တင်ဘာလတွင် ရပ်ရွာအစည်းအဝေး |
| CDA/Plan , VDMCs နှင့် လယ်သမားအဖွဲ့အစည်းများ | BRACED မှ သင်တန်းကုန်ကျစရိတ်ကျခံပြီး အခြားစိုက်ပျိုးရေးနှင့် နည်းပညာပံ့ပိုးမှုဆိုင်ရာစရိတ်များကို ပေးချေရန်။ စီမံချက်အဖွဲ့မှ ရပ်ရွာလူထုနှင့် ပညာရှင်တို့ကြားတွင် ညှိနှိုင်းပေးနိုင်သည်။ | မြို့နယ်အဆင့်တွင် ပညာရှင်ရှားပါးနိုင် ။ ပြင်ပမှ ပညာရှင် သင့်တော်သလို ခေါ်ယူနိုင်သည်။ | ကနဦးသင်တန်း ဇန်နဝါရီ ၂၀၁၅ မှ ၆လ ကြာ ပြုလုပ်ရန် |

| ဖော်ပြချက် | လုပ်ငန်းဆောင်ရွက်မှု | ဦးတည်မှု | ဘယ်လိုဆောင်ရွက်မလဲ | ဘယ်မှာဆောင်ရွက်မလဲ |
|---|---|---|---|---|
| ရပ်ရွာဘေးကင်းသင့် ကွန်ယက်များ | | | | |
| ရပ်ရွာစုဆောင်းမှုနှင့် ချေးငွေအဖွဲ့များ | VSLA | CDA မှ ရပ်ရွာဆွေးနွေးပွဲ/ သင်တန်းများပံ့ပိုးပြီး VSLA အဖွဲ့များဖွဲ့စည်းရန် | ကနဦး ညှိနှိုင်းဆွေးနွေးမှုနှင့် သင်တန်းများမိတ်ဆက်ခြင်း။ BRACED မှ 700,000 ကျပ်ကို ချေးငွေအဖွဲ့များသို့ လှည့်ပတ်ရန်ပုံငွေအဖြစ် ပံ့ပိုးရန်။ ချေးငွေအဖွဲ့များ (VSLA) များမှ ငွေကြေးကောက်ခြင်းစုဆောင်းခြင်းတို့ကိုဆောင်ရွက်ရန်။ | စိတ်ပါဝင်စားသည့် ကျေးရွာလူထု။ |
| သတင်းအချက်အလက်နှင့် အသိပညာပေးခြင်း | | | | |
| ရာသီဥတု/ဘေးဒဏ်ခံနိုင်စွမ်းသတင်းအချက်အလက်များရရှိမှု တိုးတက်လာခြင်း | ရပ်ရွာအသိပညာပေး ပစ္စည်းများ ဖြန့်ဝေခြင်း | ရပ်ရွာအဖွဲ့ဝင်အားလုံး | BRACED စီမံကိန်းမှ ပစ္စည်းများပံ့ပိုးခြင်း၊ VDMC မှ ရပ်ရွာအဖွဲ့ဝင်များထံ ဖြန့်ဝေပြီး မိတ်ဆက်ပေးရန် | အိမ်ထောင်စုအားလုံးမှ ပစ္စည်းများရရှိရန် |
| | VDMC မှ ရာသီဥတု/မိုးလေဝသ သတင်းအချက်အလက်များကိုရေဒီယို၊တီဗွီ ၊ မိုးလေဝသဌာနတို့မှ ပုံမှန်ရရှိနေစေရန် | ရွပ်ရွာအဖွဲ့ဝင်အားလုံး | VDMC မှ ရာသီဥတု/မိုးလေဝသ သတင်းအချက်အလက်များရရှိရန် / အစည်းအဝေးများတွင် ဆွေးနွေးပြီးရပ်ရွာအတွင်းဖြန့်ဝေရန် | အိမ်ထောင်စုအားလုံး |
| ကလေးများ/ ကျောင်းများမှ ဦးဆောင်သော ဘေးဒဏ်ခံနိုင်စွမ်းအယူအဆနှင့် ရာသီဥတုမိုးလေဝသ အချက်အလက်များကိုရရှိနိုင်မှုနှင့် အသုံးပြုနိုင်မှု | ဆရာများအတွက် ၁ ရက်တာ ဆရာဖြစ်သင်တန်း<br><br>ကျောင်းကလေးများအတွက် ၁ နာရီဆွေးနွေးအသိပေးခြင်း<br><br>ဘေးဒဏ်ခံနိုင်စွမ်းသတင်းစကားများကိုကျောင်းသား/များမှ အိမ်ထောင်စုများသို့ ရောက်ရှိစေခြင်း | ကျောင်းဆရာ/မများနှင့် ကလေးများအားလုံး | BRACED စီမံကိန်းမှပစ္စည်းများပံ့ပိုးပေးခြင်း ၊ကျောင်း/ကလေးများမှ  ဘေးဒဏ်ခံနိုင်စွမ်းသတင်းစကားများကို အိမ်ထောင်စုများသို့ ရောက်ရှိစေခြင်း | ကလေးများမှ ပစ္စည်းများရရှိရန် |
| | PSA အားရေဒီယို၊ တီဗွီများတွင် ဖော်ပြရန် | ရပ်ရွာအဖွဲ့ဝင်အားလုံး | BRACEDစီမံကိန်းမှမြန်မာ့အသံနှင့် ရေဒီယိုအတွက် PSA ထုတ်လုပ်ရန် - CDA မှPSA နှင့် VDMC အတွက်အချိန်နှင့်နေရာဖော်ပြရန် ။  CDA မှ PSA နှင့် VDMC ၏ နေရာနှင့် အချိန်ကိုဖော်ပြရန်။ ရေဒီယို၊ တီဗွီမရရှိနိုင်သည့်အုပ်စုအားရရှိနိုင်သည့် နေရာ/နေအိမ်တွင် စုစည်းရန်အတွက် တိုက်တွန်းရန် | |
| ဘေးဒဏ်ခံနိုင်စွမ်းစီစဉ်ခြင်းနှင့် သုံးသပ်ခြင်း | | | | |
| အမျိုးသမီးများအား အသက်မွေးမှု၊ စီမံကိန်းနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် သင်တန်းပေးခြင်း | အမျိုးသမီးများအတွက် သင်တန်းများ | ရပ်ရွာမှ စိတ်ဝင်စားသူ အမျိုးသမီးများအားလုံး | CDA/Plan အမျိုးသမီးငွေစုအဖွဲ့များနှင့် အခြားအရပ်ဘက်အဖွဲ့အစည်းများသည် လက်ရှိ သင်တန်းများနှင့် ညှိနှိုင်းဆောင်ရွက်မှုများအတွက် ဆွေးနွေးပါဝင်ရန် | ရပ်ရွာအတွင်း၊ ကျောင်းအဆောက်အအုံနှင့် ရပ်ရွာအဆောက်အအုံများ (သို့) အမျိုးသမီးများပါဝင်နိုင်သည့် အဆင်ပြေသည့်နေရာများ |
| ရပ်ရွာလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ကိုသုံးသပ်ရန် | ရပ်ရွာဘေးဒဏ်ခံနိုင်စွမ်းလုပ်ငန်းဆောင်ရွက်မှု အစီအစဉ်နှင့် တုံ့ပြန်ဆောင်ရွက်မှု နည်းလမ်းများကိုသုံးသပ်ရန် | VDMC | VDMC နှစ်စဉ် လုပ်ငန်းဆောင်ရွက်မှု သုံးသပ်ခြင်းနှင့် သင့်တော်သလိုသုံးသပ်ခြင်း | |

| | ဘယ်သူ | ငွေကြေး | ဘေးဖြစ်နိုင်ချေနှင့်မှန်းဆချက် | အချိန် |
|---|---|---|---|---|
| | | | | |
| | စိတ်ပါဝင်စားသူအားလုံး ပါဝင်ရန် | BRACEDစီမံချက်မှ ၇၀၀၀၀၀ ကျပ် မတည်ရန်ပုံငွေပေးရန်။ အခြားလိုအပ်သည့်ငွေကြေးများ ကိုကျေးရွာမှ ပံ့ပိုးရန်။ CDA မှ ငွေးကြေး ညှိနှိုင်းဆောင်ရွက်မှု များကိုစီစဉ်နိုင်သော်လည်း စီမံ ခန့်ခွဲမှု အသုံးစရိတ်များကို VSLA ကော်မတီမှသာ ဖြေရှင်းရမည်။ | စိတ်ပါဝင်စားမှု နည်းပါခြင်း။ လှည့်ပတ်ရန်ပုံငွေကို ထည့်သွင်းမှု အားနည်းနိုင်ခြင်း။ | ၂၀၁၅ ဩဂုတ်လတွင် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ရန်။ |
| | | | | |
| | BRACED စီမံကိန်းမှ ပစ္စည်းများ ထုတ်ပေးရန်၊ VDMC မှ ဖြန့်ဝေပြီး ရပ်ရွာလူထုနှင့် မိတ်ဆက်ပေးရန် | BRACED စီမံကိန်းမှ ပစ္စည်းများ ထုတ်ပေးရန်၊ VDMC မှ ဖြန့်ဝေပြီး ရပ်ရွာလူထုနှင့် မိတ်ဆက်ပေးရန် | | IEC ပစ္စည်းများကို BRACED စီမံကိန်းမှ ဩဂုတ် ၂၀၁၅ တွင် ထုတ်ဝေရန် |
| | VDMC မှ ရာသီဥတု/မိုးလေဝသ သတင်းအချက်အလက်များ ရရှိရန် / အစည်းအဝေးများတွင် ဆွေးနွေးပြီးရပ်ရွာအတွင်း ဖြန့်ဝေရန် | VDMC မှရာသီဥတု/မိုးလေဝသ သတင်းအချက်အလက်များ ရရှိရန် / အစည်းအဝေးများတွင် ဆွေးနွေးပြီးရပ်ရွာအတွင်း ဖြန့်ဝေရန် | | ပုံမှန် (လွန်ကဲသည့် ရာသီများတွင်) |
| | BRACED စီမံကိန်းမှ ပစ္စည်းများ ထုတ်ပေးရန်၊ ကျောင်းနေကလေးများမှ အိမ်ထောင်စုများသို့ သတင်း စကားများ ဖြန့်ဝေရန် | BRACED လုပ်ငန်းဆောင်ရွက်မှု ငွေကြေး၊ ၃၀၀၀၀ ကျပ် (ဆရာဖြစ်သင်တန်း IEC များ ဖြန့်ဝေခြင်း) | | နှစ်စဉ် |
| | | PSA ထုတ်လုပ်မှု ကုန်ကျ စရိတ်များ၊ BRACED မှ ကျခံရန် | | ၂၀၁၆ ဖေဖော်ဝါရီမှစပြီး တစ်နှစ် ၃ ကြိမ် |
| | | | | |
| | CDA/Plan အမျိုးသမီးငွေစုအဖွဲ့ များနှင့် အခြားအရပ်ဘက် အဖွဲ့အစည်းများသည် လက်ရှိ သင်တန်းများနှင့် ညှိနှိုင်း ဆောင်ရွက်မှုများအတွက် ဆွေးနွေးပါဝင်ရန် ။ | BRACED လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်ရေး ငွေကြေးမှ သင်တန်းအစီအစဉ် များကိုကျခံရန်နှင့် အကြံပြု ချက်များပေး | အမျိုးသမီးများကိုဘေးဒဏ်ခံ နိုင်စွမ်းအစီအစဉ်များတွင် ပါဝင်လာစေစေရန် | ၂၀၁၅ ဩဂုတ်လတွင် ပထမသင်တန်းဖွင့်လှစ်ပြီး ၆ လတစ်ကြိမ် ပြန်လည်သုံးသပ် |
| | VDMC အဖွဲ့ဝင်များမှ ရပ်ရွာ အဖွဲ့ဝင်များနှင့် ညှိနှိုင်း အစည်းအဝေး ပြုလုပ်ရန် | ကုန်ကျစရိတ်မရှိပါ | | ၂၀၁၆ ဇန်နဝါရီ |




# ရပ်ရွာအခြေပြု ဘေးဒဏ်ခံနိုင်စွမ်း စစ်တမ်းကောက်ယူခြင်း နှင့် လုပ်ငန်းဆောင်ရွက်မှုလက်စွဲ

BRACED Building Resilience and Adaptation to Climate Extremes and Disasters

UKaid from the British people

Plan International, Myanmar
No.7 Kanbawza Street, Ward No (2)
Golden Valley, Bahan Township,
Yangon, Myanmar

ဤလက်စွဲစာအုပ်အား BRACED မိတ်ဖက် အဖွဲ့အစည်းများ၏ ကွင်းဆင်းဝန်ထမ်းများ ဘေးဒဏ်ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းဆိုင်ရာ လက်တွေ့အကောင်အထည်ဖော် လုပ်ငန်းများ လုပ်ဆောင်ရာတွင် ရပ်ရွာလူထုမှ ဦးဆောင်သောလုပ်ငန်းများအား ဦးစားပေးအကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်၍ ထုတ်ဝေရေးသားထားခြင်း ဖြစ်ပါသည်။
ဤလက်စွဲစာအုပ်တွင် BRACED ၏ ရပ်ရွာလူထု ဘေးဒဏ် ရင်ဆိုင်တုန့်ပြန်မှု စက်ဝန်း (စာမျက်နှာ - ၇) နှင့် ရပ်ရွာလူထု ဘေးဒဏ် ရင်ဆိုင်တုန့်ပြန်နိုင်စွမ်း ဆန်းစစ်မှု မေးခွန်းများ (အခန်း - ၄ ) ဖြင့်ဖွဲ့စည်း တည်ဆောက်ထားပါသည်။ ထို့အပြင် အကြံပြုထားသော လုပ်ဆောင်ချက် နည်းကိရိယာများ၊ (tools) များ အသုံးပြုခြင်းအပေါ် အသေးစိတ်လမ်းညွှန်ချက်များကို လုပ်ငန်းစဉ် အဆင့်တိုင်းတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။
ဆန်းစစ်လေ့လာမှုများ နည်းကိရိယာများနှင့် နည်းလမ်းများကို မြန်မာ့မှုပြုထားပြီးတိကျကျသောလမ်းညွှန်ချက်များဖြင့် အကောင်အထည်ဖော်ရန် ရေးဆွဲထားပါသည်။
သမိုင်းတွင် ဖြစ်ပျက်ခဲ့သော၊ လက်ရှိ ပစ္စုပ္ပန်ကာလ နှင့် အနာဂတ်တို့တွင် ရာသီဥတုနှင့်မိုးလေဝသ သတင်းအချက်အလက်များအား ရပ်ရွာလူထု သတင်းအချက်အလက်အဖြစ် ထောက်ပံ့ပေးနိုင်ရန် လမ်းညွှန်ထားပါသည်။ ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းဆန်းစစ်မှု စက်ဝန်းအပြင် ထိခိုက်မှုလျော့နည်းစေရန် ရင်ဆိုင်တုန့်ပြန်နိုင်စွမ်း တည်ဆောက်ခြင်း ဦးစားပေးလုပ်ဆောင်ချက်များအား ခြုံငုံသုံးသပ်သောစစ်ဆေးမှုများလည်း ပြုလုပ်သွားပါမည်။
လက်စွဲစာအုပ်နှင့် နောက်ဆက်တွဲ လမ်းညွှန်ချက်များအား ပြန်လည်သုံးသပ်သွားရန်နှင့် ရပ်ရွာတွင် ဆင့်ပွားအကောင်အထည်ဖော် ဆောင်ရွက်ပြီး ရပ်ရွာလူထုဘေးဒဏ်ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းစီမံချက်များအားပိုမိုလက်တွေ့ကျအောင် BRACED စီမံကိန်းအားအခြေခံ၍ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

